# အထူးပညာရေးတွင် မိဘများ၏ အခွင့်အရေးလမ်းညွှန်



## အထူးပညာရေး
## လုပ်ထုံးလုပ်နည်းဆိုင်ရာ လုံခြုံရေး
## အသိပေးချက်

ဧပြီလ 2025





Department of Education & Workforce

**အထူးပညာရေးအကြောင်း ....... 2**

*အထူးပညာရေးအတွက် သင်၏ကျောင်းနှင့် ဆက်သွယ်ရန်အချက်အလက် ....... 2*

*အထူးပညာရေးအတွက် Ohio ပြည်နယ် ပညာရေးနှင့် အလုပ်သမားအင်အားရေးရာဌာနနှင့် ဆက်သွယ်ရန်အချက်အလက် ....... 2*

**မိဘများ၏အခွင့်အရေးလမ်းညွှန်အား မိတ်ဆက်ခြင်း ....... 3**

**ယေဘုယျအချက်အလက်များ ....... 4**

*ပြည့်စုံသော သတင်းအချက်အလက်ဖြင့် သေချာသိရှိနားလည်ပြီးသော မိဘ၏သဘောတူညီချက် ....... 4*

*သင်၏ ပြည့်စုံသောသတင်းအချက်အလက်ဖြင့် သေချာသိရှိနားလည်ပြီးသော မိဘသဘောတူညီချက်ပေးရန်အတွက် ပညာရေးအေဂျင်စီသည် အောက်ပါတို့ကို ပြုလုပ်ရပါမည် ....... 5*

*သင့်ကလေးသည် အထူးပညာရေးအတွက် အရည်အချင်းပြည့်မီပါသလား။ ....... 6*

*လွတ်လပ်သော ပညာရေးဆိုင်ရာ အကဲဖြတ်ချက်များ (Independent Educational Evaluations - IEE) ....... 7*

*ကြိုတင်ရေးသားထားသော အသိပေးချက် ....... 8*

*တစ်ဦးတစ်ယောက်ချင်းစီအတွက် ရည်ရွယ်ထားသော ပညာရေးအစီအစဉ် (Individualized Education Program- IEP) ....... 9*

**ပညာရေးဆိုင်ရာ မှတ်တမ်းများ ....... 10**

*မှတ်တမ်းများကို လက်လှမ်းမီနိုင်ခြင်း ....... 10*

**အငြင်းပွားမှုဖြေရှင်းခြင်း ....... 12**

*အငြင်းပွားမှုဖြေရှင်းခြင်းလုပ်ငန်းစဉ် ....... 12*

*တိုင်ကြားချက်အား စောစီးစွာဖြေရှင်းခြင်း ....... 13*

*လွယ်ကူချောမွေ့အောင် လမ်းညွှန်ညှိနှိုင်းပေးခြင်း (Facilitation) ....... 13*

*ဖျန်ဖြေညှိနှိုင်းခြင်း (Mediation) ....... 15*

*ပြည်နယ်အဆင့်တိုင်ကြားချက် တင်သွင်းခြင်း ....... 16*

*တရားဝင်လုပ်ထုံးလုပ်နည်းအရ တိုင်ကြားချက် တင်သွင်းခြင်း ....... 20*

**တရားဝင်လုပ်ထုံးလုပ်နည်းအရ အချိန်ကာလများနှင့် လုပ်ငန်းစဉ် ....... 22**

*လုံလောက်မှု (Sufficiency) ....... 22*

*ဖြေရှင်းရေးကာလ (Resolution Period) ....... 23*

*ကြားနာခြင်း လုပ်ငန်းစဉ် (Hearing Process) ....... 24*

*အရှိန်မြှင့် တရားဝင်လုပ်ထုံးလုပ်နည်းအရ တိုင်ကြားချက်များနှင့် အချိန်ကာလ (Expedited Due Process Complaints And Timeline) ....... 25*

*ဆုံးဖြတ်ချက်ကို အယူခံဝင်ခြင်း (Appealing A Decision) ....... 26*

*တရားဝင်လုပ်ထုံးလုပ်နည်းအရ လုပ်ငန်းစဉ်အတွင်း ကလေး၏အခြေအနေ (Child’s Status During Due Process) ....... 27*

*အကျိုးဆောင်ကိုယ်စားလှယ်ရှေ့နေ၏ ဝန်ဆောင်ခ (Attorney’s Fees) ....... 28*

**စည်းကမ်း (DISCIPLINE) ....... 30**

*မသန်စွမ်းကလေးများအတွက် စည်းကမ်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ ....... 30*

*အပြုအမူဖော်ထုတ်ဆုံးဖြတ်ခြင်း (Manifestation Determination) ....... 31*

*ယာယီ အစားထိုး (ယာယီနှင့် မတူကွဲပြားသော) ပညာရေးဆိုင်ရာပတ်ဝန်းကျင် ....... 32*

**အများပြည်သူငွေကြေးထောက်ပံ့သော ပုဂ္ဂလိကကျောင်းတွင် မသန်စွမ်းကလေးများအား မိဘများမှ ပုဂ္ဂိုလ်ရေးဆန္ဒအလျောက် နေရာချထားခြင်း ....... 34**

*ငွေပြန်ထုတ်ပေးခြင်း ဆုံးဖြတ်ရေး လုပ်ငန်းစဉ် (Reimbursement Determination Process) ....... 34*

**မသန်စွမ်းကျောင်းသားများအတွက် ပညာသင်ဆုအစီအစဉ်များအကြောင်း မိဘများအား အသိပေးခြင်း ....... 35**

*မည်သည့်အချိန်တွင် အသိပေးချက်ထုတ်ပြန်သနည်း ....... 35*



Department of Education & Workforce

# အထူးပညာရေးအကြောင်း

အသက် 3 နှစ်မှ 21 နှစ်အတွင်း ကျောင်းသား၊ ကျောင်းသူများအတွက် အထူးပညာရေးကို ဖက်ဒရယ်နှင့် ပြည်နယ်လိုအပ်ချက်များမှ လမ်းညွှန်ပါသည်။ ဖက်ဒရယ်လိုအပ်ချက်များကို မသန်စွမ်းမှုရှိသူများပညာရေးအက်ဥပဒေ (Individuals with Disabilities Education Act - IDEA) ဟုခေါ်ဆိုပါသည်။ ပြည်နယ်လိုအပ်ချက်များကို Ohio ပြည်နယ် မသန်စွမ်းကလေးများ၏ ပညာရေးဆိုင်ရာ လုပ်ငန်းလည်ပတ်မှုစံနှုန်းများ (Ohio Operating Standards) ဟုခေါ်ဆိုပါသည်။

ဤလမ်းညွှန်စာစောင်သည် IDEA နှင့် Ohio လုပ်ငန်းလည်ပတ်မှုစံနှုန်းများအရ သင်၏အခွင့်အရေးများနှင့် သင့်ကလေး၏အခွင့်အရေးများကို နားလည်ရန် ကူညီပေးနိုင်ပါသည်။ ၎င်းသည် သင့်ကလေး၏ အထူးပညာရေးထောက်ပံ့မှုများနှင့် ဝန်ဆောင်မှုများကို နားလည်ရန်အတွက် ကူညီပေးရန် သင့်အား အချက်အလက်များနှင့် အရင်းအမြစ်များကိုလည်း ပေးအပ်ပါသည်။

သင့်ဒေသတွင်း ပညာရေးအေဂျင်စီ (ဥပမာ၊ သင့်ကျောင်းခရိုင်) သည်လည်း ဤဥပဒေအောက်ရှိ သင့်အခွင့်အရေးများကို နားလည်ရန် ကူညီပေးနိုင်ပါသည်။ ဤလမ်းညွှန်စာစောင်ပါ အချက်အလက်များနှင့်ပတ်သက်၍ သင့်တွင် မေးခွန်းများရှိပါက ကျေးဇူးပြု၍ သင်ပညာရေးအေဂျင်စီ၏ အထူးပညာရေးဒါရိုက်တာအား ဆက်သွယ်ပါ။

| |
|---|
| *ကျေးဇူးပြု၍ အောက်ပါအချက်အလက်ကို ဤအပြန်အလှန်ဆက်သွယ်နိုင်သည့်အပိုင်းသို့ ထည့်သွင်းပါ -* |
| ပညာရေးအေဂျင်စီ - |
| အထူးပညာရေးဒါရိုက်တာ - |
| ဖုန်းနံပါတ် - |
| အီးမေးလ်လိပ်စာ - |

## အထူးပညာရေးအတွက် သင်၏ကျောင်းနှင့် ဆက်သွယ်ရန်အချက်အလက်

## အထူးပညာရေးအတွက် Ohio ပြည်နယ် ပညာရေးနှင့် အလုပ်သမားအင်အားရေးရာဌာနနှင့် ဆက်သွယ်ရန်အချက်အလက်

(ဖုန်း) 614-466-2650

(အခမဲ့ ဖုန်း) 877-644-6338

(ဖက်စ်) 614-728-1097

25 S. Front Street Mail
Stop 409
Columbus, Ohio 43215
[ထပ်ဆောင်းဆက်သွယ်ရန်အချက်အလက်]

[Exceptionalchildren@education.ohio.gov]

တယ်လီစာရိုက်စက် (TTY) အသုံးပြု၍ ခေါ်ဆိုသူများအတွက် Ohio ပြည်နယ် မသန်စွမ်းသူများအတွက် လက်ဆင့်ကမ်း ဝန်ဆောင်မှု (Relay Service) ကို (800) 750-0750 တွင် ဖုန်းခေါ်ဆိုပါ။



Department of Education & Workforce

# မိဘများ၏အခွင့်အရေးလမ်းညွှန်အား မိတ်ဆက်ခြင်း

မသန်စွမ်းမှုရှိသူများပညာရေးအက်ဥပဒေ (IDEA) သည် မသန်စွမ်း ကျောင်းသားများ၏ အခွင့်အရေးများနှင့် ၎င်းတို့မိဘများ၏ အခွင့်အရေးများကို အကာအကွယ်ပေးပါသည်။ ဤလမ်းညွှန်စာစောင်သည် ထိုအခွင့်အရေးများအကြောင်းကို သင့်အား ပြောပြပါသည်။ သင့်ကလေးသည် အထူးပညာရေးဝန်ဆောင်မှုများရရှိပါက သင့်ကျောင်းအနေဖြင့် နှစ်စဉ် တစ်နှစ်လျှင် တစ်ကြိမ် ဤလမ်းညွှန်စာအုပ်၏ မိတ္တူတစ်စောင်ကို သင့်အား ပေးအပ်ရပါမည်။ သင်သည် အောက်ပါအခြေအနေတို့တွင်လည်း မိတ္တူတစ်စောင်ကို လက်ခံရရှိရပါမည် -

- သင့်ကလေးတွင် မသန်စွမ်းမှုရှိနိုင်သည်ဟု ထင်မြင်သောကြောင့် သင့်အနေဖြင့် သင့်ကလေးအား အကဲဖြတ်ရန် တောင်းဆိုပါက
- သင့်ပညာရေးအေဂျင်စီအနေဖြင့် သင့်ကလေးတွင် မသန်စွမ်းမှုရှိနိုင်သည်ဟု ထင်မြင်ပါသောကြောင့် သင့်ကလေးအား အကဲဖြတ်လိုပါက
- သင်သည် Ohio ပြည်နယ် ပညာရေးနှင့် အလုပ်သမားအင်အားရေးရာဌာန (Ohio Department of Education and Workforce) အောက်ရှိ အထူးလိုအပ်ချက်ရှိသော ကလေးများရုံး (Office for Exceptional Children) သို့ စာဖြင့်ရေးသားထားသော တိုင်ကြားစာကို တင်သွင်း(တင်ပြ)ပြီး ထိုတိုင်ကြားစာသည် စာသင်နှစ်အတွင်း သင်၏ပထမဆုံးတိုင်ကြားချက်ဖြစ်ပါက
- သင်သည် သင့်ကလေး၏ ပညာရေးနှင့်ပတ်သက်၍ တရားဝင်လုပ်ထုံးလုပ်နည်းအရ ကြားနာပွဲတစ်ခုအတွက် စာဖြင့်ရေးသားထားသော တောင်းဆိုမှုတစ်ခုကို Ohio ပြည်နယ် ပညာရေးနှင့် အလုပ်သမားအင်အားရေးရာဌာန (Ohio Department of Education and Workforce) အောက်ရှိ အထူးလိုအပ်ချက်ရှိသော ကလေးများရုံး (Office for Exceptional Children) သို့ တင်သွင်း(တင်ပြ)ပြီး ထိုတောင်းဆိုမှုသည် စာသင်နှစ်အတွင်း သင်၏ပထမဆုံးအကြိမ်တောင်းဆိုမှုဖြစ်ပါက
- သင့်ကလေးသည် စည်းကမ်းဆိုင်ရာ (အပြုအမူဆိုင်ရာ) အကြောင်းပြချက်ဖြင့် ကျောင်းမှ ထုတ်ပယ်ခံရပြီး လက်ရှိပညာသင်နှစ်အတွင်း သင့်ကလေးအား ကျောင်းမှ 10 ရက် သို့မဟုတ် ထို့ထက်ပို၍ကြာအောင် ထုတ်ပယ်ခဲ့ပြီးဖြစ်ပါက
- ဤလမ်းညွှန်စာစောင်၏ မိတ္တူတစ်စောင်ကို သင်တောင်းဆိုသည့် မည်သည့်အချိန်တွင်မဆို



# ယေဘုယျအချက်အလက်များ

## ပြည့်စုံသော သတင်းအချက်အလက်ဖြင့် သေချာသိရှိနားလည်ပြီးသော မိဘ၏သဘောတူညီချက်

ကလေးတစ်ဦးကို အထူးပညာရေးအကဲဖြတ်မှုအတွက် မည်သူမဆို ညွှန်းပို့နိုင်ပါသည်။ သင်၊ မိဘအနေဖြင့် သင့်ကလေး၏ သင်ယူမှု၊ ဖွံ့ဖြိုးမှု၊ သို့မဟုတ် လုပ်ဆောင်နိုင်စွမ်းနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများ ရှိသည့်အခါတိုင်း အထူးပညာရေးအကဲဖြတ်မှုအတွက် စာဖြင့်ရေးသားထားသော တောင်းဆိုချက်ကို ကလေး၏ဆရာ၊ ကျောင်းအုပ်ကြီးနှင့် အထူးပညာရေး ကြီးကြပ်ရေးမှူး သို့မဟုတ် အုပ်ချုပ်ရေးမှူးထံ တင်သွင်းသင့်ပါသည်။ ကျောင်းသည် တောင်းဆိုချက်ကို လက်ခံရရှိသည်နှင့် တစ်ပြိုင်နက် ကျောင်းအနေဖြင့် အကဲဖြတ်ရန် သို့မဟုတ် အကဲမဖြတ်ရန် ၎င်း၏ရည်ရွယ်ချက်ကို သင့်အား ပြန်လည်ဖြေကြားရန် ရက် 30 အချိန်ရှိပါသည်။ အကဲဖြတ်မှုလုပ်ငန်းစဉ်ကို စတင်ရန် မိဘသည် စာဖြင့်ရေးသားထားသော သဘောတူညီချက်ကို ပေးအပ်ရပါမည်။

ကလေးတစ်ဦးအား အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများအတွက် အရည်အချင်းပြည့်မီကြောင်း ဆုံးဖြတ်ပြီးပါက အကဲဖြတ်အဖွဲ့ အစီရင်ခံစာ (evaluation team report - ETR) မှ အချက်အလက်များအပေါ် အခြေခံ၍ တစ်ဦးချင်းစီအတွက် ရည်ရွယ်ချက်ထားသော ပညာရေးအစီအစဉ် (IEP) ကို ရေးဆွဲပါလိမ့်မည်။ IEP သည် ပညာသင်နှစ်အတွင်း သင့်ကလေး အောင်မြင်ရန် ရည်မှန်းထားသည့် ပညာရေးဆိုင်ရာ ပန်းတိုင်များနှင့် ရည်မှန်းချက်များကို အကြမ်းဖော်ပြထားသည့် ကြေညာချက်များ ပါဝင်သော စာရွက်စာတမ်းတစ်ခု ဖြစ်ပါသည်။ ထို့အပြင် ၎င်းသည် IEP တွင် ဖော်ပြထားသော ပန်းတိုင်များကို အောင်မြင်စေရန် သင့်ကလေး လိုအပ်သည့် အထောက်အပံ့များနှင့် ဝန်ဆောင်မှုများကိုလည်း အကြမ်းဖော်ပြထားပါသည်။

သင့်ကလေးအတွက် IEP အဖွဲ့တစ်ခုကို သတ်မှတ်ပေးမည်ဖြစ်ပြီး အဖွဲ့ဝင်များတွင် အောက်ပါတို့ ပါဝင်ပါသည် -

- မိဘ(များ)
- အနည်းဆုံး အထွေထွေပညာရေးဆရာ တစ်ဦး (အကယ်၍ ကလေးသည် သာမန်ပညာရေးပတ်ဝန်းကျင်တွင် ပါဝင်နေပါက၊ သို့မဟုတ် ပါဝင်နိုင်ပါက)
- အနည်းဆုံး အထူးပညာရေးဆရာ တစ်ဦး သို့မဟုတ် ကလေး၏ ထောက်ပံ့ပေးသူ တစ်ဦး
- အရည်အချင်းပြည့်မီသော ပညာရေးအေဂျင်စီ ကိုယ်စားလှယ်တစ်ဦး
- အကဲဖြတ်ရလဒ်များ၏ ညွှန်ကြားချက်ဆိုင်ရာ အကျိုးသက်ရောက်မှုများ (implications) ကို ဘာသာပြန်ပေးနိုင်သူတစ်ဦး
- မိဘ သို့မဟုတ် ပညာရေးအေဂျင်စီ၏ ဆုံးဖြတ်ချက်အရ သင့်လျော်သော ဆက်စပ်ဝန်ဆောင်မှုဝန်ထမ်းများ အပါအဝင် ကလေးနှင့်ပတ်သက်သည့် အသိပညာဗဟုသုတ သို့မဟုတ် အထူးကျွမ်းကျင်မှုရှိသည့် အခြားပုဂ္ဂိုလ်များ
- သင့်တင့်လျောက်ပတ်သည့်အခါတိုင်း မသန်စွမ်းမှုရှိသောကလေး

**IEP ပြန်လည်သုံးသပ်ခြင်း** - IEP အဖွဲ့သည် IEP ကို ပြန်လည်သုံးသပ်ရန် တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် စည်းဝေးရန် လိုအပ်သော်လည်း၊ အထူးသဖြင့် ကလေးသည် တိုးတက်မှု မရှိပါက IEP ကို ပြုပြင်ရန် ပို၍ မကြာခဏ စည်းဝေးနိုင်ပါသည်။ Ohio ဥပဒေအရ အထူးပညာရေးဝန်ဆောင်မှုများ စတင်ရန် မိဘ၏ သဘောတူညီချက် လိုအပ်သော်လည်း နောက်ဆက်တွဲ IEP ပြန်လည်သုံးသပ်ခြင်းများ သို့မဟုတ် ပြင်ဆင်ခြင်းများ အကောင်အထည်ဖော်ရန်အတွက်တွင်မူ မလိုအပ်ပါ။ သို့ရာတွင် IEP လုပ်ငန်းစဉ်တွင် မိဘ၏ တက်ကြွသော ပါဝင်ဆောင်ရွက်မှုသည် အရေးကြီးဆဲဖြစ်ပါသည်။ မိဘများသည် မည်သည့် ပြင်ဆင်ရေးအစည်းအဝေးတွင်မဆို လိုအပ်သော IEP အဖွဲ့ဝင်များဖြစ်သည်။

**မိဘ၏ ပါဝင်ဆောင်ရွက်ခြင်း** - မသန်စွမ်းကလေး၏ မိဘများအနေဖြင့် သင်သည် IEP အဖွဲ့အစည်းအဝေးတစ်ခုစီတွင် အသိပေးခံရပိုင်ခွင့်နှင့် ပါဝင်ဆောင်ရွက်နိုင်ခွင့် အခွင့်အရေးရှိပါသည်။ ပညာရေးအေဂျင်စီသည် သင် တက်ရောက်နိုင်ကြောင်း သေချာစေရန်နှင့် အပြန်အလှန် သဘောတူညီထားသော အချိန်နှင့် နေရာတွင် အစည်းအဝေးကို စီစဉ်နိုင်စေရန် အစည်းအဝေးအတွက် အသိပေးချက်ကို လုံလောက်စွာ ကြိုတင်ပေးအပ်ရပါမည်။

**ကိုယ်စားမိဘ (Surrogate Parent) ဆိုသည်မှာ အဘယ်နည်း။**

ကိုယ်စားမိဘ (Surrogate Parent) ဆိုသည်မှာ မသန်စွမ်းကလေးတစ်ဦးအတွက် အထူးပညာရေးဝန်ဆောင်မှုများ အရည်အချင်းပြည့်မီရန်နှင့် ရရှိရန် သက်ဆိုင်သော ကိစ္စရပ်အားလုံးတွင် ကိုယ်စားပြုနိုင်သည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။

သင်နေထိုင်ရာ ပညာရေးအေဂျင်စီသည် အောက်ပါတို့အနက် တစ်ခုခုဖြစ်ပွားသည့်အခါတိုင်း ကိုယ်စားမိဘ (Surrogate Parent) တစ်ဦးကို ခန့်အပ်ပေးပါသည် -

- မိဘကို မည်သူမည်ဝါသတ်မှတ်၍ မရနိုင်ခြင်း
- ပညာရေးအေဂျင်စီသည် သင့်လျော်သော ကြိုးပမ်းမှုများပြုလုပ်ပြီးနောက် မိဘကို ရှာဖွေ၍မရနိုင်ခြင်း
- ကလေးသည် မိသားစုမဲ့ အိုးမဲ့အိမ်မဲ့ လူငယ်တစ်ဦး ဖြစ်ခြင်း
- ကလေးသည် ပြည်နယ်၏ အုပ်ထိန်းစောင့်ရှောက်ခံရသူ (ward of the state) တစ်ဦး ဖြစ်ခြင်း

ပြည့်စုံသော သတင်းအချက်အလက်ဖြင့် သေချာသိရှိနားလည်ပြီးသော မိဘ၏သဘောတူညီချက်ဆိုသည်မှာ သင် နှင့်/သို့မဟုတ် ပညာရေးအေဂျင်စီမှ ခန့်အပ်ထားသော ကိုယ်စားမိဘ (Surrogate Parent) တို့မှ ပညာရေးအေဂျင်စီအား လုပ်ဆောင်ချက်တစ်ခု ပြုလုပ်ရန် စာဖြင့် ခွင့်ပြုချက် ပေးခြင်းကို ဆိုလိုပါသည်။ သင်၏ သေချာသိရှိနားလည်ပြီးသော သဘောတူညီချက် (informed consent) ပေးခြင်းသည် ပညာရေးအေဂျင်စီအနေဖြင့် အဆိုပြုထားသော လုပ်ဆောင်ချက်နှင့်ပတ်သက်သည့် အချက်အလက်များကို သင့်အား ပေးအပ်ခဲ့သည်ဟုလည်း ဆိုလိုပါသည်။ ပညာရေးအေဂျင်စီသည် သင့်ထံမှ စာဖြင့်ရေးသားထားသော သေချာသိရှိနားလည်ပြီးသော သဘောတူညီချက် (informed consent) ကို ရယူရပါမည် -

- သင့်ကလေးသည် အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများ လိုအပ်ခြင်းရှိ၊ မရှိ ရှာဖွေဖော်ထုတ်ရန် ပညာရေးအေဂျင်စီမှ သင့်ကလေးအား ပထမဆုံးအကြိမ် အကဲဖြတ်ခြင်း မပြုလုပ်မီ
- IEP ဟုလည်းခေါ်သော သင့်ကလေး၏ ပထမဆုံးတစ်ဦးတစ်ယောက်ချင်းစီအတွက် ရည်ရွယ်ထားသော ပညာရေးအစီအစဉ်တွင် ဖော်ပြထားသော အထူးပညာရေးဝန်ဆောင်မှုများကို ပညာရေးအေဂျင်စီမှ သူ သို့မဟုတ် သူမအား စတင်ပေးအပ်ခြင်း မပြုလုပ်မီ
- သင့်ကလေး၏ လိုအပ်ချက်များ ပြောင်းလဲခဲ့ခြင်း ရှိ၊ မရှိ သိရှိရန် ပညာရေးအေဂျင်စီမှ သင့်ကလေးအား ပြန်လည်အကဲဖြတ်ခြင်း မပြုလုပ်မီ
- ပညာရေးအေဂျင်စီမှ သင့်ကလေးနှင့် ထပ်ဆောင်းတစ်ဦးချင်းစီအကဲဖြတ်မှုများ ဆောင်ရွက်ခြင်း မပြုလုပ်မီ ဥပမာတစ်ခုမှာ လုပ်ဆောင်ချက်ဆိုင်ရာအပြုအမူ အကဲဖြတ်ခြင်း (Functional Behavior Assessment) ဖြစ်ပါသည်
- ပညာရေးအေဂျင်စီမှ သင့်ကလေး၏ ပညာရေးဆိုင်ရာ နေရာချထားမှုကို ပြောင်းလဲခြင်း မပြုလုပ်မီ ၎င်းသည် အဆောက်အအုံနေရာ ပြောင်းလဲခြင်းကို မဆိုလိုပါ။ ထိုအစား ၎င်းသည် သင့်ကလေး၏ ပညာရေးအစီအစဉ်တွင် ပြောင်းလဲခြင်းကို ဆိုလိုပါသည်။
- ပညာရေးအေဂျင်စီမှ ပြည်နယ် သို့မဟုတ် ဖက်ဒရယ်ဥပဒေတွင် ဖော်ပြထားသည့် ပုဂ္ဂိုလ်များမှလွဲ၍ အခြားသူများထံ သင့်ကလေးနှင့်ပတ်သက်သည့် အချက်အလက်များကို ပေးအပ်ခြင်း မပြုလုပ်မီ

IEP အဖွဲ့အနေဖြင့် ရှိပြီးသား ကျောင်းသားအချက်အလက်များသည် လုံလောက်ပြီး ထပ်ဆောင်းစမ်းသပ်မှုများ မလိုအပ်ဟု ဆုံးဖြတ်လျှင်ပင် ပြန်လည်အကဲဖြတ်မှုအတွက် မိဘ၏ သဘောတူညီချက် လိုအပ်ပါသည်။ ဤသည်ကို တစ်ခါတစ်ရံ "မှတ်တမ်းပြန်လည်သုံးသပ်ခြင်း (record review)" ပြန်လည်အကဲဖြတ်မှုဟု ရည်ညွှန်းပါသည်။

## သင်၏ သေချာသိရှိနားလည်ပြီးသော မိဘ၏သဘောတူညီချက်ပေးရန် ပညာရေးအေဂျင်စီသည် အောက်ပါတို့ကို ပြုလုပ်ရပါမည် -

- သင်ဆုံးဖြတ်ချက်ချရန် လိုအပ်သော အချက်အလက်အားလုံးကို သင့်အား ပေးအပ်ရာတွင် သင့်၏ မိခင်ဘာသာစကား သို့မဟုတ် သင်နားလည်သည့် အခြားဆက်သွယ်ရေး ပုံစံတစ်ခုကို အသုံးပြုထားကြောင်း သေချာစေရမည်
- ပညာရေးအေဂျင်စီမှ လုပ်ဆောင်ချက်တစ်ခုကို ဆောင်ရွက်ရန်အတွက် သင်အနေဖြင့် နားလည်ပြီး သဘောတူညီကြောင်း စာဖြင့် ခွင့်ပြုချက်ပေးရမည်။ သင့်သဘောတူညီချက်တွင် ထိုလုပ်ဆောင်ချက်ကို ဖော်ပြထားပြီး အခြားသူများနှင့် မျှဝေမည့် သင့်ကလေး၏ မည်သည့်မှတ်တမ်းများကိုမဆို မည်သူနှင့် မျှဝေမည်ကိုလည်း ဖော်ပြထားကြောင်း သေချာစေရမည်
- သင်သည် မိမိကိုယ်တိုင်၏ ရွေးချယ်မှုဖြင့် သဘောတူညီချက်ကို ပေးနေခြင်းဖြစ်ပြီး မည်သည့်အချိန်တွင်မဆို သင့်စိတ်ကို ပြောင်းလဲနိုင်သည်ကို သင်နားလည်ကြောင်း သေချာစေရမည်
- အကယ်၍ သင်သည် သဘောတူညီချက်ကို ရုပ်သိမ်းပါက ပညာရေးအေဂျင်စီအနေဖြင့် သင်ခွင့်ပြုချက်ပေးခဲ့သည့်အချိန်နှင့် ရုပ်သိမ်းခဲ့သည့်အချိန်ကြားတွင် ဆောင်ရွက်ခဲ့သည့် မည်သည့်လုပ်ဆောင်ချက်ကိုမျှ ပြန်လည်ပယ်ဖျက်ရန် မလိုအပ်ကြောင်းကို သင်နားလည်ကြောင်း သေချာစေရမည်

### သဘောတူညီချက် ရုပ်သိမ်းခြင်း

သဘောတူညီချက် ရုပ်သိမ်းခြင်းဆိုသည်မှာ သင့်ခွင့်ပြုချက်ကို ပြန်ရုပ်သိမ်းလိုက်ခြင်းကို ဆိုလိုပါသည်။ သင့်ကလေး၏ IEP တွင် ပေးအပ်ထားသည့်အတိုင်း အထူးပညာရေးဝန်ဆောင်မှုများကို သင့်ကလေးအား ဆက်လက်မရယူစေလိုကြောင်း သင်ဆုံးဖြတ်ပါက သင့်အနေဖြင့် မည်သည့်အချိန်တွင်မဆို သင့်သဘောတူညီချက်ကို ရုပ်သိမ်းနိုင်ပါသည်။ သင့်အနေဖြင့် ၎င်းကို *စာဖြင့်*ရေးသားပြုလုပ်ရပါမည်။

ထို့နောက် သင့်ပညာရေးအေဂျင်စီသည် -

- IEP ပါ အထူးပညာရေးဝန်ဆောင်မှုများကို သင့်ကလေးအား ပေးအပ်ခြင်းကို ရပ်တန့်ရပါမည်၊ သို့သော် ဝန်ဆောင်မှုများကို ရပ်တန့်မည့်အချိန်မတိုင်မီ ပညာရေးအေဂျင်စီသည် ဝန်ဆောင်မှုများကို ရပ်တန့်မည်ဖြစ်ကြောင်း သင့်အား စာဖြင့်ရေးသားထားသော အကြောင်းကြားစာ ပေးအပ်ရပါမည်။ ပညာရေးအေဂျင်စီမှ သင့်အား ပေးအပ်သော အသိပေးချက်ကို ကြိုတင်ရေးသားထားသော အသိပေးချက် (prior written notice) ဟုခေါ်ပါသည်။ ဤကြိုတင်ရေးသားထားသော အသိပေးချက်သည် ဤလမ်းညွှန်စာစောင် စာမျက်နှာ 8 ရှိ ကြိုတင်ရေးသားထားသော အသိပေးချက် ကဏ္ဍတွင် ဖော်ပြထားသည့် သတ်မှတ်ချက်များနှင့် ကိုက်ညီရပါမည်။

ပညာရေးအေဂျင်စီသည် သင့်ကလေးအား အထူးပညာရေးဝန်ဆောင်မှုများ ဆက်လက်ပေးအပ်တော့မည်မဟုတ်ကြောင်း ပါဝင်သော ဤကြိုတင်ရေးသားထားသော အသိပေးချက်ကို သင့်အား ပေးအပ်ပြီး ဝန်ဆောင်မှုများ ရပ်တန့်သွားသည်နှင့်တစ်ပြိုင်နက် ပညာရေးအေဂျင်စီသည် သင့်ကလေးအား အထူးပညာရေးအတွက် အရည်အချင်းပြည့်မီသည်ဟု မှတ်ယူတော့မည်မဟုတ်ဘဲ သင့်ကလေးအား ယေဘုယျပညာရေးကျောင်းသားတစ်ဦးအဖြစ် မှတ်ယူပါမည်။

## သင့်ကလေးသည် အထူးပညာရေးအတွက် အရည်အချင်းပြည့်မီပါသလား။

သင့်ကလေးသည် မသန်စွမ်းမှုရှိသူများပညာရေးအက်ဥပဒေ (IDEA) နှင့် Ohio အုပ်ချုပ်ရေးဆိုင်ရာ ကုဒ်ဥပဒေအရ မသန်စွမ်းမှုရှိသည့် ကျောင်းသားအဖြစ် သတ်မှတ်ခံရရန် အောက်ပါ မသန်စွမ်းမှုများထဲမှ တစ်ခုခု ရှိရပါမည်။ ထိုမသန်စွမ်းမှုသည် သင့်ကလေး၏ ပညာရေးဆိုင်ရာ စွမ်းဆောင်ရည်အပေါ် ဆိုးကျိုးသက်ရောက်မှု ရှိရမည်ဖြစ်ပြီး သင့်ကလေးသည် သူ၏ သို့မဟုတ် သူမ၏ မသန်စွမ်းမှုကြောင့် အထူးပညာရေး နှင့်/သို့မဟုတ် ဆက်စပ်ဝန်ဆောင်မှုများ လိုအပ်ရပါမည်။

- အသိဉာဏ်ပညာပိုင်းဆိုင်ရာ မသန်စွမ်းမှု (Intellectual disability)
- အကြားအာရုံချို့ယွင်းမှု (Hearing impairment)
- စကားပြော သို့မဟုတ် ဘာသာစကား ချို့ယွင်းမှု (Speech or language impairment)
- မျက်စိအမြင်အာရုံချို့ယွင်းမှု (Visual impairment)
- စိတ်ခံစားမှုဆိုင်ရာ အနှောင့်အယှက်ဖြစ်မှု (Emotional disturbance)
- အရိုးနှင့်ပတ်သက်သော ချို့ယွင်းမှု (Orthopedic impairment)
- အော်တစ်ဇင်ရောဂါ (Autism)
- ဦးနှောက်ထိခိုက်ဒဏ်ရာရမှု (Traumatic brain injury)
- အခြားကျန်းမာရေးဆိုင်ရာ ချို့ယွင်းမှု (Other health impairment)
- တိကျသော သင်ယူမှုဆိုင်ရာ မသန်စွမ်းမှု (Specific learning disability)
- နားထိုင်းခြင်း (Deafness)
- နားထိုင်း-မျက်စိကွယ်ခြင်း (Deaf-blindness)
- နှစ်ခုသို့မဟုတ် နှစ်ခုထက်ပိုသော မသန်စွမ်းမှုများ (Multiple disabilities)
- ဖွံ့ဖြိုးမှုနှောင့်နှေးခြင်း (Developmental delay)

**မိခင်ဘာသာစကား သို့မဟုတ် အခြားဆက်သွယ်ရေး နည်းလမ်း**

သင် တက်ရောက်သော အစည်းအဝေးအားလုံး၊ သင့်ကလေး၏ အကဲဖြတ်ချက်နှင့် သင် လက်ခံရရှိသော အသိပေးချက်အားလုံးသည် သင့်မိခင်ဘာသာစကား သို့မဟုတ် သင်အသုံးပြုသည့် အခြားဆက်သွယ်ရေး နည်းလမ်းဖြင့် ရေးသားထား သို့မဟုတ် ပြောဆိုထားရပါမည်။

ထိုသို့ ထောက်ပံ့ပေးရန် သို့မဟုတ် စီမံဆောင်ရွက်ရန် မလွယ်ကူကြောင်း ထင်ရှားနေသည့်အခါမှလွဲ၍ သင့်ကလေးအား အကဲဖြတ်ရာတွင် အသုံးပြုသည့် စမ်းသပ်မှုအားလုံးနှင့် အခြားပစ္စည်းများသည် သင့်ကလေး၏ မိခင်ဘာသာစကားဖြင့် ဖြစ်ရမည် — သို့မဟုတ် သင့်ကလေးသည် ပညာရပ်ပိုင်းဆိုင်ရာ၊ ဖွံ့ဖြိုးမှုဆိုင်ရာနှင့် လုပ်ဆောင်မှုဆိုင်ရာ မည်သည်ကို သိရှိနိုင်သည်၊ မည်သည်ကို လုပ်ဆောင်နိုင်သည်ဆိုသည့် တိကျသော အချက်အလက်ကို ခရိုင်သို့ ပေးနိုင်သော အခြားဆက်သွယ်ရေး နည်းလမ်း တစ်ခုခုဖြင့် ဖြစ်ရပါမည်။

### သင့်ကလေးအား အကဲဖြတ်ရန် ပညာရေးအေဂျင်စီအား တောင်းဆိုပါ

သင့်အနေဖြင့် သင့်ကလေးတွင် သူ၏ သို့မဟုတ် သူမ၏ ပညာရေးကို ထိခိုက်စေနိုင်သည့် မသန်စွမ်းမှုတစ်ခု ရှိနိုင်သည်ဟု ထင်မြင်ပါက သူ သို့မဟုတ် သူမသည် အထူးပညာရေးအတွက် အရည်အချင်းပြည့်မီခြင်း ရှိ၊ မရှိ (IDEA အောက်တွင် မသန်စွမ်းကလေးအဖြစ် သတ်မှတ်ခံရန်) ဆုံးဖြတ်ရန်အတွက် သင့်ကလေးအား အကဲဖြတ်ရန် ပညာရေးအေဂျင်စီအား တောင်းဆိုနိုင်ပါသည်။ ပညာရေးအေဂျင်စီသည် သင့်အား သတင်းအချက်အလက်ပြည့်စုံပြီး သေချာသိရှိနားလည်ပြီးသော သဘောတူညီချက် ရယူခြင်း သို့မဟုတ် ပညာရေးအေဂျင်စီသည် မသန်စွမ်းမှုကို သံသယမရှိသည့် အကြောင်းရင်းကို ရှင်းလင်းဖော်ပြထားသည့် ကြိုတင်ရေးသားထားသော အသိပေးချက် ပေးအပ်ခြင်းတို့ဖြင့် သင့်တောင်းဆိုချက်မှ ရက် 30 အတွင်း ပြန်လည်ဖြေကြားရပါမည်။

မသန်စွမ်းမှုကို သံသယရှိပါက ပညာရေးအေဂျင်စီသည် သင့်ကလေးအား အကဲဖြတ်ရန် ခွင့်ပြုချက်အတွက် မည်သည့်အချိန်တွင်မဆို သင့်အား တောင်းဆိုနိုင်ပါသည်။ အခြေအနေနှစ်ခုစလုံးတွင် ပညာရေးအေဂျင်စီသည် သင့်ထံမှ စာဖြင့်ရေးသားထားသော သတင်းအချက်အလက်အပြည့်အစုံကို သေချာသိရှိနားလည်ပြီးသော သဘောတူညီချက်ကို ရယူပြီးနောက် ကနဦး (ပထမ) အကဲဖြတ်မှုကို ပြက္ခဒိန်ရက် 60 အတွင်း ပြီးဆုံးအောင် ဆောင်ရွက်ရပါမည်။

### အကယ်၍ သင့်ကလေးသည် ကျောင်းတစ်ကျောင်းမှ အခြားကျောင်းတစ်ကျောင်းသို့ ပြောင်းရွှေ့ပါက

သင့်ကလေးသည် Ohio ပြည်နယ်ရှိ ပညာရေးအေဂျင်စီတစ်ခုမှ အခြားပညာရေးအေဂျင်စီတစ်ခုသို့ ပြောင်းရွှေ့ပါက ပညာရေးအေဂျင်စီအသစ်သည် ယခင်ပညာရေးအေဂျင်စီ၏ အကဲဖြတ်ချက်ကို လက်ခံရရှိသည့်ရက်မှ ရက် 30 အတွင်း အောက်ပါတို့အနက်မှ တစ်ခုခုကို ဆောင်ရွက်ရပါမည် -

- ယခင်ပညာရေးအေဂျင်စီမှ အကဲဖြတ်ချက်ကို လက်ခံခြင်း၊ သို့မဟုတ်
- ပြန်လည်အကဲဖြတ်မှုအတွက် သဘောတူညီချက် ရယူခြင်း

ပညာရေးအေဂျင်စီအသစ်မှ ပြုလုပ်သည့် မည်သည့် ပြန်လည်အကဲဖြတ်မှုအတွက်မဆို သင်၏ မိဘသဘောတူညီချက်မှ ရက် 60 အတွင်း ဆောင်ရွက်ရပါမည်။

### အကယ်၍ ကလေးတစ်ဦးသည် ပြည်နယ်၏ အုပ်ထိန်းစောင့်ရှောက်ခံရသူ (ward of the state) ဖြစ်ပါက

အကယ်၍ သင့်ကလေးသည် *ပြည်နယ်၏ အုပ်ထိန်းစောင့်ရှောက်ခံရသူ* ဖြစ်ပြီး သူ၏ သို့မဟုတ် သူမ၏ မိဘနှင့် မနေထိုင်ပါက အောက်ပါအခြေအနေများတွင် ပညာရေးအေဂျင်စီအနေဖြင့် ကလေးသည် မသန်စွမ်းကလေးတစ်ဦး ဖြစ်၊ မဖြစ် ဆုံးဖြတ်ရန် ကနဦးအကဲဖြတ်မှုအတွက် မိဘထံမှ သဘောတူညီချက် မလိုအပ်ပါ -

- အကယ်၍ ပညာရေးအေဂျင်စီသည် သင့်လျော်သော ကြိုးပမ်းမှုများပြုလုပ်သော်လည်း ကလေး၏ မိဘကို ရှာဖွေမတွေ့ရှိပါက
- မိဘများ၏ အခွင့်အရေးများကို ရုပ်ဆိုင်းခဲ့ပြီး ဖြစ်ပါက၊ သို့မဟုတ်
- မိဘများ၏ အခွင့်အရေးများကို တရားသူကြီးမှ ကနဦးအကဲဖြတ်မှုအတွက် သဘောတူညီသော ပုဂ္ဂိုလ်တစ်ဦးထံ လွှဲပြောင်းပေးအပ်ထားပါက

## လွတ်လပ်သော ပညာရေးဆိုင်ရာ အကဲဖြတ်ချက်များ (Independent Educational Evaluations - IEE)

လွတ်လပ်သော ပညာရေးဆိုင်ရာ အကဲဖြတ်ချက် (IEE) ကို ပြင်ပအကဲဖြတ်ချက် (outside evaluation) ဟုလည်း ခေါ်ဆိုပါသည်။ ပညာရေးအေဂျင်စီအနေဖြင့် ၎င်းသည် သင့်ကလေးအား ၎င်းတို့၏ကိုယ်ပိုင် အကဲဖြတ်ချက် ပြုလုပ်ပြီးဖြစ်ပြီး သင့်အနေဖြင့် ပညာရေးအေဂျင်စီ၏ ရှာဖွေတွေ့ရှိချက်နှင့် သဘောမတူမှုသာလျှင် ဤပြင်ပအကဲဖြတ်ချက်အတွက် ငွေပေးချေမည်ဖြစ်ပါသည်။ ရည်ရွယ်ချက်မှာ သင့်ကလေးသည် အထူးပညာရေး လိုအပ်ခြင်း ရှိ၊ မရှိ သို့မဟုတ် အထူးပညာရေးကို ဆက်လက်လိုအပ်ခြင်း ရှိ၊ မရှိ ရှာဖွေရန် ဖြစ်ပါသည်။ ဤပြင်ပအကဲဖြတ်ချက်အတွက် သင့်ကလေးအား အကဲဖြတ်သူသည် သင့်ကလေး၏ ပညာရေးအေဂျင်စီအတွက် အလုပ်လုပ်ခွင့်မရှိပါ။ သင်သည် မိဘတစ်ဦးအနေဖြင့် သင့်ကလေးအတွက် ပြင်ပအကဲဖြတ်ချက်တစ်ခုကို စီစဉ်ရန်နှင့် ငွေပေးချေရန် မည်သည့်အချိန်တွင်မဆို သင့်၌ အခွင့်အရေးရှိပါသည်။ သင့်ကလေးအပေါ် သင့်ပညာရေးအေဂျင်စီ၏ အကဲဖြတ်ချက်နှင့် သင် သဘောမတူဘဲ ပြင်ပအကဲဖြတ်ချက် တောင်းဆိုပါက သင့်ပညာရေးအေဂျင်စီသည် မလိုအပ်သော နှောင့်နှေးမှုမရှိဘဲ ဤလုပ်ဆောင်ချက်များအနက်မှ တစ်ခုခုကို ဆောင်ရွက်ရပါမည် -

- ပညာရေးအေဂျင်စီသည် သင့်ကလေး၏ ပြင်ပအကဲဖြတ်ချက်ကို သင်ကိုယ်တိုင် မည်သည့်နေရာတွင် ရယူနိုင်သည်ကို သင့်အား ပြောပြရမည့်အပြင် ထိုသို့လုပ်ဆောင်ရန် ပညာရေးအေဂျင်စီအတွက် ငွေပေးချေရန် လိုအပ်သော စံသတ်မှတ်ချက်များကိုလည်း သင့်အား အသိပေးရပါမည်။ ပညာရေးအေဂျင်စီမှ သဘောတူပြီး သင် ပြင်ပအကဲဖြတ်ချက်ကို ရရှိသည်နှင့်တစ်ပြိုင်နက် ပညာရေးအေဂျင်စီသည် ကုန်ကျစရိတ်ကို ပေးချေရပါမည်
- ပညာရေးအေဂျင်စီသည် ပြင်ပအကဲဖြတ်ချက်တစ်ခုအတွက် သင်၏တောင်းဆိုချက်နှင့် သဘောမတူသောကြောင့် အထူးလိုအပ်ချက်ရှိသော ကလေးများအတွက် Ohio ပြည်နယ် ပညာရေးနှင့် အလုပ်သမားအင်အားရေးရာဌာနရုံးထံ တရားဝင်လုပ်ထုံးလုပ်နည်းအရ ကြားနာခြင်းတစ်ခုအတွက် တောင်းဆိုချက် တင်သွင်းရပါမည် (စာမျက်နှာ 20 ကို ကြည့်ပါ)။ ဤသည်မှာ ပညာရေးအေဂျင်စီမှ ၎င်း၏ သင့်ကလေးအပေါ် အကဲဖြတ်ချက်သည် သင့်လျော်မှုရှိသည်ဟု ယူဆသောကြောင့် ဖြစ်ပါသည်။



Ohio Department of Education & Workforce

### ပြင်ပအကဲဖြတ်ချက်များအတွက် စံသတ်မှတ်ချက်များ (CRITERIA FOR OUTSIDE EVALUATIONS)

ပညာရေးအေဂျင်စီ ဆောင်ရွက်သော အကဲဖြတ်ချက်များအတွက် ကျင့်သုံးသည့် တူညီသောစံသတ်မှတ်ချက်များသည် သင် စီစဉ်သော၊ ပညာရေးအေဂျင်စီ ငွေပေးချေသော ပြင်ပအကဲဖြတ်ချက်များအတွက်လည်း ကျင့်သုံးပါသည်။ ဤစံသတ်မှတ်ချက်များတွင် သင့်ကလေး အကဲဖြတ်ခြင်းအတွက် သွားရမည့်နေရာနှင့် သင့်ကလေးအား စစ်ဆေးသူ၏ အတွေ့အကြုံတို့ ပါဝင်ပါသည်။ ပညာရေးအေဂျင်စီ၏ စံသတ်မှတ်ချက်များနှင့် ကိုက်ညီသော ပြင်ပအကဲဖြတ်ချက်၏ စုစုပေါင်းကုန်ကျစရိတ်ကို ပညာရေးအေဂျင်စီမှ ပေးချေရပါမည်။

သင်သည် သင့်ကလေးအတွက် ပြင်ပအကဲဖြတ်ချက် တောင်းဆိုပါက ပညာရေးအေဂျင်စီအနေဖြင့် သင့်ကလေးအပေါ် ၎င်း၏အကဲဖြတ်ချက်ကို အဘယ်ကြောင့် သင်သဘောမတူသည်ကို (ဆိုလိုသည်မှာ သင် ပြင်ပအကဲဖြတ်ချက် လိုချင်သည့် အကြောင်းရင်းများ) မေးမြန်းနိုင်သော်လည်း သင့်အနေဖြင့် ထိုသို့လုပ်ဆောင်လိုခြင်းမရှိပါက ဤအကြောင်းကို ရှင်းပြရန် မလိုအပ်ပါ။ ပညာရေးအေဂျင်စီမှ သင့်ကလေးအား အကဲဖြတ်မှု တစ်ကြိမ်ပြုလုပ်တိုင်း သင့်အနေဖြင့် ပညာရေးအေဂျင်စီ၏ အကဲဖြတ်ရလဒ်များကို သင်သဘောမတူပါက ပညာရေးအေဂျင်စီမှ ငွေပေးချေသော ပြင်ပအကဲဖြတ်မှု တစ်ကြိမ်ကိုသာ ရယူပိုင်ခွင့်ရှိသည်။

သင့်ကလေးသည် ပညာရေးအေဂျင်စီ၏ စံသတ်မှတ်ချက်များနှင့် ကိုက်ညီသော ပြင်ပအကဲဖြတ်ချက်တစ်ခု ရရှိပြီးသည်နှင့်တစ်ပြိုင်နက်၊ မည်သူမှ ငွေပေးချေသည်ဖြစ်စေ၊ ပညာရေးအေဂျင်စီသည် ထိုအကဲဖြတ်ချက်၏ ရလဒ်ကို ထည့်သွင်းစဉ်းစားရမည့်အပြင် သင့်ကလေးအား သင့်လျော်သော အခမဲ့ အများပြည်သူပညာရေး (FAPE) ကို မည်သို့ ပေးအပ်မည်ကို ဆုံးဖြတ်ရပါမည်။

## ကြိုတင်ရေးသားထားသော အသိပေးချက် (Prior Written Notice)

### ခြုံငုံသုံးသပ်ချက်

ပညာရေးအေဂျင်စီသည် လုပ်ဆောင်ချက် အချို့ကို ပြုလုပ်ရန်အတွက် အဆိုမပြုမီ သို့မဟုတ် မငြင်းပယ်မီ သင့်လျော်သော အချိန်ကာလအတွင်း သင့်အား စာဖြင့်ရေးသားထားသော အသိပေးချက် (ကြိုတင်ရေးသားထားသော အသိပေးချက်ဟု ခေါ်ဆိုသည်) တစ်စောင် ပေးအပ်ရပါမည်။ ဤလုပ်ဆောင်ချက်များတွင် ပညာရေးအေဂျင်စီမှ သင့်ကလေး၏ မည်သူမည်ဝါခွဲခြားသတ်မှတ်ခြင်း၊ အကဲဖြတ်ခြင်း သို့မဟုတ် ပညာရေးဆိုင်ရာ နေရာချထားမှုကို စတင်ခြင်း သို့မဟုတ် ပြောင်းလဲခြင်း သို့မဟုတ် သင့်ကလေးအား သင့်လျော်သော အခမဲ့ အများပြည်သူပညာရေး ပေးအပ်ခြင်းတို့ ပါဝင်ပါသည်။ ကြိုတင်ရေးသားထားသော အသိပေးချက် (Prior written notice) သည် လိုအပ်သော အထူးပညာရေးဖောင်ပုံစံတစ်ခု ဖြစ်ပါသည်။

### ကြိုတင်ရေးသားထားသော အသိပေးချက်၏ အကြောင်းအရာများ

ကြိုတင်ရေးသားထားသော အသိပေးချက်တစ်ခုသည် သင့်အား သင့်ကလေး၏ ပညာရေးဝန်ဆောင်မှု ဆုံးဖြတ်ချက်များတွင် သတင်းအချက်အလက်ပြည့်စုံစွာဖြင့် သိရှိနားလည်ပြီး ပါဝင်ဆောင်ရွက်နိုင်စေရန် လုံလောက်သော အသေးစိတ်အချက်အလက်များကို ပေးအပ်ရပါမည်။ ကြိုတင်ရေးသားထားသော အသိပေးချက်တွင် အောက်ပါတို့ ပါဝင်ရပါမည် -

- ပညာရေးအေဂျင်စီမှ အဆိုပြုထားသော သို့မဟုတ် ငြင်းပယ်ထားသော လုပ်ဆောင်ချက်၏ ဖော်ပြချက်
- ပညာရေးအေဂျင်စီသည် ထိုလုပ်ဆောင်ချက်ကို ပြုလုပ်ရန်အဘယ်ကြောင့် အဆိုပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုလုပ်ရသည့် အကြောင်းရင်းရှင်းလင်းချက်
- ကျောင်းမှ ၎င်း၏ဆုံးဖြတ်ချက်ချရာတွင် အသုံးပြုသည့် အကဲဖြတ်ခြင်းလုပ်ထုံးလုပ်နည်း၊ ချင့်ချိန်ဆုံးဖြတ်ချက်၊ မှတ်တမ်း သို့မဟုတ် အစီရင်ခံစာ တစ်ခုစီ၏ ဖော်ပြချက်
- IDEA ၏ လုပ်ထုံးလုပ်နည်းဆိုင်ရာ လုံခြုံရေးစနစ်များအောက်တွင် သင် အကာအကွယ်ရရှိကြောင်း ကြေညာချက်နှင့် အသိပေးချက်သည် အကဲဖြတ်မှုအတွက် ကနဦးညွှန်းပို့ချက် မဟုတ်ပါက လုပ်ထုံးလုပ်နည်းဆိုင်ရာ လုံခြုံရေးစနစ်များ၏ ဖော်ပြချက်ကို သင် မည်သို့ရရှိနိုင်သည်ကို ဖော်ပြသည့် နည်းလမ်းများ
- IDEA ၏ လိုအပ်ချက်များကို နားလည်ရန် အကူအညီအတွက် သင် ဆက်သွယ်နိုင်သည့် အရင်းအမြစ်များ
- IEP အဖွဲ့ စဉ်းစားခဲ့သော အခြားရွေးချယ်စရာများ၏ ဖော်ပြချက်နှင့် ထိုရွေးချယ်စရာများကို အဘယ်ကြောင့် ပယ်ချခဲ့သည်ဟူသော အကြောင်းရင်းများ
- ပညာရေးအေဂျင်စီ၏ အဆိုပြုချက် သို့မဟုတ် ငြင်းပယ်ချက်နှင့် သက်ဆိုင်သည့် အခြားအချက်များ၏ ဖော်ပြချက်

### နားလည်နိုင်သော ဘာသာစကားဖြင့် ကြိုတင်ရေးသားထားသော အသိပေးချက်

ကြိုတင်ရေးသားထားသော အသိပေးချက်ကို လူထုအားလုံး နားလည်နိုင်သော ဘာသာစကားဖြင့် ပေးအပ်ရမည်ဖြစ်ပြီး ထိုသို့ပြုလုပ်ရန် လက်တွေ့မကျသည်မှာ ထင်ရှားသည့်အချိန်မှလွဲ၍ ၎င်းကို သင့်မိခင်ဘာသာစကား သို့မဟုတ် အခြားဆက်သွယ်ရေး နည်းလမ်းဖြင့်လည်း ရေးသားရပါမည်။

သင့်မိခင်ဘာသာစကား သို့မဟုတ် အခြားဆက်သွယ်ရေး နည်းလမ်းသည် စာရေးသားထားသော ဘာသာစကား *မဟုတ်ပါက* ပညာရေးအေဂျင်စီသည် ကြိုတင်ရေးသားထားသော အသိပေးချက်ကို နှုတ်ဖြင့် ဘာသာပြန်ဆိုခြင်း သို့မဟုတ် အခြားနားလည်နိုင်သော နည်းလမ်းဖြင့်၊ သင့်မိခင်ဘာသာစကား သို့မဟုတ် အခြားဆက်သွယ်ရေး နည်းလမ်းဖြင့် ပေးအပ်ရန် လုပ်ဆောင်မှုများ ပြုလုပ်ရပါမည်။ ကြိုတင်ရေးသားထားသော အသိပေးချက်ကို သင့်လျော်စွာ ဘာသာပြန်ဆိုခဲ့ကြောင်း နှင့် သင်သည် ၎င်း၏အကြောင်းအရာများကို နားလည်ခဲ့ကြောင်း ပညာရေးအေဂျင်စီအနေဖြင့် စာဖြင့် ပြသနိုင်စေရန် သေချာစေရပါမည်။

## တစ်ဦးတစ်ယောက်ချင်းစီအတွက် ရည်ရွယ်ထားသော ပညာရေးအစီအစဉ် (Individualized Education Program - IEP)

တစ်ဦးချင်းစီအတွက် ရည်ရွယ်ချက်ထားသော ပညာရေးအစီအစဉ် (IEP) သည် ပညာသင်နှစ်အတွင်း သင့်ကလေး အောင်မြင်ရန် ရည်မှန်းထားသည့် ပညာရေးဆိုင်ရာ ပန်းတိုင်များနှင့် ရည်မှန်းချက်များကို အကြမ်းဖော်ပြထားသည့် ကြေညာချက်များ ပါဝင်သော စာရွက်စာတမ်းတစ်ခု ဖြစ်ပါသည်။ ထို့အပြင် ၎င်းသည် IEP တွင် ဖော်ပြထားသော ပန်းတိုင်များကို အောင်မြင်စေရန် သင့်ကလေး လိုအပ်သည့် အထောက်အပံ့များနှင့် ဝန်ဆောင်မှုများကိုလည်း အကြမ်းဖော်ပြထားပါသည်။

IEP အဖွဲ့ဝင်များတွင် အောက်ပါတို့ ပါဝင်ပါသည် -

- မိဘ(များ)
- အနည်းဆုံး အထွေထွေပညာရေးဆရာ တစ်ဦး (အကယ်၍ ကလေးသည် သာမန်ပညာရေးပတ်ဝန်းကျင်တွင် ပါဝင်နေပါက သို့မဟုတ် ပါဝင်နိုင်ပါက)
- အနည်းဆုံး အထူးပညာရေးဆရာ တစ်ဦး သို့မဟုတ် ကလေး၏ ထောက်ပံ့ပေးသူ တစ်ဦး
- အရည်အချင်းပြည့်မီသော ပညာရေးအေဂျင်စီ ကိုယ်စားလှယ်တစ်ဦး
- အကဲဖြတ်ရလဒ်များ၏ ညွှန်ကြားချက်ဆိုင်ရာ အကျိုးသက်ရောက်မှုများ (implications) ကို ဘာသာပြန်ပေးနိုင်သူတစ်ဦး
- မိဘ သို့မဟုတ် ပညာရေးအေဂျင်စီ၏ ဆုံးဖြတ်ချက်အရ သင့်လျော်သော ဆက်စပ်ဝန်ဆောင်မှုဝန်ထမ်းများ အပါအဝင် ကလေးနှင့်ပတ်သက်သည့် အသိပညာဗဟုသုတ သို့မဟုတ် အထူးကျွမ်းကျင်မှုရှိသည့် အခြားပုဂ္ဂိုလ်များ
- သင့်တင့်လျောက်ပတ်သည့်အခါတိုင်း မသန်စွမ်းမှုရှိသောကလေး

**IEP ပြန်လည်သုံးသပ်ခြင်း** - IEP အဖွဲ့သည် IEP ကို ပြန်လည်သုံးသပ်ရန် တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် စည်းဝေးရန် လိုအပ်သော်လည်း၊ အထူးသဖြင့် ကလေးသည် တိုးတက်မှု မရှိပါက IEP ကို ပြုပြင်ရန် ပို၍မကြာခဏ စည်းဝေးနိုင်ပါသည်။ Ohio ပြည်နယ်တွင် နှစ်စဉ် IEP ပြန်လည်သုံးသပ်ခြင်းနှင့် ပြင်ဆင်ခြင်းသည် IEP အကောင်အထည်ဖော်ရန် မိဘ၏ သဘောတူညီချက် မလိုအပ်ပါ မိဘ၏ သဘောတူညီချက်ကို ကနဦး IEP အတွက်သာ လိုအပ်ပါသည်။ သင့်အနေဖြင့် IEP ဖွံ့ဖြိုးတိုးတက်မှုတွင် အကြံပြုချက်များ ပေးခြင်း၌ တက်ကြွစွာပါဝင်ပြီး IEP ပြန်လည်သုံးသပ်မှုများတွင် ပါဝင်ဆောင်ရွက်ရန် အထူးအားပေးသည်။

**မိဘ၏ပါဝင်ဆောင်ရွက်ခြင်း** - မသန်စွမ်းကလေး၏ မိဘများအနေဖြင့် သင်၌ အသိပေးခံရန် ရပိုင်ခွင့်ရှိပြီး IEP အဖွဲ့ အစည်းအဝေးတိုင်းတွင် ပါဝင်ဆောင်ရွက်ရန် အခွင့်အရေးရရှိရပါမည်။ သင့်အနေဖြင့် တက်ရောက်နိုင်စေရန်နှင့် အပြန်အလှန် သဘောတူညီထားသော အချိန်နှင့် နေရာတွင် အစည်းအဝေးကို စီစဉ်နိုင်စေရန် ပညာရေးအေဂျင်စီသည် အစည်းအဝေးအတွက် အသိပေးချက်ကို လုံလောက်စွာ ကြိုတင်ပေးအပ်ရပါမည်။



# ပညာရေးဆိုင်ရာ မှတ်တမ်းများ

## မှတ်တမ်းများကို လက်လှမ်းမီနိုင်ခြင်း

မိသားစု ပညာရေးဆိုင်ရာ အခွင့်အရေးနှင့် ကိုယ်ရေးကိုယ်တာ လုံခြုံရေး အက်ဥပဒေ (FERPA) သည် သင့်ကလေးများ၏ ပညာရေးဆိုင်ရာမှတ်တမ်းများကို စစ်ဆေးရန်နှင့် ပြန်လည်သုံးသပ်ရန် အခွင့်အရေးအချို့ကို ပေးအပ်သည့် ဖက်ဒရယ်ဥပဒေ ဖြစ်ပါသည်။ သင့်ကျောင်းသား အသက် 18 နှစ် ပြည့်သည့်အခါ သို့မဟုတ် အဆင့်မြင့်ပညာရေးကျောင်း (ကောလိပ် သို့မဟုတ် တက္ကသိုလ် ကဲ့သို့သော) စတင် တက်ရောက်သည့်အခါတွင်၊ မည်သည့်အရာမှ ပထမဦးစွာ ဖြစ်ပွားသည်ဖြစ်စေ၊ FERPA အောက်ရှိ အခွင့်အရေးများကို သင်မှ သင့်ကျောင်းသားသို့ လွှဲပြောင်းပေးအပ်ပါသည်။

### ပညာရေးဆိုင်ရာ မှတ်တမ်းများ ဆိုသည်မှာ အဘယ်နည်း။

ကျောင်းသားတစ်ဦးနှင့် ပတ်သက်သည့် အချက်အလက် တစ်ခုခုကို FERPA မှ ကာကွယ်ပေးခြင်း ရှိ၊ မရှိမှာ ၎င်းအရာသည် ပညာရေးဆိုင်ရာ မှတ်တမ်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီမှု ရှိ၊ မရှိအပေါ် မူတည်ပါသည်။ FERPA သည် ပညာရေးဆိုင်ရာမှတ်တမ်းများကို အောက်ပါအတိုင်း အဓိပ္ပာယ် ဖွင့်ဆိုထားသည် -

1. သီးခြားကျောင်းသားတစ်ဦးနှင့် တိုက်ရိုက်သက်ဆိုင်သည့် မှတ်တမ်းများ၊ ကျောင်းများမှ ပုဂ္ဂိုလ်ရေးအရ မည်သူမည်ဝါ ခွဲခြားသတ်မှတ်နိုင်သည့် အချက်အလက်များဟု တစ်ခါတစ်ရံ ခေါ်ဆိုသည်
2. ပညာရေးအေဂျင်စီ သို့မဟုတ် အဖွဲ့အစည်း (ဥပမာ၊ သင့်ကျောင်းခရိုင်) သို့မဟုတ် ထိုအေဂျင်စီအတွက် လုပ်ဆောင်သည့် အဖွဲ့တစ်ခုခုမှ ထိန်းသိမ်းထားသော မှတ်တမ်းများ

### ပုဂ္ဂိုလ်ရေးအရ မည်သူမည်ဝါ ခွဲခြားသတ်မှတ်နိုင်သည့် အချက်အလက်များတွင် အောက်ပါတို့ ပါဝင်သည် -

- သင့်ကလေး၏ အမည်
- မိသားစုဝင်တစ်ဦး၏ အမည်
- သင့်ကလေး၏ လိပ်စာ သို့မဟုတ် မိသားစု၏ လိပ်စာ
- သင့်ကလေး၏ လူမှုဖူလုံရေးနံပါတ်၊ ကျောင်းသားနံပါတ် သို့မဟုတ် ဇီဝဆိုင်ရာ အမှတ်အသား မှတ်တမ်း (biometric record) ကဲ့သို့သော ပုဂ္ဂိုလ်ရေးရာ သတ်မှတ်အချက်အလက်များ
- မွေးသက္ကရာဇ်၊ မွေးရပ်ဇာတိ၊ မိခင်၏ အိမ်ထောင်မကျခင် မိသားစုအမည်၊ လူမျိုး သို့မဟုတ် လူမျိုးစု ကဲ့သို့သော သင့်ကလေးအား ခွဲခြားသတ်မှတ်နိုင်သည့် အခြားသွယ်ဝိုက်သော နည်းလမ်းများ
- သက်ဆိုင်ရာ အခြေအနေများကို ကိုယ်တိုင်သိရှိခြင်း မရှိသော ကျောင်းအသိုင်းအဝိုင်းအတွင်းရှိ သင့်တင့်လျောက်ပတ်သော ဆင်ခြင်ဉာဏ်ရှိသူတစ်ဦးအနေဖြင့် ကျောင်းသားအား အတိုင်းအတာတစ်ခုထိ သေချာစွာ ခွဲခြားသတ်မှတ်နိုင်စေမည့်၊ တစ်ခုချင်းဖြစ်စေ သို့မဟုတ် ပေါင်းစပ်၍ဖြစ်စေ သတ်မှတ်ထားသော ကျောင်းသားတစ်ဦးဦးနှင့် ဆက်စပ်နေသော သို့မဟုတ် ဆက်စပ်နိုင်သော အခြားအချက်အလက်များ
- သင့်ကလေး၏ မည်သူမည်ဝါဖြစ်ကြောင်း သတ်မှတ်အချက်အလက်ကို သိရှိသည်ဟု ကျောင်းမှ ယုံကြည်သော ပုဂ္ဂိုလ်တစ်ဦးမှ တောင်းဆိုထားသော အချက်အလက်
- FERPA မှ အဓိပ္ပာယ်ဖွင့်ဆိုထားသည့် အခြားသောဥပမာများ

### မှတ်တမ်းများကို ထိန်းသိမ်းခြင်းနှင့် လျှို့ဝှက်ထားခြင်း (MAINTENANCE AND CONFIDENTIALITY OF RECORDS)

ပညာရေးဆိုင်ရာမှတ်တမ်းများကို နည်းလမ်းများစွာဖြင့် ထိန်းသိမ်းထားနိုင်ပါသည်။ ဥပမာအချို့မှာ -

- လက်ရေး
- ပုံနှိပ်
- ကွန်ပျူတာ
- ဗီဒီယို သို့မဟုတ် အသံတိပ်ခွေ
- ဖလင်၊ မိုက်ခရိုဖလင်၊ သို့မဟုတ် မိုက်ခရိုဖလင်စနစ် (microfiche)

ကျောင်းသားမှတ်တမ်းများသည် လျှို့ဝှက်ထားရမည့် အရာများဖြစ်သည်၊ ဆိုလိုသည်မှာ ၎င်းတို့သည် *ကိုယ်ရေးကိုယ်တာ* အချက်အလက်များဖြစ်သည်။ ပညာရေးအေဂျင်စီသည် သင့်ကလေး၏ မှတ်တမ်းများကို စုဆောင်း၊ သိမ်းဆည်း၊ ထုတ်ပြန် သို့မဟုတ် ဖျက်ဆီးသည့်အခါ ၎င်း၏ ကိုယ်ရေးကိုယ်တာ လုံခြုံမှုကို ကာကွယ်ရပါမည်။

## သင့်ကလေး၏ မှတ်တမ်းများကို ပြန်လည်သုံးသပ်ခြင်း

ပညာရေးအေဂျင်စီသည် သင့်ကို သင်ပါဝင်နေသည့် မည်သည့် IEP အဖွဲ့အစည်းအဝေး သို့မဟုတ် မည်သည့် တရားဝင်လုပ်ထုံးလုပ်နည်းအရ ပြုလုပ်သော သက်ဆိုင်ရာကိစ္စရပ်များ မတိုင်မီတွင် သင့်ကလေး၏ ပညာရေးမှတ်တမ်းများကို မလိုအပ်သော နှောင့်နှေးမှုမရှိဘဲ သုံးသပ်ခွင့်ပြုရပါမည်။ ပညာရေးအေဂျင်စီသည် သင့်တောင်းဆိုချက် ရက်စွဲမှ 45 ရက်ထက် ပို၍ မစောင့်ဆိုင်းဘဲ မှတ်တမ်းများကို ကြည့်ရှုခွင့်ပေးရပါမည်။

သင့်တွင် *သင့်*ကလေးနှင့် သက်ဆိုင်သော မှတ်တမ်းအတွင်းရှိ အချက်အလက်များကိုသာ ပြန်လည်သုံးသပ်ပိုင်ခွင့် ရှိပါသည်။ သင့်ကလေး၏ မှတ်တမ်းများနှင့် ပတ်သက်၍ ရှင်းလင်းချက်တောင်းဆိုရန် သင့်တွင် အခွင့်အရေးရှိပါသည်။ မှတ်တမ်းများကို စစ်ဆေးရန် သင့်ကိုယ်စား ဆောင်ရွက်ပေးမည့်သူတစ်ဦးကို ရရှိပိုင်ခွင့် သင့်တွင်ရှိပါသည် (မိတ်ဆွေ သို့မဟုတ် ရှေ့နေ ကဲ့သို့သော)။

ပညာရေးအေဂျင်စီသည် သင့်ကလေး၏ မှတ်တမ်းများ၏ မိတ္တူများကို သင့်အား ပေးအပ်နိုင်သည်၊ သို့သော် ဤသို့ပြုလုပ်ရန် ပျက်ကွက်ခြင်းသည် သင့်အနေဖြင့် မှတ်တမ်းများကို ပြန်လည်သုံးသပ်ခွင့် မရရှိနိုင်လျှင် ပညာရေးအေဂျင်စီသည် သင့်အား မိတ္တူများကို မဖြစ်မနေ ပေးအပ်ရပါမည်။ သင့်အနေဖြင့် မိတ္တူများကို သင်၏ကုန်ကျစရိတ်ဖြင့် ရယူပိုင်ခွင့် အမြဲရှိပါသည်။

## ပညာရေးဆိုင်ရာမှတ်တမ်းများတွင် ပြောင်းလဲမှုများ

သင့်တွင် သင့်ကလေး၏ ပညာရေးဆိုင်ရာမှတ်တမ်းများတွင် မှားယွင်းသော သို့မဟုတ် လွဲမှားစေနိုင်သော အချက်အလက်များကို ပြုပြင်ရန် ပညာရေးအေဂျင်စီအား တောင်းဆိုပိုင်ခွင့် ရှိပါသည်။ သင့်ကလေး၏ ကျောင်းသည် သင့်တောင်းဆိုချက်အရ (သင် တောင်းဆိုသောကြောင့်) ပညာရေးမှတ်တမ်းများကို ပြောင်းလဲရန် မလိုအပ်ပါ၊ သို့သော် ကျောင်းသည် သင့်တောင်းဆိုချက်ကို *ထည့်သွင်းစဉ်းစား* ရပါမည်။ ကျောင်းသည် သင်တောင်းဆိုသည့်အတိုင်း သင့်ကလေး၏ မှတ်တမ်းကို မပြောင်းလဲရန် ဆုံးဖြတ်ပါက ကျောင်းသည် သင့်အား ထိုကိစ္စကို ဆွေးနွေးရန် ကြားနာခြင်းတောင်းဆိုခွင့် သင့်တွင်ရှိကြောင်း ပြောပြရပါမည်။

ကြားနာခြင်းအပြီးတွင် ကျောင်းသည် ပညာရေးမှတ်တမ်းတစ်ခုကို မပြောင်းလဲရန် ဆက်လက်ဆုံးဖြတ်ပါက သင့်ကလေး၏ မှတ်တမ်းတွင် ထိုကိစ္စနှင့် ပတ်သက်သည့် သင်၏ဖော်ပြချက်ကို ထည့်သွင်းခွင့် သင့်တွင်ရှိပါသည်။ ဤဖော်ပြချက်သည် သင့်ကလေး၏ မှတ်တမ်း၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဆက်လက်တည်ရှိရပါမည်။

## ပညာရေးဆိုင်ရာမှတ်တမ်းများ မျှဝေခြင်း

ပုံမှန်အားဖြင့် ပညာရေးအေဂျင်စီသည် *သင့်ကလေးအား မည်သူမည်ဝါခွဲခြားသတ်မှတ်နိုင်သော ပညာရေးမှတ်တမ်းများကို သင့်မှအပ အခြားသူတစ်ဦးဦးနှင့် မျှဝေလိုပါက သင့်ထံမှ စာဖြင့် ခွင့်ပြုချက်ရယူရပါမည်*။ သို့သော် သင့်ခွင့်ပြုချက် မလိုအပ်သည့် အခြေအနေအချို့ ရှိပါသည်။ ပညာရေးအေဂျင်စီသည် မှတ်တမ်းများကို မျှဝေရန် *သင့်ထံမှ စာဖြင့် ခွင့်ပြုချက် ရယူရန် မလိုအပ်သည့်* အခြေအနေများနှင့် ပတ်သက်၍ ပိုမိုသိရှိရန် မိဘများအတွက် FERPA အထွေထွေလမ်းညွှန်ချက်ကို အမေရိကန် ပညာရေးဌာန၏ ဝက်ဘ်ဆိုဒ် www.ed.govတွင်ကြည့်ရှုပါ။



Ohio Department of Education & Workforce

# အငြင်းပွားမှုဖြေရှင်းခြင်း (Dispute Resolution)

## အငြင်းပွားမှုဖြေရှင်းရေးလုပ်ငန်းစဉ် (Dispute Resolution Process)

မသန်စွမ်းမှုရှိသော သင့်ကလေး၏ ပညာရေးနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုရှိပါက ပထမဆုံးအဆင့်မှာ သင့်ပညာရေးအေဂျင်စီနှင့် လက်တွဲဆောင်ရွက်ရန်ဖြစ်သည်။ စတင်ရန် သင့်ကျောင်းသား၏ ဆရာ သို့မဟုတ် အထူးပညာရေးဒါရိုက်တာကို ဆက်သွယ်ပါ။ ထိုပုဂ္ဂိုလ်အား သင်စဉ်းစားနေသည်များကို ပြောပြပါ။ သင့်စိုးရိမ်မှုနှင့် ပတ်သက်၍ သင်နှင့် ပညာရေးအေဂျင်စီ သဘောမတူပါက ပြဿနာကို ဖြေရှင်းရန် သင်တို့အတူတကွလုပ်ဆောင်နိုင်သည့် နည်းလမ်းများ ရှိပါသည်။

ဤလုပ်ငန်းစဉ်များတွင် သင့်ပညာရေးအေဂျင်စီ အသုံးပြုနိုင်သည့် တရားဝင်အမည်များ ရှိသော်လည်း ဤလမ်းညွှန်စာစောင်သည် ထိုအမည်များ၏ အဓိပ္ပာယ်နှင့် သင်နှင့် ကျောင်းတို့ သင့်ကလေးအား မည်သို့ ကူညီနိုင်သည်ကို နားလည်စေရန် အထောက်အကူပြုပါမည်။ အောက်ပါအပိုင်းသည် သင့်ပညာရေးအေဂျင်စီနှင့် လက်တွဲလုပ်ဆောင်ရန် သင်အသုံးပြုနိုင်သည့် ဤလုပ်ငန်းစဉ်များ သို့မဟုတ် နည်းလမ်းများကို ဖော်ပြထားသည်။

### စီမံခန့်ခွဲရေးဆိုင်ရာ ပြန်လည်သုံးသပ်ခြင်း (ADMINISTRATIVE REVIEW)

မသန်စွမ်းမှုရှိသော သင့်ကလေး၏ ပညာရေးနှင့် ပတ်သက်၍ သင့်ပညာရေးအေဂျင်စီ၏ ဆုံးဖြတ်ချက်နှင့် သဘောမတူပါက သင့်အနေဖြင့် အေဂျင်စီ၏ စီမံခန့်ခွဲရေးဌာနသို့ တိုင်ကြားချက် တင်သွင်းနိုင်သည်။ တုံ့ပြန်မှုအနေဖြင့် သင့်ပညာရေးအေဂျင်စီ ကြီးကြပ်အုပ်ချုပ်သူ (superintendent) (သို့မဟုတ် ခန့်အပ်ထားသူ) သည် စီမံခန့်ခွဲရေးဆိုင်ရာ ပြန်လည်သုံးသပ်မှု တစ်ခုကို ဆောင်ရွက်ပါလိမ့်မည်။ ဤပြန်လည်သုံးသပ်မှုတွင် စီမံခန့်ခွဲရေးဆိုင်ရာ ကြားနာခြင်းတစ်ခု ပါဝင်နိုင်သည်။

ပြန်လည်သုံးသပ်ခြင်းနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ကြားနာခြင်း တစ်ခုကျင်းပပါက လိုအပ်သော ပါဝင်သူအားလုံးအတွက် အဆင်ပြေသည့် အချိန်နှင့် နေရာတွင် ကျင်းပရပါမည်။ သင် နှင့် ပညာရေးအေဂျင်စီ နှစ်ဦးစလုံးသည် ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် စီမံခန့်ခွဲရေးဆိုင်ရာ ကြားနာခြင်းသို့ အခြားသူများကို ဖိတ်ကြားနိုင်သည်။ ဥပမာအားဖြင့် သင်သည် အခြားမိသားစုဝင်များ သို့မဟုတ် မိတ်ဆွေတစ်ဦး၊ အထူးပညာရေးအကြောင်း အသိပညာရှိသူ တစ်ဦး သို့မဟုတ် ရှေ့နေတစ်ဦးကို ဖိတ်ကြားနိုင်သည်။ သင့်ကလေးအား ဖွံ့ဖြိုးမှုဆိုင်ရာ မသန်စွမ်းမှုရှိသူများအတွက် ကောင်တီဘုတ်အဖွဲ့ သို့မဟုတ် အခြားအများပြည်သူ ပညာရေးအေဂျင်စီမှ စီမံခန့်ခွဲသော အစီအစဉ်တစ်ခုဖြင့် ပညာသင်ကြားပေးပါက ပညာရေးအေဂျင်စီသည် စီမံခန့်ခွဲရေးဆိုင်ရာ ပြန်လည်သုံးသပ်မှုအတွက် ဘုတ်အဖွဲ့ သို့မဟုတ် အေဂျင်စီနှင့် တိုင်ပင်ရပါမည်။

အခြေအနေကို ပြန်လည်သုံးသပ်ရာတွင် သင့်ကလေး၏ ပညာရေးနှင့် ပတ်သက်သည့် သဘောထားကွဲလွဲမှုကို ဖြေရှင်းရန် ကြိုးပမ်းအားထုတ်မှု အားလုံးကို ပြုလုပ်သင့်ပါသည်။ ကြီးကြပ်အုပ်ချုပ်သူ (superintendent) (သို့မဟုတ် ခန့်အပ်ထားသူ) သည် သဘောထားကွဲလွဲမှု၏ နှစ်ဖက်စလုံးကို နားထောင်ပြီး ဆုံးဖြတ်ချက်ချမည်ဖြစ်သည်။ ဆုံးဖြတ်ချက်ချပြီးသည်နှင့် တစ်ပြိုင်နက် ကြီးကြပ်အုပ်ချုပ်သူ (superintendent) သည် ထိုဆုံးဖြတ်ချက်ကို သင့်အား စာဖြင့် အသိပေးရပါမည်။ ဤသို့ပြုလုပ်ရမည်မှာ သင့်စိုးရိမ်မှုကို ပညာရေးအေဂျင်စီအား သင် ပထမဆုံးအကြိမ် အသိပေးသည့်နေ့မှ ရက် 20 အတွင်း ဖြစ်ရပါမည်။

### သင်ပြုလုပ်နိုင်သည့် ထပ်ဆောင်းလုပ်ငန်းစဉ်များ

ဤလုပ်ငန်းစဉ်ကို ပြီးမြောက်ပြီးနောက် သင်နှင့် ပညာရေးအေဂျင်စီတို့သည် ပြဿနာအား မည်သို့ဖြေရှင်းရမည်ကို သဘောတူညီမှုမရသေးပါက သင် ပြုလုပ်နိုင်သည့် ထပ်ဆောင်းလုပ်ငန်းစဉ်များ ရှိပါသေးသည်။ အခြားအငြင်းပွားမှုဖြေရှင်းရေး လုပ်ငန်းစဉ်များဆီသို့ ရွှေ့ပြောင်းခြင်းမပြုမီ သင့်အနေဖြင့် စီမံခန့်ခွဲရေးဆိုင်ရာ ပြန်လည်သုံးသပ်မှု တောင်းဆိုရန် မလိုအပ်သော်လည်း ထိုသို့လုပ်ဆောင်ရန် အားပေးထားပါသည်။
ပြဿနာကို ဖြေရှင်းရန် သင် အသုံးပြုနိုင်သည့် ထပ်ဆောင်းရွေးချယ်စရာများ ရှိပါသည်။ အထူးလိုအပ်ချက်ရှိသော ကလေးများအတွက် Ohio ပြည်နယ် ပညာရေးနှင့် အလုပ်သမားအင်အားရေးရာဌာနရုံး အနေဖြင့် ပါဝင်ဆောင်ရွက်နိုင်ပြီး သင့်စိုးရိမ်မှုများကို ကူညီဖြေရှင်းရန် သင်၏ ထပ်ဆောင်းနည်းလမ်းများ တောင်းဆိုချက်တွင် သင့်အား ကူညီပေးနိုင်ပါသည်။ အောက်ပါ အဖွဲ့အစည်းများမှလည်း သင့်ကို ကူညီနိုင်ပါသည် -

- (ဖုန်းနံပါတ် #______________________________)တွင်ခေါ်ဆိုနိုင်သော သင့်ဒေသတွင်း ပြည်နယ်အထောက်အပံ့အဖွဲ့ (ဒေသ #______________________________)။ ပြည်နယ်အထောက်အပံ့အဖွဲ့ရှိ မိဘနှင့် မိသားစုဆိုင်ရာ တိုင်ပင်ဆွေးနွေးပေးသူသည် သင်နှင့် လက်တွဲလုပ်ဆောင်ပါလိမ့်မည်။
- အကယ်၍ သင့်ပညာရေးအေဂျင်စီတွင် ရှိပါက၊ သင့်ဒေသတွင်း မိဘရေးရာ လမ်းညွှန်ပေးသူ (parent mentor)။



Ohio Department of Education & Workforce

- ○ မိဘရေးရာ လမ်းညွှန်ပေးသူ (parent mentor) သည် မသန်စွမ်းမှုရှိသော ကလေး၏ မိသားစုများနှင့် ပညာရေးအေဂျင်စီများအား အချက်အလက်များနှင့် အကူအညီများ ထောက်ပံ့ပေးပါသည်။ မိဘရေးရာ လမ်းညွှန်ပေးသူသည် ပညာရေးအေဂျင်စီ ဝန်ထမ်းတစ်ဦးဖြစ်ပြီး မသန်စွမ်းမှုရှိသော ကလေးတစ်ဦး၏ မိဘလည်းဖြစ်သည်။
  - ○ ပိုမိုသိရှိလိုပါက အောက်ပါတို့ကို ဆက်သွယ်ပါ_________________________________________________________ -

- Ohio ပြည်နယ် မသန်စွမ်းကလေးများ ပညာရေးဆိုင်ရာ ညွန့်ပေါင်းအဖွဲ့ (Ohio Coalition for the Education of Children with Disabilities - OCECD)
  - ○ OCECD သည် Ohio ပြည်နယ်အတွင်း မသန်စွမ်းသော မွေးကင်းစ၊ လမ်းလျှောက်တတ်စ၊ ကလေးနှင့် လူငယ်များ၏ မိသားစုများ၊ ဆရာများနှင့် ၎င်းတို့ကို ဝန်ဆောင်မှုပေးသည့် အေဂျင်စီများအတွက် ဝန်ဆောင်မှုပေးသော ပြည်နယ်တစ်ဝှမ်းလုံးဆိုင်ရာ အကျိုးအမြတ်မယူသော အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ OCECD ၏ အစီအစဉ်များသည် မိဘများအား ပညာရေးဆိုင်ရာ နေရာအသီးသီးတွင် သတင်းအချက်အလက်ပြည့်စုံပြီး ထိရောက်သော ကိုယ်စားလှယ်များဖြစ်လာစေရန် အထောက်အကူပြုပါသည်။

ပိုမိုသိရှိလိုပါက OCECD ကို (740) 382-5452 တွင် ဖုန်းခေါ်ဆိုပါ သို့မဟုတ် OCECD ဝက်ဘ်ဆိုဒ် www.ocecd.orgသို့ ဝင်ရောက်ကြည့်ရှုပါ။

## တိုင်ကြားချက်အား စောစီးစွာဖြေရှင်းခြင်း (Early Complaint Resolution)

တိုင်ကြားချက်အား စောစီးစွာဖြေရှင်းခြင်း (Early Complaint Resolution) ဆိုသည်မှာ သင့်အနေဖြင့် ပညာရေးအေဂျင်စီနှင့် သဘောထားကွဲလွဲမှုများကို အခြားအငြင်းပွားမှုဖြေရှင်းရေး ရွေးချယ်စရာများကို စတင်အသုံးမပြုရသေးမီ ပုံမှန်အားဖြင့် အလွတ်သဘော ဖြေရှင်းရန် ကြိုးပမ်းသည့်အခါ ဖြစ်သည်။ အထူးလိုအပ်ချက်ရှိသော ကလေးများအတွက် Ohio ပြည်နယ် ပညာရေးနှင့် အလုပ်သမားအင်အားရေးရာဌာနရုံးမှ ပုဂ္ဂိုလ်တစ်ဦးသည် သင့်ကလေး၏ ပညာရေးနှင့်ပတ်သက်သည့် သင့်မေးခွန်းများနှင့် စိုးရိမ်ပူပန်မှုများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် သင့်အား ကူညီရန် သင်နှင့်အတူ လုပ်ဆောင်ပါလိမ့်မည်။

Ohio ပြည်နယ် ပညာရေးနှင့် အလုပ်သမားအင်အားရေးရာဌာနသည် စာဖြင့်ရေးသားထားသော တိုင်ကြားချက်များ သို့မဟုတ် တရားဝင်လုပ်ထုံးလုပ်နည်းအရ ကြားနာခြင်းများကဲ့သို့သော ပိုမိုတရားဝင်နည်းလမ်းတကျလုပ်ဆောင်ရသော လုပ်ငန်းစဉ်များကို သင့်အနေဖြင့် တောင်းဆိုမှုမပြုမီ <u>တိုင်ကြားချက်အား စောစီးစွာဖြေရှင်းခြင်း</u> ပြုလုပ်ရန် အားပေးပါသည်။ သင့်အနေဖြင့် သင့်ကလေး၏ ပညာရေးနှင့်ပတ်သက်သည့် သင့်မေးခွန်းများနှင့် စိုးရိမ်ပူပန်မှုများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ကူညီရန် အထူးလိုအပ်ချက်ရှိသော ကလေးများအတွက် Ohio ပြည်နယ် ပညာရေးနှင့် အလုပ်သမားအင်အားရေးရာဌာနရုံးမှ ပုဂ္ဂိုလ်တစ်ဦးဦးကို ဆက်သွယ်နိုင်ပါသည်။ တိုင်ကြားချက်အား စောစီးစွာဖြေရှင်းခြင်းနှင့်ပတ်သက်၍ တစ်စုံတစ်ဦးနှင့် စကားပြောလိုပါက ကျေးဇူးပြု၍ ဌာနကို ဆက်သွယ်ပါ -

- ဖုန်းဖြင့် - (614) 466-2650 သို့မဟုတ် အခမဲ့ ဖုန်းနံပါတ် (877) 644-6338
- အီးမေးလ်ဖြင့် - exceptionalchildren@education.ohio.gov

## လွယ်ကူချောမွေ့အောင် လမ်းညွှန်ညှိနှိုင်းပေးခြင်း (Facilitation)

သင့်ကလေး၏ အထူးပညာရေးအတွက် အကဲဖြတ်ခြင်း သို့မဟုတ် ပြန်လည်အကဲဖြတ်ခြင်း သို့မဟုတ် သင့်ကလေး၏ တစ်ဦးတစ်ယောက်ချင်းစီအတွက် ရည်ရွယ်ထားသော ပညာရေးအစီအစဉ် (IEP) နှင့် ပတ်သက်၍ သင့်အနေဖြင့် စိုးရိမ်ပူပန်မှုရှိပါက လွယ်ကူချောမွေ့အောင် လမ်းညွှန်ညှိနှိုင်းပေးခြင်း (Facilitation) ဟုခေါ်သည့် ရွေးချယ်စရာတစ်ခုသည် သင့်အတွက် အဆင်ပြေနိုင်ပါသည်။

လွယ်ကူချောမွေ့အောင် လမ်းညွှန်ညှိနှိုင်းပေးခြင်း (Facilitation) ဆိုသည်မှာ သင့်ကလေး၏ အကဲဖြတ်ခြင်း သို့မဟုတ် IEP အဖွဲ့ (သင်ကိုယ်တိုင်လည်း ဤအဖွဲ့၏ အဖွဲ့ဝင်ဖြစ်သည်) အစည်းအဝေးတစ်ခုသို့ လမ်းညွှန်ညှိနှိုင်းပေးသူ (facilitator) တစ်ဦးအား တက်ရောက်ရန်အတွက် စီစဉ်ပေးရန် ဌာနကို သင် တောင်းဆိုသည့်အခါ ဖြစ်သည်။ ပညာရေးအေဂျင်စီသည်လည်း သင့်ကလေး၏ အထူးပညာရေးနှင့် သက်ဆိုင်သည့် ဤအစည်းအဝေးများအနက်မှ တစ်ခုခုတွင် လမ်းညွှန်ညှိနှိုင်းပေးသူ (facilitator) တစ်ဦးအတွက် ဌာနသို့ တောင်းဆိုချက် တင်သွင်းနိုင်ပါသည်။ အစည်းအဝေးတွင် လမ်းညွှန်ညှိနှိုင်းပေးသူ (facilitator) ပါဝင်ရန် သင် နှင့် ပညာရေးအေဂျင်စီ နှစ်ဖက်စလုံး သဘောတူညီရပါမည်။

### လွယ်ကူချောမွေ့အောင် လမ်းညွှန်ညှိနှိုင်းပေးခြင်း၏ ရည်ရွယ်ချက်

လွယ်ကူချောမွေ့အောင် လမ်းညွှန်ညှိနှိုင်းပေးခြင်း (Facilitation) သည် တစ်ဦးတစ်ယောက်ချင်းစီအတွက် ရည်ရွယ်ထားသော ပညာရေးအစီအစဉ် (IEP) အဖွဲ့အစည်းအဝေး၊ အကဲဖြတ်မှု စီစဉ်ရေးအစည်းအဝေး သို့မဟုတ် အကဲဖြတ်အဖွဲ့ အစည်းအဝေး ကဲ့သို့သော အဖွဲ့အစည်း အစည်းအဝေးတွင် ပြုလုပ်ပါသည်။ လမ်းညွှန်ညှိနှိုင်းပေးသူ (facilitator) သည် အဖွဲ့၏ အဖွဲ့ဝင်မဟုတ်သလို အဖွဲ့အတွက် ဆုံးဖြတ်ချက်များလည်း မချသော ဘက်မလိုက်သော ကြားခံလူ (neutral third party) ဖြစ်သည်။ လမ်းညွှန်ညှိနှိုင်းပေးသူ (facilitator) တစ်ဦးရှိခြင်းသည် အဖွဲ့အား ထိရောက်စွာအလုပ်ပြီးမြောက်စေရန်နှင့် ကျောင်းသားအပေါ် အာရုံစိုက်မှု ဆက်လက်ထားရှိစေရန် အထောက်အကူပြုပါသည်။ လမ်းညွှန်ညှိနှိုင်းပေးသူများ (Facilitators) သည် အထူးပညာရေးလုပ်ငန်းစဉ်များတွင် အထူးလိုအပ်ချက်ရှိသောကလေးများအတွက်ရုံး (Office for Exceptional Children) မှ လေ့ကျင့်သင်ကြားပေးထားသော ဖျန်ဖြေညှိနှိုင်းပေးသူ ပညာရှင်များ (professional mediators) ဖြစ်ကြသည်။

သင်သည် မည်သည့်အချိန်တွင်မဆို လွယ်ကူချောမွေ့အောင် လမ်းညွှန်ညှိနှိုင်းပေးခြင်း (Facilitation) ကို တောင်းဆိုနိုင်ပါသည်။ သင်တောင်းဆိုပြီးသည်နှင့်တစ်ပြိုင်နက် သင်နှင့် ပညာရေးအေဂျင်စီ နှစ်ဖက်စလုံး ပါဝင်ဆောင်ရွက်ရန် သဘောတူညီရပါမည်။ သင်တို့နှစ်ဦးစလုံး သဘောတူညီပါက အထူးလိုအပ်ချက်ရှိသောကလေးများအတွက်ရုံး (Office for Exceptional Children) သည် သင့်အတွက် လမ်းညွှန်ညှိနှိုင်းပေးသူတစ်ဦးကို ခန့်အပ်ပေးပါမည်။ လွယ်ကူချောမွေ့အောင် လမ်းညွှန်ညှိနှိုင်းပေးခြင်း (Facilitation) အတွက် သင် သို့မဟုတ် ပညာရေးအေဂျင်စီ မည်သည့်ဘက်ကမျှ ကုန်ကျစရိတ်မရှိပါ။

**လမ်းညွှန်ညှိနှိုင်းပေးသူ (THE FACILITATOR) -**



- ဘက်မလိုက်သော ကြားခံလူ (သင် သို့မဟုတ် ပညာရေးအေဂျင်စီဘက်မှ ရပ်တည်ခြင်း သို့မဟုတ် အလုပ်လုပ်ခြင်း မပြုပါ) အဖြစ် ဆက်လက်တည်ရှိသည်
- ပညာရှင်အဆင့် လေ့ကျင့်သင်ကြားထားသော *ဖျန်ဖြေညှိနှိုင်းပေးသူ* (အငြင်းပွားမှုများကို ဖြေရှင်းရန် အထောက်အကူပြုသော အရည်အချင်းပြည့်မီသူ) တစ်ဦးဖြစ်သည်
- အထူးပညာရေးနှင့်ပတ်သက်သော ဥပဒေများနှင့် လိုအပ်ချက်များကို လေ့ကျင့်သင်ကြားထားပြီး သိရှိထားသည်
- သင့်ကလေး၏ IEP သို့မဟုတ် အကဲဖြတ်အဖွဲ့၏ အစိတ်အပိုင်း မဟုတ်ပါ
- ဆုံးဖြတ်ချက်များ မချမှတ်ပါ သို့သော် အဖွဲ့အား ဖြေရှင်းနည်းများ ရှာတွေ့ရန် လမ်းညွှန်ပေးသည်
- သင်နှင့် ပညာရေးအေဂျင်စီအကြား ဆွေးနွေးမှုကို ဖွင့်ပေးရန် အထောက်အကူပြုသည်
- အစည်းအဝေးကို လမ်းကြောင်းမှန်ပေါ်တွင်ရှိစေရန် ထိန်းသိမ်းထားပြီး လုပ်ငန်းစဉ်ကို လေးစားမှုရှိစေရန် လူတိုင်းကို ကူညီသည်
- အဖွဲ့အား သင့်ကလေးနှင့် သင့်ကလေး၏ လိုအပ်ချက်များအပေါ် အာရုံစိုက်စေသည်

**လွယ်ကူချောမွေ့အောင် လမ်းညွှန်ညှိနှိုင်းပေးခြင်း (FACILITATION) နှင့်ပတ်သက်၍ မှတ်သားထားရန် အဓိကအချက်များ -**

- လွယ်ကူချောမွေ့အောင် လမ်းညွှန်ညှိနှိုင်းပေးခြင်း (Facilitation) သည် မိမိဆန္ဒအလျောက် ပါဝင်ခြင်း ဖြစ်သည်။
  - သင်နှင့် ပညာရေးအေဂျင်စီ နှစ်ဖက်စလုံး လုပ်ငန်းစဉ်တွင် ပါဝင်ရန် သဘောတူညီရပါမည်။ အစည်းအဝေးတစ်ခုတွင် လမ်းညွှန်ညှိနှိုင်းပေးသူ (facilitator) တစ်ဦး ရှိရန် သင် နှင့် ပညာရေးအေဂျင်စီ သဘောတူညီပါက ၎င်းသည် သင် ပညာရေးအေဂျင်စီနှင့် အစည်းအဝေးတွင် သဘောတူရမည် သို့မဟုတ် အစည်းအဝေး မည်သို့အဆုံးသတ်သည်ကို သဘောတူရမည်ဟု မဆိုလိုပါ။ မိဘများအား ၎င်းတို့၏ ကိုယ်ပိုင်အမြင်များထားရှိခြင်းကို အမြဲခွင့်ပြုထားသည်။
- လွယ်ကူချောမွေ့အောင် လမ်းညွှန်ညှိနှိုင်းပေးခြင်း (facilitation) အစည်းအဝေးအတွင်း ပြုလုပ်သည့် မည်သည့်သဘောတူညီချက်မဆို ယေဘုယျအားဖြင့် လိုက်နာရမည့်တာဝန် (binding) ရှိပါသည်။ ဆိုလိုသည်မှာ သင်နှင့် ပညာရေးအေဂျင်စီ နှစ်ဖက်စလုံးသည် ဆုံးဖြတ်ချက်ကို အပြန်အလှန်ချမှတ်ပြီးနောက် သဘောတူညီချက်ကို လိုက်နာရမည် ဖြစ်သည်။
  - သင့်ကလေး၏ အကဲဖြတ်ခြင်း သို့မဟုတ် IEP နှင့်ပတ်သက်၍ သင်နှင့် ပညာရေးအေဂျင်စီ လက်မှတ်ရေးထိုးသည့် မည်သည့်စာရွက်စာတမ်းမဆိုသည် မည်သည့်အခြား IEP သို့မဟုတ် အကဲဖြတ်အဖွဲ့ အစည်းအဝေးတွင် ၎င်းတို့ လက်မှတ်ရေးထိုးခဲ့သည့် စာရွက်စာတမ်းများနှင့် အတူတူပင်တန်ဖိုးရှိသည်။

လွယ်ကူချောမွေ့အောင် လမ်းညွှန်ညှိနှိုင်းပေးခြင်း (facilitation) နှင့်ပတ်သက်၍ ပိုမိုသိရှိလိုပါက Ohio ပြည်နယ် ပညာရေးနှင့် အလုပ်သမားအင်အားရေးရာဌာန ဝက်ဘ်ဆိုဒ် [education.ohio.gov](education.ohio.gov) သို့ သွားရောက်ပြီး ***facilitation***ဟု ရှာဖွေပါ။

**လွယ်ကူချောမွေ့အောင် လမ်းညွှန်ညှိနှိုင်းပေးခြင်း (Facilitation) တောင်းဆိုရန်**

ကျောင်းခရိုင်သည် ဤလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ရန် ဆန္ဒရှိ၊ မရှိ သိရှိရန် သင့်ပညာရေးအေဂျင်စီ၏ အထူးပညာရေးဒါရိုက်တာအား ________________________________________ တွင် _____________ဆက်သွယ်ပါ။ နှစ်ဖက်စလုံးသည် လွယ်ကူချောမွေ့အောင် လမ်းညွှန်ညှိနှိုင်းပေးခြင်း (facilitation) တွင် ပါဝင်ရန် သဘောတူညီပါက ကျေးဇူးပြု၍ အထူးလိုအပ်ချက်ရှိသော ကလေးများအတွက် Ohio ပြည်နယ် ပညာရေးနှင့် အလုပ်သမားအင်အားရေးရာဌာနရုံးသို့ ဆက်သွယ်ပါ -

- ဖုန်းဖြင့် - (877) 644-6338
- အီးမေးလ်ဖြင့် – [OECMediationFacilitation@education.ohio.gov](mailto:OECMediationFacilitation@education.ohio.gov)



Ohio Department of Education & Workforce

## ဖျန်ဖြေညှိနှိုင်းခြင်း (Mediation)



ဖျန်ဖြေညှိနှိုင်းခြင်း (Mediation) ဆိုသည်မှာ သင်နှင့် ပညာရေးအေဂျင်စီတို့သည် သင်၏ မသန်စွမ်းကျောင်းသားတစ်ဦး သို့မဟုတ် မသန်စွမ်းမှုရှိမည်ဟု *သံသယရှိသည့်* သင့်ကျောင်းသားတစ်ဦး၏ ပညာရေးနှင့်ပတ်သက်သည့် သဘောတူညီချက်တစ်ခုသို့ ရောက်ရှိရန်အတွက် အကူအညီပေးရန် အစည်းအဝေးတစ်ခုသို့ ကြားခံပညာရှင် (third party professional) တစ်ဦး လာရောက်ရန် သဘောတူညီသည့်အခါ ဖြစ်သည်။ ကြားခံလူ (Third-party) ဆိုသည်မှာ ဖျန်ဖြေညှိနှိုင်းပေးသူ (mediator) ဟုလည်းခေါ်ဆိုသည့် မည်သည့်ဘက်ကိုမျှ ရပ်တည်ခြင်းမရှိဘဲ မိဘ သို့မဟုတ် ပညာရေးအေဂျင်စီအတွက် အလုပ်လုပ်ခြင်း သို့မဟုတ် ၎င်းတို့ကိုယ်စား လုပ်ဆောင်ခြင်း မပြုသော ထိုပုဂ္ဂိုလ်အားဆိုလိုသည်။ ဖျန်ဖြေညှိနှိုင်းခြင်း (Mediation) သည် သင့်ကလေး၏ အထူးပညာရေးနှင့် သက်ဆိုင်သော သဘောထားကွဲလွဲမှု ဖြစ်ပေါ်သည့် မည်သည့်အချိန်တွင်မဆို သင်နှင့် ပညာရေးအေဂျင်စီများအတွက် ရွေးချယ်စရာ တစ်ခုဖြစ်သည်။

### ဖျန်ဖြေညှိနှိုင်းခြင်း (MEDIATION) သည် အခမဲ့ဖြစ်ပြီး မည်သည့်အချိန်တွင်မဆို တောင်းဆိုနိုင်သည်

ဖျန်ဖြေညှိနှိုင်းခြင်း (Mediation) ကို မည်သည့်အချိန်တွင်မဆို တောင်းဆိုနိုင်ပါသည်။ ဖျန်ဖြေညှိနှိုင်းခြင်း (Mediation) တောင်းဆိုပြီးသည်နှင့် တစ်ပြိုင်နက် သင်နှင့် ပညာရေးအေဂျင်စီ နှစ်ဖက်စလုံး လုပ်ငန်းစဉ်တွင် ပါဝင်ရန် သဘောတူညီရပါမည်။ သင်တို့နှစ်ဖက်စလုံး ပါဝင်ရန် သဘောတူညီပါက အထူးလိုအပ်ချက်ရှိသောကလေးများအတွက်ရုံး (Office for Exceptional Children) သည် သင့်အတွက် ဖျန်ဖြေညှိနှိုင်းပေးသူ (mediator) တစ်ဦးကို ခန့်အပ်ပေးပါမည်။ ဖျန်ဖြေညှိနှိုင်းပေးသူ (mediator) သည် သင့်ကလေး၏ အထူးပညာရေးနှင့် သက်ဆိုင်သည့် ပြဿနာကို သင်မည်သို့ ဖြေရှင်းရမည်ကို ပြောပြ၍ မရပါ။ ထိုအစား ဖျန်ဖြေညှိနှိုင်းပေးသူ (mediator) သည် သင့်ကလေးနှင့် သက်ဆိုင်သည့် စိုးရိမ်ပူပန်မှုများကို နှစ်ဖက်စလုံး ဆွေးနွေးရန်နှင့် ဖြေရှင်းနည်းတစ်ခု ရှာဖွေရန် ကူညီပေးပါသည်။

သင့်အနေဖြင့် တရားဝင်နည်းလမ်းတကျ တိုင်ကြားချက် တင်သွင်းရန် သို့မဟုတ် တရားဝင်လုပ်ထုံးလုပ်နည်းအရ ကြားနာခြင်း (စာမျက်နှာ 17-28 ကို ကြည့်ပါ) တောင်းဆိုရန် ဆုံးဖြတ်ပါက Ohio ပြည်နယ် ပညာရေးနှင့် အလုပ်သမားအင်အားရေးရာဌာနသည် ဖျန်ဖြေညှိနှိုင်းခြင်း (mediation) ကို ပထမဆုံးအဆင့်အဖြစ် ထည့်သွင်းစဉ်းစားရန် သင့်အား တောင်းဆိုပါလိမ့်မည်။ ဖျန်ဖြေညှိနှိုင်းခြင်း (mediation) အတွက် သင် သို့မဟုတ် ပညာရေးအေဂျင်စီ မည်သည့်ဘက်ကမျှ ကုန်ကျစရိတ် မရှိပါ။

| ဖျန်ဖြေညှိနှိုင်းခြင်း (Mediation) အတွက် တောင်းဆိုချက် | ဖျန်ဖြေညှိနှိုင်းပေးသူရရှိခြင်းနှင့် အစည်းအဝေးစီစဉ်ခြင်း (Receive Mediator and Schedule Meeting) | ဖျန်ဖြေညှိနှိုင်းခြင်း အစည်းအဝေး (Mediation Meeting) | သဘောတူညီချက် ရရှိခြင်း | သဘောတူညီချက် မရရှိခြင်း |
|---|---|---|---|---|
| သင် သို့မဟုတ် ကျောင်းခရိုင်သည် မည်သည့်အချိန်တွင်မဆို Ohio ပြည်နယ် ပညာရေးနှင့် အလုပ်သမားအင်အားရေးရာဌာန (Ohio Department of Education and Workforce) ထံ ဖျန်ဖြေညှိနှိုင်းခြင်းအတွက် တောင်းဆိုနိုင်ပါသည်။ သင်သည် တိုင်ကြားချက် တင်သွင်းပါက သို့မဟုတ် တရားဝင်လုပ်ထုံးလုပ်နည်းအရ ကြားနာခြင်း (due process hearing) တောင်းဆိုပါက ဌာနသည် ဖျန်ဖြေညှိနှိုင်းခြင်းကို ပထမဆုံးအဆင့်အဖြစ် ကမ်းလှမ်းပါလိမ့်မည်။ သင်နှင့် ခရိုင် နှစ်ဖက်စလုံးသည် ဖျန်ဖြေညှိနှိုင်းပေးသူ (mediator) အသုံးပြုရန် သဘောတူညီရပါမည်။ | ဖျန်ဖြေညှိနှိုင်းပေးသူသည် ဘက်မလိုက်သော ကြားခံလူ (neutral third-party) ဖြစ်သည်။ ဖျန်ဖြေညှိနှိုင်းပေးသူသည် အစည်းအဝေးတစ်ခုကို တတ်နိုင်သမျှ အမြန်ဆုံး စီစဉ်ပါလိမ့်မည်။ ဖျန်ဖြေညှိနှိုင်းပေးသူအတွက် ဌာနမှ ကုန်ကျစရိတ် ပေးချေသည်။ | သင်နှင့် ကျောင်းခရိုင် တစ်ဖွဲ့စီသည် သင်တို့၏ စိုးရိမ်မှုများကို မျှဝေပါသည်။ ဖျန်ဖြေညှိနှိုင်းပေးသူသည် အငြင်းပွားမှုကို ဖြေရှင်းရန် ကြိုးပမ်းပြီး နောက်ဆုံးစာဖြင့်ရေးသားထားသော သဘောတူညီချက် (written agreement) တစ်ခုသို့ ရောက်ရှိအောင် ကူညီသည်။ ယေဘုယျအားဖြင့် ဖျန်ဖြေညှိနှိုင်းခြင်းအတွင်း ပြောဆိုသည့် အရာအားလုံးကို ခြွင်းချက်တစ်ခုဖြစ်ပေါ်သည့် အခြေအနေမှလွဲ၍ အစည်းအဝေးအပြင်ဘက်တွင် မျှဝေ၍ မရသကဲ့သို့ နောင်လာမည့် တရားရေးဆိုင်ရာလုပ်ငန်းစဉ်များ (legal proceedings) တွင်လည်း အသုံးပြု၍ မရပါ။ | စာဖြင့်ရေးသားထားသော သဘောတူညီချက်သည် လိုက်နာရန်တာဝန်ရှိပြီး (binding) သင်နှင့် ကျောင်းခရိုင် နှစ်ဖက်စလုံးမှ လက်မှတ်ရေးထိုးကြသည်။ လိုက်နာရန်တာဝန်ရှိခြင်း (Binding) ဆိုသည်မှာ သင်နှင့် ကျောင်းသည် သဘောတူညီချက်ကို လိုက်နာရမည်ဖြစ်ပြီး တရားရုံးမှ ၎င်းကို အမိန့်ချလုပ်ဆောင်စေနိုင်သည်။ | ဖျန်ဖြေညှိနှိုင်းခြင်းတွင် သဘောတူညီချက် မရရှိဘဲ သင်သည် ပြည်နယ်အဆင့် တိုင်ကြားချက် (state complaint) တင်သွင်းခဲ့ပါက အထူးလိုအပ်ချက်ရှိသော ကလေးများအတွက်ရုံး (Office for Exceptional Children) သည် တိုင်ကြားချက်ကို ဖြေရှင်းပါလိမ့်မည်။ ဖျန်ဖြေညှိနှိုင်းခြင်းတွင် သဘောတူညီချက် မရရှိဘဲ သင်သည် တရားဝင်လုပ်ထုံးလုပ်နည်းအရ လုပ်ငန်းစဉ် (due process) အတွက် တင်သွင်းခဲ့ပါက နောက်တစ်ဆင့်မှာ တရားဝင်လုပ်ထုံးလုပ်နည်းအရ ကြားနာခြင်း (due process hearing) ဖြစ်သည်။ |

### ဖျန်ဖြေညှိနှိုင်းပေးသူ (THE MEDIATOR) -

- ဘက်မလိုက်သော ကြားခံလူ (သင် သို့မဟုတ် ပညာရေးအေဂျင်စီဘက်မှ ရပ်တည်ခြင်း သို့မဟုတ် အလုပ်လုပ်ခြင်း မပြုပါ) အဖြစ် ဆက်လက်တည်ရှိသည်

- ဆုံးဖြတ်ချက်များ ချခွင့်မပြုပါ၊ ထိုအစား ဖျန်ဖြေညှိနှိုင်းပေးသူ (mediator) သည် သင့်ကလေး၏ ပညာရေးနှင့် သက်ဆိုင်သည့် ပြဿနာကို သင် နှင့် ပညာရေးအေဂျင်စီ ဖြေရှင်းရန် ကူညီပေးပါသည်။
- သင်နှင့် ပညာရေးအေဂျင်စီနှင့်အတူ စာဖြင့်ရေးသားထားသော ဖျန်ဖြေညှိနှိုင်းခြင်း သဘောတူညီချက် (written mediation agreement) တစ်ခုကို ဆုံးဖြတ်ရန် လုပ်ဆောင်သည်
- ဖျန်ဖြေညှိနှိုင်းရေးအစည်းအဝေးကို လမ်းကြောင်းမှန်ပေါ် ရှိနေအောင် ထိန်းသိမ်းပေးပြီး လူတိုင်းအနေဖြင့် လုပ်ငန်းစဉ်ကို လေးစားလိုက်နာစေရန် ကူညီပေးသည်
- လူတိုင်းအား ကျောင်းသားနှင့် ကျောင်းသား၏ လိုအပ်ချက်များအပေါ် အာရုံစိုက်စေသည်
- သင်နှင့် ပညာရေးအေဂျင်စီအကြား ဆွေးနွေးမှုကို ဖွင့်ပေးရန် အထောက်အကူပြုသည်

### ဖျန်ဖြေညှိနှိုင်းခြင်း (MEDIATION) နှင့်ပတ်သက်၍ မှတ်သားထားရန် အဓိကအချက်များ

- ဖျန်ဖြေညှိနှိုင်းခြင်း (Mediation) သည် မိမိဆန္ဒအလျောက် ပါဝင်ခြင်း ဖြစ်သည်။
  - သင်နှင့် ပညာရေးအေဂျင်စီ နှစ်ဖက်စလုံး လုပ်ငန်းစဉ်တွင် ပါဝင်ရန် သဘောတူညီရပါမည်။ ဖျန်ဖြေညှိနှိုင်းခြင်း (mediation) တွင် ပါဝင်ရန် သင် နှင့် ပညာရေးအေဂျင်စီ သဘောတူညီပါက ၎င်းသည် သင့်အနေဖြင့် ပညာရေးအေဂျင်စီနှင့် အစည်းအဝေးတွင် သဘောတူရမည် သို့မဟုတ် အစည်းအဝေး မည်သို့အဆုံးသတ်သည်ကို သဘောတူရမည်ဟု မဆိုလိုပါ။
- ဖျန်ဖြေညှိနှိုင်းခြင်း (Mediation) သည် လျှို့ဝှက်ထားရမည့်ကိစ္စ ဖြစ်သည်။
  - ဖျန်ဖြေညှိနှိုင်းခြင်း (mediation) အစည်းအဝေးအတွင်း ပြောဆိုသည့်အရာအားလုံးသည် ယေဘုယျအားဖြင့် လျှို့ဝှက်ထားမည် (သီးသန့်) ဖြစ်ပြီး ခြွင်းချက်တစ်ခု ဖြစ်ပေါ်သည့်အချိန်မှလွဲ၍ နောက်ပိုင်းတွင် အသုံးပြု၍မရပါ။
- ဖျန်ဖြေညှိနှိုင်းခြင်း (mediation) အတွင်း ပြုလုပ်သည့် မည်သည့်စာဖြင့်ရေးသားထားသော သဘောတူညီချက်မဆို ယေဘုယျအားဖြင့် လိုက်နာရမည့်တာဝန် (binding) ရှိပါသည်။ ဆိုလိုသည်မှာ သင်နှင့် ပညာရေးအေဂျင်စီ နှစ်ဖက်စလုံးသည် ဆုံးဖြတ်ချက်ကို အပြန်အလှန်ချမှတ်ပြီးနောက် စာဖြင့်ရေးသားထားသော သဘောတူညီချက်ကို လိုက်နာရမည် ဖြစ်သည်။
  - သင့်ကလေး၏ အကဲဖြတ်ခြင်း သို့မဟုတ် IEP နှင့်ပတ်သက်၍ သင်နှင့် ပညာရေးအေဂျင်စီ လက်မှတ်ရေးထိုးသည့် မည်သည့်စာရွက်စာတမ်းမဆိုသည် မည်သည့်အခြား IEP သို့မဟုတ် အကဲဖြတ်အဖွဲ့ အစည်းအဝေးတွင် ၎င်းတို့ လက်မှတ်ရေးထိုးခဲ့သည့် စာရွက်စာတမ်းများနှင့် အတူတူပင်တန်ဖိုးရှိသည်။

**ဖျန်ဖြေညှိနှိုင်းခြင်း (Mediation) တောင်းဆိုရန်**

ကျောင်းခရိုင်သည် ဤလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ရန် ဆန္ဒရှိ၊ မရှိ သိရှိရန် သင့်ကျောင်းခရိုင်၏ အထူးပညာရေးဒါရိုက်တာကို ____________ တွင် ____________________________ဆက်သွယ်ပါ။ နှစ်ဖက်စလုံးသည် ဖျန်ဖြေညှိနှိုင်းခြင်း (mediation) တွင် ပါဝင်ရန် သဘောတူညီပါက ကျေးဇူးပြု၍ အထူးလိုအပ်ချက်ရှိသော ကလေးများအတွက် Ohio ပြည်နယ် ပညာရေးနှင့် အလုပ်သမားအင်အားရေးရာဌာနရုံးသို့ ဆက်သွယ်ပါ -

- ဖုန်းဖြင့် - (877) 644-6338
- အီးမေးလ်ဖြင့် – OECMediationFacilitation@education.ohio.gov

## ပြည်နယ်အဆင့် တိုင်ကြားချက် တင်သွင်းခြင်း (Filing a State Complaint)

သင့်ကလေး၏ အထူးပညာရေးနှင့် ပတ်သက်၍ စိုးရိမ်မှုရှိပါက သင့်အတွက် ရရှိနိုင်သည့် အခြားရွေးချယ်စရာတစ်ခုမှာ ပညာရေးအေဂျင်စီအပေါ် တရားဝင်နည်းလမ်းတကျဖြစ်သော ပြည်နယ်အဆင့် တိုင်ကြားချက်တစ်ခုကို စာဖြင့်ရေးသားပြုလုပ်ပြီး ဤတိုင်ကြားချက်ကို အထူးလိုအပ်ချက်ရှိသော ကလေးများအတွက် Ohio ပြည်နယ် ပညာရေးနှင့် အလုပ်သမားအင်အားရေးရာဌာနရုံးသို့ တင်သွင်းခြင်းပင် ဖြစ်သည်။

### ပြည်နယ်အဆင့် တိုင်ကြားချက် တင်သွင်းရန်အတွက် ကုန်ကျစရိတ် မရှိပါ

ပြည်နယ်အဆင့် တိုင်ကြားချက် တင်သွင်းရန်အတွက် ကုန်ကျစရိတ် မရှိပါ။ ပြည်နယ်အဆင့် တိုင်ကြားမှု လုပ်ငန်းစဉ်သည် ယေဘုယျအားဖြင့် တရားဝင်လုပ်ထုံးလုပ်နည်းအရ ကြားနာခြင်းထက် ပြဿနာကို ပိုမိုလျင်မြန်စွာ ဖြေရှင်းပေးပြီး တရားဝင်လုပ်ထုံးလုပ်နည်းအရ ကြားနာခြင်းထက် ပိုမိုပဋိပက္ခမှုနည်းပါး (သို့မဟုတ် ရင်ဆိုင်တိုက်ခိုက်မှုနည်းပါး) သည်။ ပြည်နယ်အဆင့် တိုင်ကြားမှုတင်သွင်းရန် သင့်လက်မှတ်ရေးထိုးထားပြီး စာဖြင့်ရေးသားထားသော တိုင်ကြားချက် (မူရင်းဗားရှင်း) ကို အထူးလိုအပ်ချက်ရှိသော ကလေးများအတွက်ရုံး (Office for Exceptional Children) သို့ ပေးပို့ရမည်ဖြစ်ပြီး တိုင်ကြားချက်၏ *မိတ္တူတစ်စောင်ကို* ပညာရေးအေဂျင်စီသို့ တိုက်ရိုက်ပေးပို့ရပါမည်။

သင့်တိုင်ကြားချက်တွင် ဖက်ဒရယ် သို့မဟုတ် ပြည်နယ် အထူးပညာရေးလိုအပ်ချက်များ၏ ချိုးဖောက်မှုတစ်ခု (မသန်စွမ်းမှုရှိသူများပညာရေးအက်ဥပဒေ (IDEA) သို့မဟုတ် Ohio ပြည်နယ် မသန်စွမ်းကလေးများပညာရေး လုပ်ငန်းလည်ပတ်မှုစံနှုန်းများ (Ohio Operating Standards for the Education of Children with Disabilities) ၏ ချိုးဖောက်မှုတစ်ခု) ကို စွပ်စွဲသည့် ဖော်ပြချက်တစ်ခု ပါဝင်ရပါမည်။

တိုင်ကြားချက်တွင် တိကျသော ဥပဒေတစ်ခု၏ အမည် သို့မဟုတ် ကိုးကားချက် ပါဝင်ရန် မလိုအပ်သော်လည်း ပညာရေးအေဂျင်စီ ပြုလုပ်ခဲ့သော အထူးပညာရေးလိုအပ်ချက်တစ်ခုကို ချိုးဖောက်သည်ဟု သင် ယုံကြည်သည့် တိကျသော လုပ်ဆောင်ခြင်း သို့မဟုတ် မလုပ်ဆောင်ခြင်းကို ဖော်ပြရန် လိုအပ်ပါသည်။ ထို့အပြင် သင့်ပညာရေးဆိုင်ရာ အဖွဲ့အစည်းမှ အထူးပညာရေးဆိုင်ရာ လိုအပ်ချက်များကို ချိုးဖောက်ထားသည်ဟု သင် ထင်မြင်သည့် အကြောင်းရင်းကို ထောက်ခံနိုင်ရန် အချက်အလက်များကိုလည်း တိုင်ကြားစာတွင် ထည့်သွင်းဖော်ပြရပါမည်။

## ပြည်နယ်အဆင့် တိုင်ကြားချက် ပြန်လည်သုံးသပ်ခြင်း

အထူးလိုအပ်ချက်ရှိသော ကလေးများရုံး (Office for Exceptional Children) သည် သင့်လျော်စွာ တင်သွင်းထားသည့် တိုင်ကြားချက်ကို ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက စုံစမ်းစစ်ဆေးကာ ပညာရေးအေဂျင်စီအနေဖြင့် သင့်ကလေး၏ ပညာရေးနှင့် သက်ဆိုင်သော အထူးပညာရေးလိုအပ်ချက်တစ်ခုကို ချိုးဖောက်ခဲ့ခြင်းရှိ၊ မရှိ ဆုံးဖြတ်ပါလိမ့်မည်။ ထို့နည်းတူ ကြားခံလူ (third party) – ဆိုသည်မှာ သင်မှအပ ပုဂ္ဂိုလ်တစ်ဦး၊ သို့မဟုတ် ပညာရေးအေဂျင်စီမှအပ အေဂျင်စီ သို့မဟုတ် အဖွဲ့အစည်းတစ်ခု – သည် ၎င်းအနေဖြင့် ပညာရေးအေဂျင်စီသည် ကျောင်းသားတစ်ဦးနှင့် သက်ဆိုင်သည့် အထူးပညာရေးလိုအပ်ချက်တစ်ခုကို ချိုးဖောက်ခဲ့သည်ဟု ယုံကြည်ပါက ဌာနသို့ ပြည်နယ်အဆင့် တိုင်ကြားမှုတစ်ခု တင်သွင်းနိုင်သည်။

အထူးပညာရေးချိုးဖောက်မှုတစ်ခုကို စွပ်စွဲသည့်နေ့မှ *တစ်နှစ်* အတွင်း မည်သည့်အချိန်တွင်မဆို ဌာနသို့ ပြည်နယ်အဆင့်တိုင်ကြားမှုတင်သွင်းနိုင်ပါသည်။ တိုင်ကြားချက် တင်သွင်းသည့်ရက်စွဲမှ တစ်နှစ်ထက်ကျော်လွန်သောအချိန်တွင်ဖြစ်ပွါးခဲ့သည့် ချိုးဖောက်သည်ဟု စွပ်စွဲသော မည်သည့်တိုင်ကြားချက်ကိုမဆို စုံစမ်းစစ်ဆေးခြင်း/ဖြေရှင်းခြင်း ပြုလုပ်မည်မဟုတ်ပါ။

## တရားဝင်နည်းလမ်းတကျဖြစ်သော ပြည်နယ်အဆင့် တိုင်ကြားချက်ကို မည်သို့တင်သွင်းရမည်နည်း

အထူးပညာရေးနှင့် ပတ်သက်၍ တရားဝင်နည်းလမ်းတကျဖြစ်သော ပြည်နယ်အဆင့် တိုင်ကြားချက်ကိုတင်သွင်းလိုပါက သင့်အနေဖြင့် အောက်ပါတို့ကို ပြုလုပ်ရပါမည် -

- DEW အငြင်းပွားမှုဖြေရှင်းရေး ဝက်ဘ်ဆိုဒ်စာမျက်နှာ ရှိ ပြည်နယ်အဆင့်တိုင်ကြားမှုပုံစံကို ဖြည့်စွက်ပါ သို့မဟုတ်
- တိုင်ကြားစာတစ်စောင် ရေးသားပြီး စာတိုက် သို့မဟုတ် အီးမေးလ်ဖြင့် ဌာနသို့ ပေးပို့ပါ သို့မဟုတ်
- အထူးလိုအပ်ချက်ရှိသော ကလေးများအတွက် ဌာနရုံးဝန်ထမ်းကို 1-877-644-6338 တွင် ဖုန်းခေါ်၍ တိုင်ကြားချက်ပုံစံ တောင်းခံပါ၊ ထို့နောက် ၎င်းပုံစံကို သင်ဖြည့်စွက်ပြီး ဌာနသို့ ပြန်လည်ပေးပို့ရမည်။

**ပြည်နယ်အဆင့်တိုင်ကြားချက်တွင် သင်ထည့်သွင်းရမည့် အရာများစာရင်း (Checklist of Items You Must Include in a State Complaint)**

- ပညာရေးအေဂျင်စီသည် ဖက်ဒရယ် သို့မဟုတ် ပြည်နယ် အထူးပညာရေးလိုအပ်ချက်တစ်ခုကို ချိုးဖောက်ခဲ့ကြောင်း ဖော်ပြချက်
- သင့်တိုင်ကြားချက်ကို အခြေခံထားသည့် အချက်အလက်များ အပါအဝင် ပြဿနာ၏ ဖော်ပြချက်
- သင်၏ ဆက်သွယ်ရန်အချက်အလက်များနှင့် မူရင်းလက်မှတ်
- အကယ်၍ သင်သည် သီးခြားကျောင်းသားတစ်ဦးနှင့် ပတ်သက်သည့် အထူးပညာရေးချိုးဖောက်မှုတစ်ခုကို စွပ်စွဲနေပါက
- ကျောင်းသား၏ အမည်နှင့် နေထိုင်ရာအိမ်လိပ်စာ
- ကျောင်းသား တက်ရောက်နေသည့် ကျောင်း၏အမည်
- အိုးမဲ့အိမ်မဲ့ ကလေး သို့မဟုတ် လူငယ် (McKinney-Vento Homeless Assistance Act ဖြင့် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း) ဖြစ်နေသော အခြေအနေမျိုးတွင် ကျောင်းသားအတွက် ရရှိနိုင်သော ဆက်သွယ်ရန်အချက်အလက်များနှင့် ကျောင်းသား တက်ရောက်နေသည့် ကျောင်း၏အမည်
- ပြဿနာနှင့် သက်ဆိုင်သည့် အချက်အလက်များ အပါအဝင် ပြဿနာ၏ သဘောသဘာဝ ဖော်ပြချက်
- တိုင်ကြားချက်တင်သွင်းသည့်အချိန်တွင် ၎င်းနှင့်ပတ်သက်၍ သိရှိပြီး ရရှိနိုင်သော အတိုင်းအတာအထိ ပြဿနာ၏ အဆိုပြုဖြေရှင်းချက်
- တိုင်ကြားချက်တွင် လက်မှတ်တစ်ခု ရှိရပါမည်။

*အမည်မဖော်လိုသော တိုင်ကြားချက်များကို လက်ခံမည်မဟုတ်ကြောင်း သတိပြုပါ။*

## သင့်တိုင်ကြားချက်ကို မည်သည့်နေရာသို့ ပေးပို့ရမည်နည်း

သင့်တိုင်ကြားချက်ကို အထူးလိုအပ်ချက်ရှိသော ကလေးများအတွက် Ohio ပြည်နယ် ပညာရေးနှင့် အလုပ်သမားအင်အားရေးရာဌာနရုံးနှင့် ပညာရေးအေဂျင်စီ၏ ကြီးကြပ်အုပ်ချုပ်သူ (superintendent) *နှစ်ခုစလုံး* ထံသို့ တစ်ပြိုင်တည်း ပေးပို့ရပါမည်။

မူရင်းတိုင်ကြားချက်ကို အောက်ပါသို့ ပေးပို့ပါ -
အထူးလိုအပ်ချက်ရှိသော ကလေးများအတွက် Ohio ပြည်နယ် ပညာရေးနှင့် အလုပ်သမားအင်အားရေးရာဌာနရုံး
(The Ohio Department of Education and Workforce Office for Exceptional Children)
Attn: အငြင်းပွားမှုဖြေရှင်းရေး ဌာနခွဲ လက်ထောက်အုပ်ချုပ်ရေးမှူး (Assistant Administrator of Dispute Resolution Section)
25 South Front Street, Mail Stop 409 Columbus, Ohio 43215-4183
အီးမေးလ်ဖြင့် - oeccomplaints@education.ohio.gov

**ဆိုင်းငံ့ထားခြင်း (Abeyance)**

ဆိုင်းငံ့ထားခြင်း (Abeyance) ဆိုသည်မှာ ပြည်နယ်အဆင့် တိုင်ကြားချက် (state complaint) အတွင်းရှိ ကိစ္စရပ်များကို ယာယီဆိုင်းငံ့ထားခြင်း ဖြစ်သည်။ သင်နှင့် ပညာရေးအေဂျင်စီတို့သည် တရားဝင်လုပ်ထုံးလုပ်နည်းအရ ကြားနာခြင်းတွင် ပါဝင်နေပြီး သင် သို့မဟုတ် ပညာရေးအေဂျင်စီသည် တူညီသော ကိစ္စရပ်များနှင့် ပတ်သက်၍ ပြည်နယ်အဆင့် တိုင်ကြားချက် တစ်ခု ထပ်မံတင်သွင်းပါက Ohio ပြည်နယ် ပညာရေးနှင့် အလုပ်သမားအင်အားရေးရာဌာနသည် ထိုပြည်နယ်အဆင့် တိုင်ကြားချက်ကို ယာယီဆိုင်းငံ့ထားမည် ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် ဌာနသည် သင့်ပြည်နယ်အဆင့် တိုင်ကြားချက်ကို ဖြေရှင်းခြင်းမပြုမီ တရားဝင်လုပ်ထုံးလုပ်နည်းအရ လုပ်ငန်းစဉ် ပြီးဆုံးသည်အထိ စောင့်ဆိုင်းမည် ဖြစ်သည်။ အကယ်၍ သင်သည် တရားဝင်လုပ်ထုံးလုပ်နည်းအရ ကြားနာခြင်းတောင်းဆိုချက်ကို ရုပ်သိမ်းလိုက်ပါက ဌာနသည် ပြည်နယ်အဆင့် တိုင်ကြားချက်ကို ဆိုင်းငံ့ခြင်းမှ ပြန်လည်ထုတ်ယူပြီး သင့်တိုင်ကြားချက်ကို ဖြေရှင်းရန် ဆက်လက်ဆောင်ရွက်မည် ဖြစ်သည်။

တရားဝင်လုပ်ထုံးလုပ်နည်းအရ ကြားနာခြင်း ပြုလုပ်ပြီး သမာသမတ်ကျသော ကြားနာခြင်းအရာရှိ (impartial hearing officer - IHO) ၏ ဆုံးဖြတ်ချက်ချမှတ်ပြီးပါက သင့်တိုင်ကြားချက်တွင် ကြားနာခြင်းအရာရှိမှ ဆုံးဖြတ်ချက်မချရသေးသည့် ကိစ္စရပ်များ ဆက်လက်ကျန်ရှိနေသေးမှသာ ဌာနသည် ပြည်နယ်အဆင့် တိုင်ကြားချက်ကို ဆိုင်းငံ့ခြင်းမှ ပြန်လည်ထုတ်ယူ၍ ၎င်းကို ဖြေရှင်းရန် ဆောင်ရွက်မည်ဖြစ်သည်။

## ပြည်နယ်အဆင့် တိုင်ကြားချက် လုပ်ငန်းစဉ်

ဌာနသည် သင့်ပြည်နယ်အဆင့် တိုင်ကြားချက်ကို လက်ခံရရှိသည်နှင့် ၎င်းသည် သင့်လျော်စွာ တင်သွင်းထားသမျှကာလပတ်လုံး ၎င်းကို ပြန်လည်သုံးသပ်ခြင်း စတင်မည်ဖြစ်ပြီး လိုအပ်ပါက အထူးပညာရေးလိုအပ်ချက်များ၏ စွပ်စွဲထားသော ချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးမည် ဖြစ်သည်။ အထူးလိုအပ်ချက်ရှိသော ကလေးများအတွက်ရုံးသည် သင့်တိုင်ကြားချက်ကို လက်ခံရရှိသည့်ရက်မှ ပြက္ခဒိန်ရက် 60 အတွင်း ထိုတိုင်ကြားချက်ကို ဖြေရှင်းရပါမည်။

တိုင်ကြားချက်လုပ်ငန်းစဉ်၏ အစိတ်အပိုင်းအဖြစ် အထူးလိုအပ်ချက်ရှိသော ကလေးများအတွက်ရုံးသည် အောက်ပါတို့ကို ဆောင်ရွက်ပါလိမ့်မည် -

- သင့်တိုင်ကြားချက်ကို ပြန်လည်သုံးသပ်ပြီး ၎င်းတွင်ရှိသော စွပ်စွဲချက်များကို ဖြေရှင်းရန် အခွင့်အာဏာရှိ၊ မရှိ ဆုံးဖြတ်မည်။
- (လိုအပ်ပါက) စုံစမ်းစစ်ဆေးမှု အပါအဝင် ဖြေရှင်းမည့် စွပ်စွဲချက်များကို သင်နှင့် ပညာရေးအေဂျင်စီ နှစ်ဖက်စလုံးအား စာဖြင့်အသိပေးမည်
- တိုင်ကြားချက်ကို ဖြေရှင်းရန် အခြားနည်းလမ်းတစ်ခုအဖြစ် သင်နှင့် ပညာရေးအေဂျင်စီ နှစ်ဖက်စလုံးအား ဖျန်ဖြေညှိနှိုင်းခြင်း (mediation) သို့မဟုတ် လွယ်ကူချောမွေ့အောင် လမ်းညွှန်ညှိနှိုင်းပေးခြင်း (facilitation) ကို ကမ်းလှမ်းမည်ဖြစ်သည်
- သင့်တိုင်ကြားချက်ရှိ စွပ်စွဲချက်များနှင့် ပတ်သက်၍ လိုအပ်နိုင်သည့် ထပ်ဆောင်းအချက်အလက်များကို သင်နှင့် ပညာရေးအေဂျင်စီထံမှ တောင်းခံမည်
- သင်နှင့် ပညာရေးအေဂျင်စီမှ ထောက်ပံ့ပေးသည့် ထပ်ဆောင်းစာရွက်စာတမ်းများနှင့် အချက်အလက်များကို ပြန်လည်သုံးသပ်မည်၊ ဖုန်းဖြင့် အင်တာဗျူးများ ပြုလုပ်မည်၊ ထို့ပြင် လိုအပ်သည်ဟု ၎င်းက ဆုံးဖြတ်လျှင် သင့်ကလေး၏ ပညာရေးအေဂျင်စီသို့ သွားရောက်လည်ပတ်မည်
- သင့်ပညာရေးအေဂျင်စီအား သင့်တိုင်ကြားချက်ကို တုံ့ပြန်ရန်နှင့် ဖြေရှင်းချက်တစ်ခုပေးရန် အခွင့်အရေးကမ်းလှမ်းမည်
- အထူးပညာရေးဆိုင်ရာ ချိုးဖောက်မှုတစ်ခု ဖြစ်ပွါးခဲ့ခြင်းရှိ၊ မရှိ နှင့်ပတ်သက်၍ ၎င်း၏ဆုံးဖြတ်ချက်အကြောင်းကို သင်နှင့် ပညာရေးအေဂျင်စီ နှစ်ဖက်စလုံးအား အသိပေးသည့် စာတစ်စောင် ရေးသားမည် (၎င်း၏ပြန်လည်သုံးသပ်ခြင်းနှင့် လိုအပ်ပါက စုံစမ်းစစ်ဆေးခြင်း ပြီးဆုံးပြီးနောက်နှင့် သင့်တိုင်ကြားချက်ကို လက်ခံရရှိသည့်ရက်မှ ပြက္ခဒိန်ရက် 60 ထက် မပိုဘဲ)

**အချိန်ကာလ တိုးချဲ့ခြင်းများ (TIMELINE EXTENSIONS)**

အချိန်ကာလတိုးချဲ့မှုရှိပါက ဌာနသည် တိုင်ကြားချက်ကို ဖြေရှင်းရန်နှင့် ၎င်း၏ဆုံးဖြတ်ချက်ပါ စာကို ထုတ်ပြန်ရန် ရက် 60 ထက် ပိုမိုရရှိနိုင်သည်။ ပြည်နယ်အဆင့် တိုင်ကြားချက်ကို ဖြေရှင်းရန် ရက် 60 အချိန်ကာလကို တိုးချဲ့ခြင်းပြုလုပ်နိုင်သည့် အခြေအနေများမှာ -

- သင်နှင့် ပညာရေးအေဂျင်စီတို့သည် ဖျန်ဖြေညှိနှိုင်းခြင်း (mediation)၊ လွယ်ကူချောမွေ့အောင် လမ်းညွှန်ညှိနှိုင်းပေးခြင်း (facilitation) သို့မဟုတ် အခြားအငြင်းပွားမှုဖြေရှင်းရေး နည်းလမ်းတစ်ခုခုဖြင့် ပြဿနာကို ဖြေရှင်းရန် ကြိုးပမ်းနိုင်စေရန်အတွက် ထပ်ဆောင်းအချိန်ပိုယူရန် သဘောတူညီသည့်အခါ သို့မဟုတ်
- ထူးခြားသော အခြေအနေများ (အထူးလိုအပ်ချက်ရှိသော ကလေးများအတွက်ရုံးမှ အမှုအလိုက် အခြေအနေပေါ် မူတည်၍ ဆုံးဖြတ်သည်) ရှိသည့်အခါ။

**မသင့်လျော်သော တင်သွင်းခြင်း (IMPROPER FILING)**

အထူးလိုအပ်ချက်ရှိသော ကလေးများအတွက်ရုံးမှ သင်ဖြေရှင်းလိုသည့် ကိစ္စနှင့်ပတ်သက်သည့် လိုအပ်သော အချက်အလက် အားလုံးကို မထည့်သွင်းထားသောကြောင့် သင်သည် ပြည်နယ်အဆင့် တိုင်ကြားချက်ကို သင့်လျော်စွာ တင်သွင်းထားခြင်းမရှိဟု ဆုံးဖြတ်ပါက သို့မဟုတ် အထူးလိုအပ်ချက်ရှိသော ကလေးများအတွက်ရုံးတွင် တိုင်ကြားချက်ကို စုံစမ်းစစ်ဆေးရန် အခွင့်အာဏာမရှိပါက အထူးလိုအပ်ချက်ရှိသော ကလေးများအတွက်ရုံးသည် သင့်တိုင်ကြားချက်ကို ဖြေရှင်းရန် ဆက်လက်ဆောင်ရွက်မည်မဟုတ်သည့် အကြောင်းရင်း၊ ဤဆုံးဖြတ်ချက်၏ အကြောင်းရင်းနှင့် သက်ဆိုင်ပါက သင့်လျော်စွာ တင်သွင်းသည်ဟု သတ်မှတ်ခံရရန် တိုင်ကြားချက်အသစ်တွင် သင်ထည့်သွင်းရန် လိုအပ်သည့် အချက်အလက်များကို ရှင်းလင်းဖော်ပြသည့် စာတစ်စောင် သင့်ထံ ပေးပို့မည်ဖြစ်သည်။

**တိုင်ကြားချက် ပြန်လည်တင်သွင်းခြင်း (RESUBMITTING THE COMPLAINT)**

သင့်အနေဖြင့် အသစ်သော အချက်အလက်များဖြင့် တိုင်ကြားချက်ကို ပြန်လည်တင်သွင်းနေပါက အထူးပညာရေးချိုးဖောက်မှုဖြစ်ပွားသည်ဟု စွပ်စွဲသည့် ရက်မှ တစ်နှစ်အတွင်း တိုင်ကြားချက်ကို Ohio ပြည်နယ် ပညာရေးနှင့် အလုပ်သမားအင်အားရေးရာဌာနနှင့် ပညာရေးအေဂျင်စီသို့ ပေးပို့ရန် သေချာစေပါ။ သင့်တိုင်ကြားချက်တွင် သင့်အနေဖြင့် ဌာနတွင် ဖြေရှင်းရန် အခွင့်အာဏာမရှိသည့် ကိစ္စရပ်များကို ထည့်သွင်းထားပါက ၎င်းသည် သင့်အား ဤကိစ္စရပ်များကို ဖြေရှင်းရန် အရင်းအမြစ်များထံသို့ သင့်လျော်သလို ညွှန်းပို့ပေးမည်ဖြစ်သည်။

**တိုင်ကြားချက် တင်သွင်းခြင်း (Filing a Complaint)**

- စွပ်စွဲထားသည့် ချိုးဖောက်မှုမှ တစ်နှစ်အတွင်း တိုင်ကြားချက် တင်သွင်းခြင်း။
- မိဘအနေဖြင့် မူရင်းတိုင်ကြားချက်ကို Ohio ပြည်နယ် ပညာရေးနှင့် အလုပ်သမားအင်အားရေးရာဌာနသို့ ပေးပို့ပြီး မိတ္တူတစ်စောင်ကို ပညာရေးအေဂျင်စီသို့ ပေးပို့သည်။
- တိုင်ကြားချက်တွင် အထူးပညာရေးလိုအပ်ချက်များ၏ ချိုးဖောက်မှုများကို ထောက်ခံသည့် အချက်အလက်များနှင့်အတူ စွပ်စွဲထားသည်။

**Ohio ပြည်နယ် ပညာရေးနှင့် အလုပ်သမား အင်အားရေးရာဌာနသည် တိုင်ကြားချက်များကို ပြန်လည်သုံးသပ်သည်**

ဌာနသည် တိုင်ကြားချက် တင်သွင်းသူ ပုဂ္ဂိုလ်နှင့် ပညာရေးအေဂျင်စီထံ အသိအမှတ်ပြုစာ (acknowledgment letter) တစ်စောင် ပေးပို့သည်။
တိုင်ကြားချက်ကို သင့်လျော်စွာ တင်သွင်းထားခြင်း မရှိပါက သို့မဟုတ် ဌာနတွင် ၎င်းကို ဖြေရှင်းရန် အခွင့်အာဏာမရှိပါက ဌာနသည် မလုံလောက်မှုဆိုင်ရာစာ (insufficiency letter) တစ်စောင် ပေးပို့သည်။

**ပြန်လည်သုံးသပ်ခြင်း (Review)**

ဌာနသည် စာရွက်စာတမ်းအားလုံးကို ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ထပ်ဆောင်း စာရွက်စာတမ်း/အချက်အလက်များကို တောင်းခံသည်။

လိုအပ်ပါက ဌာနသည် သင့်လျော်သူများကို အင်တာဗျူးများ ပြုလုပ်သည်။

**ဌာနသည် တွေ့ရှိချက်များ၏ စာတစ်စောင်ကို ပေးပို့သည်**

ဌာနသည် စွပ်စွဲချက် တစ်ခုစီနှင့် ပတ်သက်၍ အထူးပညာရေးဆိုင်ရာ ချိုးဖောက်မှု ရှိ၊ မရှိ ဆုံးဖြတ်ချက်များ ချမှတ်သည်။
ပညာရေးအေဂျင်စီသည် ချိုးဖောက်မှုရှိကြောင်း တွေ့ရှိရသည့် နေရာများတွင် ဌာနသည် ပြုပြင်ရေးဆိုင်ရာ လုပ်ဆောင်ချက်များ (corrective actions) ကို ထုတ်ပြန်သည်။

## တရားဝင်လုပ်ထုံးလုပ်နည်းအရ တိုင်ကြားချက် တင်သွင်းခြင်း (Filing a Due Process Complaint)

သင့်ကလေး၏ အထူးပညာရေးနှင့် ပတ်သက်သည့် အချို့သော စိုးရိမ်မှုများကို ၎င်းတို့၏ ပညာရေးအေဂျင်စီနှင့် ဖြေရှင်းရန် နည်းလမ်းတစ်ခုမှာ တရားဝင်လုပ်ထုံးလုပ်နည်းအရ ကြားနာခြင်းအတွက် တောင်းဆိုချက်တစ်ခုကို ပညာရေးအေဂျင်စီထံ တိုက်ရိုက်ပေးပို့ရန်ဖြစ်သည်၊ တစ်ချိန်တည်းတွင် မိတ္တူတစ်စောင်ကို Ohio ပြည်နယ် ပညာရေးနှင့် အလုပ်သမားအင်အားရေးရာဌာနသို့လည်း ပေးပို့ရမည်။ ဤသို့ပြုလုပ်သောအခါတွင် သင်သည် တရားဝင်လုပ်ထုံးလုပ်နည်းအရ တိုင်ကြားချက်တစ်ခု (တရားဝင်လုပ်ထုံးလုပ်နည်းအရ တောင်းဆိုချက်ဟုလည်း ခေါ်သော) ကို တင်သွင်းပြီးဖြစ်သည်။



တရားဝင်လုပ်ထုံးလုပ်နည်းအရ တိုင်ကြားချက်တစ်ခုကို တင်သွင်းနိုင်သော အခြားသူများလည်း ရှိပါသည် -

- ကျောင်းသား၊ အသက် အနည်းဆုံး 18 နှစ် ပြည့်ပါက
- ပညာရေးအေဂျင်စီ



Department of Education & Workforce

## တင်သွင်းရန် အကြောင်းရင်းများ

သင့်ကလေး၏ အထူးပညာရေးဆိုင်ရာ အောက်ပါနယ်ပယ်များနှင့် ပတ်သက်သည့် စိုးရိမ်မှုများအတွက် တရားဝင်လုပ်ထုံးလုပ်နည်းအရ တိုင်ကြားချက် တင်သွင်းနိုင်ပါသည် -

- မသန်စွမ်းကလေးတစ်ဦးအား ခွဲခြားသတ်မှတ်ခြင်း
- မသန်စွမ်းကလေးတစ်ဦးအား အကဲဖြတ်ခြင်း
- မသန်စွမ်းကလေးတစ်ဦးအား ပညာရေးဆိုင်ရာ နေရာချထားခြင်း
- သင့်ကလေးအား သင့်လျော်သော အခမဲ့ အများပြည်သူဆိုင်ရာ ပညာရေး (FAPE) ပေးအပ်ခြင်း

တရားဝင်လုပ်ထုံးလုပ်နည်းအရ တိုင်ကြားချက်သည် ဖက်ဒရယ် သို့မဟုတ် ပြည်နယ် အထူးပညာရေးလိုအပ်ချက်များ ချိုးဖောက်ခံရသည်ဟု စွပ်စွဲရမည်ဖြစ်ပြီး မိဘ (သို့မဟုတ် တိုင်ကြားချက်တင်သွင်းသည့် အများပြည်သူဆိုင်ရာ ပညာရေးအေဂျင်စီ) သည် စွပ်စွဲသည့် အထူးပညာရေးချိုးဖောက်မှုကို သိရှိခဲ့သည့် သို့မဟုတ် သိရှိခဲ့သင့်သည့် ရက်စွဲမှ *နှစ်နှစ်* အတွင်း တင်သွင်းရပါမည်။

Ohio ပြည်နယ် ပညာရေးနှင့် အလုပ်သမားအင်အားရေးရာဌာနသည် တရားဝင်လုပ်ထုံးလုပ်နည်းအရ တိုင်ကြားချက်ကို လက်ခံရရှိသည့်အခါတိုင်း ပါဝင်သော မိဘများနှင့် ပညာရေးအေဂျင်စီသည် တရားဝင်လုပ်ထုံးလုပ်နည်းအရ ကြားနာခြင်းတွင် ပါဝင်ခွင့် ရရှိရပါမည်။ တရားဝင်လုပ်ထုံးလုပ်နည်းအရ ကြားနာခြင်းသည် ဌာနမှ တရားဝင်လုပ်ထုံးလုပ်နည်းအရ တိုင်ကြားချက်ကို ဖြေရှင်းရန်အတွက် ကြားနာခြင်းတစ်ခု ပြုလုပ်ရန် ခန့်အပ်ထားသည့် သမာသမတ်ကျသော ကြားနာခြင်းအရာရှိ (impartial hearing officer) တစ်ဦး ပါဝင်သည့် တရားဝင်နည်းလမ်းတကျလုပ်ဆောင်ရသော ကိစ္စရပ်တစ်ခု ဖြစ်သည်။

## ထည့်သွင်းရန် အချက်အလက်များ

ဌာနသည် တရားဝင်လုပ်ထုံးလုပ်နည်းအရ ကြားနာခြင်းတစ်ခု တောင်းဆိုရန် အသုံးပြုနိုင်သည့် ပုံစံတစ်ခုကို ထောက်ပံ့ပေးထားသည်။ တောင်းဆိုချက်ကို တင်သွင်းသည့် ပုဂ္ဂိုလ် သို့မဟုတ် အများပြည်သူဆိုင်ရာ ပညာရေးအေဂျင်စီသည် ဌာန၏ပုံစံ, ကို အသုံးပြုရန် မလိုအပ်သော်လည်း ထိုပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် တရားဝင်လုပ်ထုံးလုပ်နည်းအရ တိုင်ကြားချက် တင်သွင်းသည့်အခါ ဤလိုအပ်သော အချက်အလက်များကို ဆက်လက်ထည့်သွင်းရပါမည် -

1. ကျောင်းသား၏ အမည်
2. ကျောင်းသား၏ လိပ်စာ သို့မဟုတ် ဆက်သွယ်ရန်အချက်အလက်
3. ပညာရေးအေဂျင်စီ၏ အမည်
4. သင့်ကလေးသည် အိုးမဲ့အိမ်မဲ့ဖြစ်ပါက သင့်ကလေးအတွက် ရရှိနိုင်သော ဆက်သွယ်ရန်အချက်အလက်များနှင့် သင့်ကလေး တက်ရောက်နေသည့် ကျောင်း၏အမည်
5. ပြဿနာနှင့် ပတ်သက်သည့် အချက်အလက်များနှင့်အတူ သင့်ကလေးနှင့် ပတ်သက်သည့် တိကျသော ပြဿနာ၏ ဖော်ပြချက်
6. ပြဿနာကို ဖြေရှင်းရန် အကြံဉာဏ်များ သို့မဟုတ် အကြံပြုချက်များ

တရားဝင်လုပ်ထုံးလုပ်နည်းအရ တိုင်ကြားချက်တွင် ပြည်နယ်အဆင့် တိုင်ကြားချက်ကဲ့သို့ပင် အသေးစိတ်အချက်အလက်များ ပါဝင်ရမည် (စာမျက်နှာ 16 ကို ကြည့်ပါ)၊ သို့သော် မူရင်းလက်မှတ် မလိုအပ်ပါ။ ၎င်းကို ပညာရေးအေဂျင်စီနှင့် ဌာနသို့ လူကိုယ်တိုင်ဖြင့်၊ စာတိုက်ဖြင့်၊ ဖက်စ်ဖြင့် သို့မဟုတ် အီးမေးလ်ဖြင့် ပေးပို့နိုင်ပါသည်။ သင်၏ မူလ တရားဝင်လုပ်ထုံးလုပ်နည်းအရ တိုင်ကြားချက်တွင်မပါရှိသော ကိစ္စရပ်များကို တရားဝင်လုပ်ထုံးလုပ်နည်းအရ ကြားနာမှုအတွင်း ကြားနာရေးအရာရှိမှ ပြန်လည်သုံးသပ်မည်မဟုတ်ပါ။

**တရားဝင်လုပ်ထုံးလုပ်နည်းအရ တိုင်ကြားချက်ကို ပြင်ဆင်ခြင်း (AMENDING A DUE PROCESS COMPLAINT)**

တရားဝင်လုပ်ထုံးလုပ်နည်းအရ တိုင်ကြားချက်ကို ပြင်ဆင်ခြင်းဆိုသည်မှာ Ohio ပြည်နယ် ပညာရေးနှင့် အလုပ်သမားအင်အားရေးရာဌာနသို့ တင်ပြပြီးဖြစ်သော တိုင်ကြားချက်ကို နောက်ဆုံးအခြေအနေနှင့်အညီ မွမ်းမံပြင်ဆင်ခြင်းဖြစ်သည်။ သင်၏ တရားဝင်လုပ်ထုံးလုပ်နည်းအရ တိုင်ကြားချက်ကို အောက်ပါအခြေအနေများတွင်သာ ပြင်ဆင်နိုင်ပါသည် -

- တစ်ဖက်အဖွဲ့မှ ပြင်ဆင်ထားသော တရားဝင်လုပ်ထုံးလုပ်နည်းအရ တိုင်ကြားချက်ကို စာဖြင့် သဘောတူညီပြီး အဆိုပါတိုင်ကြားချက်ကို ညှိနှိုင်းဆွေးနွေးပွဲ (ညှိနှိုင်းဆွေးနွေးပွဲကို စာမျက်နှာ 23 တွင် ဖော်ပြထားပါသည်) မှတစ်ဆင့် ဖြေရှင်းရန် အခွင့်အလမ်းပေးထားလျှင် သို့မဟုတ်
- သမာသမတ်ကျသော ကြားနာရေးအရာရှိမှ ခွင့်ပြုလျှင်။ တရားဝင်လုပ်ထုံးလုပ်နည်းအရ ကြားနာခြင်း စတင်မည့် ရက်မတိုင်မီ ငါးရက်အလိုအထိ ထိုသို့ခွင့်ပြုချက်ကို ကြားနာရေးအရာရှိမှ ပေးနိုင်သည်၊ သို့သော် ထို့နောက်ပိုင်းတွင် ခွင့်မပြုပါ။

# တရားဝင်လုပ်ထုံးလုပ်နည်းအရ အချိန်ကာလများနှင့် လုပ်ငန်းစဉ်

သင့်ကလေး၏ ပညာရေးအေဂျင်စီအပေါ် တရားဝင်လုပ်ထုံးလုပ်နည်းအရ တိုင်ကြားချက်တင်သွင်းလျှင် သင့်တိုင်ကြားချက်ကို လက်ခံရရှိသည့်နေ့မှ 10 ရက်အတွင်း ပညာရေးအေဂျင်စီသည် ယခင်ကပေးခဲ့ပြီးဖြစ်သည့် အသိပေးချက်မှလွဲ၍ စွပ်စွဲထားသော အထူးပညာရေး ချိုးဖောက်မှုနှင့်စပ်လျဉ်း၍ ကြိုတင်ရေးသားထားသော အသိပေးချက် သို့မဟုတ် တုံ့ပြန်ချက် ပေးရမည်။

ပညာရေးအေဂျင်စီမှ သင့်အား ပေးအပ်သော ကြိုတင်ရေးသားထားသော အသိပေးချက် တွင် အောက်ပါတို့ ပါဝင်ရမည် -

- သင်တောင်းဆိုသည့် လုပ်ဆောင်ချက်၏ ဖော်ပြချက်သို့မဟုတ် တရားဝင်လုပ်ထုံးလုပ်နည်းအရ တိုင်ကြားချက်အကြောင်း ဖော်ပြချက်။ ၎င်းသည် ပညာရေးအေဂျင်စီ ဆောင်ရွက်လိုသော လုပ်ဆောင်ချက် သို့မဟုတ် ၎င်းမှ ဆောင်ရွက်ရန် ငြင်းဆန်ခဲ့သော လုပ်ဆောင်ချက် ဖြစ်နိုင်သည်။ ပညာရေးအေဂျင်စီသည် ကျောင်းမှ ထိုလုပ်ဆောင်ချက်ကို အဘယ်ကြောင့်ဆောင်ရွက်လိုသည် သို့မဟုတ် အဘယ်ကြောင့် ဆောင်ရွက်ရန် ငြင်းဆန်ခဲ့သည်ကိုလည်း ၎င်း၏တုံ့ပြန်ချက်တွင် ရှင်းလင်းဖော်ပြရမည်။
- သင့်ကလေးအား အကဲဖြတ်ရန်အသုံးပြုခဲ့သည့်နည်းလမ်းအားလုံး၊ သင့်ကလေးနှင့်သက်ဆိုင်သော မှတ်တမ်းများနှင့် ပညာရေးအေဂျင်စီအနေဖြင့် လုပ်ဆောင်ချက်တစ်ခု လုပ်ဆောင်ရန် သို့မဟုတ် မလုပ်ဆောင်ရန် ဆုံးဖြတ်ချက်ချရာတွင် အသုံးပြုခဲ့သည့် အစီရင်ခံစာများနှင့် ပတ်သက်သည့် ဖော်ပြချက်
- IEP အဖွဲ့မှ သင့်ကလေးအတွက် ထည့်သွင်းစဉ်းစားခဲ့သော အခြားရွေးချယ်စရာများနှင့် ထိုရွေးချယ်စရာများကို ပယ်ချခဲ့ရသည့် အကြောင်းရင်း(များ)၏ ဖော်ပြချက်
- လုပ်ဆောင်ချက်တစ်ခုခုကို လုပ်ဆောင်ရန် သို့မဟုတ် မလုပ်ဆောင်ရန် ပညာရေးအေဂျင်စီ၏ ဆုံးဖြတ်ချက်နှင့်စပ်လျဉ်းသည့် အခြားအချက်များအကြောင်း ဖော်ပြချက်

ပညာရေးအေဂျင်စီသည် သင့်အနေဖြင့် ရယူနိုင်သည့် အခမဲ့ သို့မဟုတ် ကုန်ကျစရိတ်နည်းပါးသော ဥပဒေရေးရာ အကူအညီနှင့် အခြားသက်ဆိုင်ရာ ဝန်ဆောင်မှုများအကြောင်း အချက်အလက်များကိုလည်း သင့်အား ပေးရမည်။

မိဘအနေဖြင့် သင့်အပေါ် တရားဝင်လုပ်ထုံးလုပ်နည်းအရတိုင်ကြားချက်တင်သွင်းလျှင် သင့်အနေဖြင့် အဆိုပါတိုင်ကြားချက်ကို ပြက္ခဒိန်ရက်ပေါင်း 10 ရက်အတွင်း တုံ့ပြန်ရမည်။ သင့်တုံ့ပြန်ချက်သည် တရားဝင်လုပ်ထုံးလုပ်နည်းအရ တိုင်ကြားချက်တွင် ထုတ်ဖော်ပြောဆိုထားသည့် ကိစ္စရပ်များကို အထူးသဖြင့် ဖြေရှင်းပေးရမည်။

## လုံလောက်မှု (Sufficiency)

တစ်ဖက်အဖွဲ့မှ သမာသမတ်ကျသော ကြားနာရေးအရာရှိနှင့် တိုင်ကြားချက်တင်သူထံသို့ ၎င်းတိုင်ကြားချက်သည် တင်သွင်းမှုလိုအပ်ချက်များနှင့် မကိုက်ညီကြောင်း (လုံလောက်မှုမရှိကြောင်း) အသိပေးသည့်အချိန်မှ *လွဲ၍* တရားဝင်လုပ်ထုံးလုပ်နည်းအရ တိုင်ကြားချက်ကို လုံလောက်သည်ဟု ယူဆပါမည် (ဆိုလိုသည်မှာ ၎င်းကို သင့်လျော်စွာ တင်သွင်းခဲ့သည်ဟု ဆိုလိုသည်)။ တစ်ဖက်အဖွဲ့သည် တရားဝင်လုပ်ထုံးလုပ်နည်းအရ တိုင်ကြားချက် လက်ခံရရှိသည့်နေ့မှ ပြက္ခဒိန်ရက်ပေါင်း 15 ရက်အတွင်း ၎င်းတိုင်ကြားချက်၏ လုံလောက်မှုကို စာဖြင့်ကန့်ကွက်ရမည်။

ဥပမာအားဖြင့် သင်သည် သင့်ပညာရေးအေဂျင်စီသို့ တရားဝင်လုပ်ထုံးလုပ်နည်းအရ တိုင်ကြားချက်တင်သွင်းပါက (Ohio ပြည်နယ် ပညာရေးနှင့် အလုပ်သမားအင်အားရေးရာဌာနသို့ မိတ္တူတစ်စောင်ပေးပို့ပါက) ပညာရေးအေဂျင်စီမှ သင့်တောင်းဆိုချက်ကို သင့်လျော်စွာ တင်သွင်းထားခြင်းမရှိဟု ယူဆကြောင်း ရက်ပေါင်း 15 ရက် အတွင်း စာဖြင့် ကြားနာရေးအရာရှိထံ အသိပေးသည့်အချိန်မှလွဲ၍ ၎င်းကို လုံလောက်သည်ဟု သတ်မှတ်ပါမည်။ ထို့နောက် ကြားနာရေးအရာရှိသည် သင့်ပညာရေးအေဂျင်စီ စာဖြင့်အသိပေးချက်ကို သူ သို့မဟုတ် သူမ လက်ခံရရှိသည့်နေ့မှစ၍ သင်၏ တရားဝင်လုပ်ထုံးလုပ်နည်းအရ တိုင်ကြားချက်သည် လုံလောက်မှုရှိ၊ မရှိ (၎င်းသည် စာမျက်နှာ 22 တွင် ဖော်ပြထားသော တရားဝင်လုပ်ထုံးလုပ်နည်းအရ တိုင်ကြားချက်၏ လိုအပ်ချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ) ဆုံးဖြတ်ရန် ပြက္ခဒိန်ရက် ငါးရက် ရရှိပါသည်။ ကြားနာရေးအရာရှိသည် သူ သို့မဟုတ် သူမ ဆုံးဖြတ်ချက်ကို သင့်ထံနှင့် ပညာရေးအေဂျင်စီထံသို့ ရက်ပေါင်း 15 ရက် အတွင်း စာဖြင့် ပေးပို့ရမည်။

ကြားနာရေးအရာရှိမှ သင်၏ တရားဝင်လုပ်ထုံးလုပ်နည်းအရ တိုင်ကြားချက်သည် မလုံလောက်ဟု ဆုံးဖြတ်ပါကပညာရေးအေဂျင်စီမှ သဘောတူညီပြီး ညှိနှိုင်းဆွေးနွေးပွဲမှတစ်ဆင့် အခြေအနေကို ဖြေရှင်းရန် အခွင့်အရေးရရှိထားလျှင် သို့မဟုတ် ကြားနာရေးအရာရှိမှ ကြားနာခြင်းစတင်မည့်ရက်မတိုင်မီ ငါးရက်ထက် နောက်မကျဘဲ ခွင့်ပြုထားလျှင် သင့်တွင် တရားဝင်လုပ်ထုံးလုပ်နည်းအရ တိုင်ကြားချက်အသစ်ကို ပြန်လည်တင်သွင်းခြင်း သို့မဟုတ် မူရင်း တရားဝင်လုပ်ထုံးလုပ်နည်းအရ တိုင်ကြားချက်ကို ပြင်ဆင်ခြင်း နှစ်မျိုးထဲမှ ရွေးချယ်နိုင်ပါသည်။

သင်သည် သင်၏ တရားဝင်လုပ်ထုံးလုပ်နည်းအရ တိုင်ကြားချက်ကို သင့်လျော်စွာ ပြင်ဆင်မွမ်းမံပါက သင်ပြင်ဆင်ထားသော တိုင်ကြားချက်ကို ပြန်လည်တင်သွင်းသည့်အချိန်မှစ၍ ရက်ပေါင်း 30 ကြာ ညှိနှိုင်းဖြေရှင်းရေးကာလ စတင်ပါသည်။

## ဖြေရှင်းရေးကာလ (Resolution Period)

ဖြေရှင်းရေးကာလသည် တရားဝင်လုပ်ထုံးလုပ်နည်းအရ တိုင်ကြားချက်ကို တင်သွင်းခြင်းနှင့် အမှန်တကယ် တရားဝင်လုပ်ထုံးလုပ်နည်းအရ ကြားနာခြင်းကြားရှိ အချိန်ကာလဖြစ်သည်။ ဖြေရှင်းရေးကာလသည် ကြားနာခြင်း တရားဝင်မစတင်မီ ဤအထူးပညာရေး အငြင်းပွားမှုကို ဖြေရှင်းရန် အခွင့်အရေးတစ်ရပ် နောက်တစ်ကြိမ် ထပ်မံပေးထားသော ညှိနှိုင်းဖြေရှင်းရေးဆွေးနွေးပွဲတစ်ရပ် ပါဝင်မည်ဖြစ်သည်။ သင်သည် တရားဝင်လုပ်ထုံးလုပ်နည်းအရ တိုင်ကြားချက် တင်သွင်းထားသော်လည်း ဖြေရှင်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ရန် ပျက်ကွက်ပါက ဤသို့ပြုလုပ်ခြင်းသည် တရားဝင်လုပ်ထုံးလုပ်နည်းအရ လုပ်ငန်းစဉ်အချိန်ကာလများ၏ စတင်မှုကို နှောင့်နှေးစေမည် (အောက်တွင် အချိန်ကာလများအကြောင်း ထပ်မံဖတ်ရှုပါ)။

ဖြေရှင်းရေးကာလတွင် တရားဝင်လုပ်ထုံးလုပ်နည်းအရ တိုင်ကြားချက် တင်သွင်းသည့်နေ့မှ (သို့မဟုတ် တိုင်ကြားချက်ကို သင့်လျော်စွာ ပြင်ဆင်သည့်နေ့မှ) ရက်ပေါင်း 30 အတွင်း ဖြစ်သည်။ ရက်ပေါင်း 30 ကာလပြည့်မြောက်သည့်အချိန်တိုင်အောင် ပညာရေးအေဂျင်စီသည် တရားဝင်လုပ်ထုံးလုပ်နည်းအရ တိုင်ကြားချက်ကို သင့်စိတ်ကျေနပ်သည်အထိ ဖြေရှင်းပေးနိုင်ခြင်း မရှိပါက တရားဝင်လုပ်ထုံးလုပ်နည်းအရ ကြားနာခြင်းကို ဆက်လက်ဆောင်ရွက်နိုင်ပါသည်။ ရက်ပေါင်း 30 ကြာ ဖြေရှင်းရေးကာလ ကုန်ဆုံးပြီးနောက် သင်နှင့် ပညာရေးအေဂျင်စီသည် ရက်ပေါင်း 30 ကျော်လွန်သည့် ဖျန်ဖြေညှိနှိုင်းခြင်း (Mediation) ကို သဘောတူညီထားသည်မှလွဲ၍ တရားဝင်လုပ်ထုံးလုပ်နည်းအရ ကြားနာခြင်းနှင့် သမာသမတ်ကျသော ကြားနာရေးအရာရှိအနေဖြင့် ဆုံးဖြတ်ချက်ချရန် (စာမျက်နှာ 22 ကို ကြည့်ပါ) ရက်ပေါင်း 45 ရက်ကြာ အချိန်ကာလရှိပါသည်။ ထို့အပြင် ထိုရက်ပေါင်း 30 အတွင်း သင်နှင့် ပညာရေးအေဂျင်စီတို့သည် သဘောတူညီမှုရရှိရန် မဖြစ်နိုင်ကြောင်း စာဖြင့်ရေးသား သဘောတူလျှင် ရက်ပေါင်း 30 ကြာ ဖြေရှင်းရေးကာလသည် စောစီးစွာ ပြီးဆုံးနိုင်သည်ကိုလည်း သတိပြုပါ။

ရက်ပေါင်း 30 ကြာ ဖြေရှင်းရေးကာလအတွင်းနှင့် တရားဝင်လုပ်ထုံးလုပ်နည်းအရ တိုင်ကြားချက်ကို လက်ခံရရှိသည့်နေ့မှ ပထမဆုံး ပြက္ခဒိန်ရက် 15 ရက်အတွင်း ပညာရေးအေဂျင်စီသည် ဖြေရှင်းရေးအစည်းအဝေးတစ်ရပ် (resolution meeting) စီစဉ်ရမည်။ ပညာရေးအေဂျင်စီသည် ဖြေရှင်းရေးအစည်းအဝေးကို ပြက္ခဒိန်ရက်ပေါင်း 15 ရက်အတွင်း မပြုလုပ်ပါက သို့မဟုတ် ဖြေရှင်းရေးအစည်းအဝေးတွင် ပါဝင်မှုမရှိပါက သင်သည် ရက်ပေါင်း 45 ရက်ကြာ တရားဝင်လုပ်ထုံးလုပ်နည်းအရ ကြားနာခြင်းအချိန်ကာလကို စတင်ရန် ကြားနာရေးအရာရှိထံ တောင်းဆိုနိုင်ပါသည်။ ပညာရေးအေဂျင်စီသည် တရားဝင်လုပ်ထုံးလုပ်နည်းအရ တိုင်ကြားချက်ကို ၎င်းကိုယ်တိုင် တင်သွင်းထားပါက ဖြေရှင်းရေးအစည်းအဝေး စီစဉ်ရန် မလိုအပ်ပါ။

**တရားဝင်လုပ်ထုံးလုပ်နည်းအရ ကြားနာခြင်းများကို သမာသမတ်ကျသော ကြားနာရေးအရာရှိမှ ဆောင်ရွက်သည်**

တရားဝင်လုပ်ထုံးလုပ်နည်းအရ တိုင်ကြားချက်ကို ဖြေရှင်း၍မရပါက ၎င်းသည် သမာသမတ်ကျသော ကြားနာရေးအရာရှိမှ ဆောင်ရွက်သည့် တရားဝင်နည်းလမ်းတကျဖြစ်သော ကြားနာခြင်းသို့ ဦးတည်သွားမည်ဖြစ်သည်။ ကြားနာရေးအရာရှိသည် Ohio ပြည်နယ် ပညာရေးနှင့် အလုပ်သမားအင်အားရေးရာဌာနမှ တရားဝင်လုပ်ထုံးလုပ်နည်းအရ ကြားနာခြင်းများ ဆောင်ရွက်ရန် လေ့ကျင့်ပေးထားသည့် အကျိုးဆောင်ကိုယ်စားလှယ်ရှေ့နေတစ်ဦး ဖြစ်ရမည်။

ကြားနာရေးအရာရှိ၏ ကုန်ကျစရိတ်ကို ပညာရေးအေဂျင်စီမှ ပေးချေသည်၊ သို့ရာတွင် ဤပုဂ္ဂိုလ်သည် ဘက်မလိုက်သော ကြားခံလူဖြစ်ပြီး ကျပန်းရွေးချယ်ခံရသူ ဖြစ်သည်။ သူ သို့မဟုတ် သူမသည် ပညာရေးနှင့်ပတ်သက်သော ပညာရေးအေဂျင်စီတစ်ခုမှ ခန့်အပ်ထားသူမဟုတ်ဘဲ တစ်ဖက်အဖွဲ့ကို အခြားတစ်ဖက်ထက် ပိုမိုအထောက်အကူပြုမည့် ကိုယ်ရေးကိုယ်တာ သို့မဟုတ် လုပ်ငန်းဆိုင်ရာ အကျိုးစီးပွားလည်း ရှိမနေရပါ။

ထို့အပြင် ကြားနာရေးအရာရှိသည် IDEA၊ ဖက်ဒရယ်နှင့် ပြည်နယ်ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများအပါအဝင် အထူးပညာရေးလိုအပ်ချက်များနှင့် ထိုအထူးပညာရေးကိစ္စရပ်များကို တရားရုံးများမှ မည်သို့အဓိပ္ပာယ်ကောက်သည်ကို ကောင်းစွာနားလည်ကျွမ်းကျင်သူဖြစ်သည်။

ကြားနာခြင်းအပြီးတွင် ကြားနာရေးအရာရှိသည် စံဥပဒေကျင့်သုံးမှုအတိုင်း ဆုံးဖြတ်ချက်ကို ရေးသားပေးပါမည်။

### ဖြေရှင်းရေးအစည်းအဝေး (RESOLUTION MEETING)

ဖြေရှင်းရေးအစည်းအဝေး၏ ရည်ရွယ်ချက်မှာ သင့်အား တိုင်ကြားချက်ရှိ ပြဿနာများကို ဆွေးနွေးရန်အတွက်အခွင့်အရေးပေးရန်နှင့် ပညာရေးအေဂျင်စီအား ဖြေရှင်းရေးနည်းလမ်းတစ်ခုဆီသို့ သင်နှင့်အတူ လက်တွဲလုပ်ကိုင်ရန်အတွက် အခွင့်အရေးရရှိစေရန် ဖြစ်သည်။ ဖြေရှင်းရေးအစည်းအဝေးကို ခေါ်ယူရန် တာဝန်သည် ပညာရေးအေဂျင်စီတွင်ရှိပြီး သင့်အနေဖြင့် ပါဝင်ဆောင်ရွက်ရန် လိုအပ်ပါသည်။ သင်သည် ဖြေရှင်းရေးအစည်းအဝေးတွင် ပါဝင်ခြင်းမရှိဘဲ ပညာရေးအေဂျင်စီမှ သင်၏မပါဝင်မှုကို မှတ်တမ်းတင်ပါကပညာရေးအေဂျင်စီသည် ရက်ပေါင်း 30 ကာလအဆုံးတွင် သင်၏ တရားဝင်လုပ်ထုံးလုပ်နည်းအရ တိုင်ကြားချက်ကို ပယ်ဖျက်ရန် ကြားနာရေးအရာရှိထံ တောင်းဆိုနိုင်ပါသည်။



Ohio Department of Education & Workforce

သင်နှင့် ပညာရေးအေဂျင်စီသည် ဖြေရှင်းရေးအစည်းအဝေးသို့ IEP အဖွဲ့၏ မည်သည့်အဖွဲ့ဝင်တို့ တက်ရောက်သင့်သည်ကို ဆုံးဖြတ်ပါသည်။ ဤအစည်းအဝေးတွင် ပညာရေးအေဂျင်စီအတွက် ဆုံးဖြတ်ချက်များချနိုင်သည့် အခွင့်အာဏာရှိသူ ပညာရေးအေဂျင်စီကိုယ်စားလှယ်တစ်ဦးကို ပါဝင်စေရမည်။

သင့်ရှေ့နေကို သင်ခေါ်ယူရန် မရွေးချယ်ပါက ပညာရေးအေဂျင်စီ၏ ရှေ့နေသည် ဤအစည်းအဝေးသို့ တက်ရောက်လာမည် မဟုတ်ပါ။ သင်နှင့် ပညာရေးအေဂျင်စီတို့သည် ဖြေရှင်းရေးအစည်းအဝေးကို စွန့်လွှတ်ရန် စာဖြင့် သဘောတူညီမှုရယူထားသည့်အချိန် သို့မဟုတ် သင်နှင့် ပညာရေးအေဂျင်စီတို့သည် ဖြေရှင်းရေးအစည်းအဝေးအစား ညှိနှိုင်းဖြေရှင်းရေး (mediation) ကို အသုံးပြုရန် သဘောတူညီထားသည့်အချိန်မှလွဲ၍ ဤအစည်းအဝေးသည် ဖြေရှင်းရေးလုပ်ငန်းစဉ်တွင် မဖြစ်မနေလုပ်ဆောင်ရမည့် အဆင့်တစ်ခုဖြစ်သည်။ သင်နှင့် ပညာရေးအေဂျင်စီ နှစ်ဖက်စလုံးမှ သဘောတူညီထားပါက ညှိနှိုင်းဖြန်ဖြေခြင်း (mediation) ကာလကို ရက်ပေါင်း 30 ကျော်သည်အထိ ခွင့်ပြုထားပါသည်။ ဤသို့ပြုလုပ်ခြင်းသည် ရက်ပေါင်း 45 ကြာ တရားဝင်လုပ်ထုံးလုပ်နည်းအရ ကြားနာခြင်းနှင့် ဆုံးဖြတ်ချက် အချိန်ကာလ စတင်ခြင်းကို တားဆီးပေးမည်ဖြစ်သည်။

သင်နှင့် ပညာရေးအေဂျင်စီသည် ဖြေရှင်းရေးအစည်းအဝေးတွင် သင့်အငြင်းပွားမှုကို ဖြေရှင်းနိုင်ခဲ့ပါက သင်တို့နှစ်ဦးစလုံးသည် အောက်ပါအချက်များပါဝင်သော တရားဝင်လိုက်နာရန်တာဝန်ရှိသည့် သဘောတူညီချက်တစ်ခုကို လက်မှတ်ရေးထိုးရမည်-

- ယခုလာမည့်အချိန်တွင် မည်သို့ဖြစ်ပျက်မည်ကို စာဖြင့် သတ်မှတ်ဖော်ပြထားခြင်း
- သင်နှင့် ပညာရေးအေဂျင်စီ ကိုယ်စားလှယ် နှစ်ဦးစလုံးမှ လက်မှတ်ရေးထိုးထားခြင်း
- တရားရုံးမှ အတည်ပြုအကောင်အထည်ဖော်နိုင်ခြင်း

တရားဝင်လိုက်နာရန်တာဝန်ရှိခြင်း (Legally binding) ဆိုသည်မှာ သင် သို့မဟုတ် ပညာရေးအေဂျင်စီသည် သဘောတူညီချက်အတိုင်း လိုက်နာမှုမရှိပါက တရားရုံးမှ သင့်အား သို့မဟုတ် ပညာရေးအေဂျင်စီအား လိုက်နာစေရန် တောင်းဆိုနိုင်ခြင်းကို ဆိုလိုသည်။

သဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးနောက် သင် သို့မဟုတ် ပညာရေးအေဂျင်စီတစ်ဖက်ဖက်မှ သဘောမတူညီရန် ဆုံးဖြတ်ပါက သင်တို့နှစ်ဦးအနက် တစ်ဦးဦးသည် ယင်းကို လက်မှတ်ရေးထိုးသည့်နေ့မှ ရုံးဖွင့်ရက် သုံးရက်အတွင်း သဘောတူညီချက်ကို ပယ်ဖျက်နိုင်သည်။

ရက်ပေါင်း 30 ကြာ ဖြေရှင်းရေးကာလ မကုန်ဆုံးမီ သင်နှင့် ပညာရေးအေဂျင်စီသည် တရားဝင်လုပ်ထုံးလုပ်နည်းအရ တိုင်ကြားချက်နှင့် ပတ်သက်၍ သဘောတူညီချက်ရရှိပါက ထိုတိုင်ကြားချက်ကို ပိတ်သိမ်းပြီး တရားဝင်လုပ်ထုံးလုပ်နည်းအရ ကြားနာခြင်းကို ဆောင်ရွက်မည် မဟုတ်ပါ။

## ကြားနာခြင်း လုပ်ငန်းစဉ် (The Hearing Process)

တရားဝင်လုပ်ထုံးလုပ်နည်းအရ ကြားနာခြင်းကို သင့်အတွက်နှင့် ပညာရေးအေဂျင်စီအတွက် သင့်တင့်လျောက်ပတ်သော နေရာနှင့်အချိန်တွင် စီစဉ်ဆောင်ရွက်ရမည်။ သမာသမတ်ကျသော ကြားနာရေးအရာရှိသည် ကြားနာခြင်းလုပ်ငန်းစဉ်အတွင်း ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်ပါက သင်နှင့် ပညာရေးအေဂျင်စီအား တစ်ချိန်တည်းတွင် ဆက်သွယ်မည်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရသော် ကြားနာရေးအရာရှိ၊ သင်နှင့် ပညာရေးအေဂျင်စီကြား ဆက်သွယ်မှုအားလုံးသည် အတူတကွ ဖြစ်ပွားပြီး သီးခြားစီ ဖြစ်ပွားမည်မဟုတ်ပါ။

ရက်ပေါင်း 45 ရက်ကြာ အချိန်ကာလတွင် တရားဝင်လုပ်ထုံးလုပ်နည်းအရ ကြားနာခြင်းနှင့် သမာသမတ်ကျသော ကြားနာရေးအရာရှိဆုံးဖြတ်ချက်ချရန် ရက်ကာလ ပါဝင်သည်။ ရက်ပေါင်း 45 ရက်ကြာ တရားဝင်လုပ်ထုံးလုပ်နည်းအရ ကြားနာခြင်း အချိန်ကာလသည် ရက်ပေါင်း 30 ကြာ ဖြေရှင်းရေးကာလ ပြီးဆုံးပြီးနောက် သို့မဟုတ် အောက်ပါအချက်တစ်ခုခု ဖြစ်ပြီးနောက်မှ စတင်ပါသည် -

- သင်နှင့် ပညာရေးအေဂျင်စီသည် ဖြေရှင်းရေး (resolution) အစည်းအဝေးကို စွန့်လွှတ်ရန် (မပြုလုပ်ရန်) စာဖြင့် သဘောတူညီခြင်း သို့မဟုတ်
- ဖြေရှင်းရေး အစည်းအဝေး သို့မဟုတ် ညှိနှိုင်းဖြေရှင်းရေး အစည်းအဝေးတွင် ကိစ္စရပ်များကို စတင်ဆွေးနွေးပြီးသည်နှင့် သင်နှင့် ပညာရေးအေဂျင်စီသည် သဘောတူညီမှုရရှိနိုင်ရန် မဖြစ်နိုင်ကြောင်း စာဖြင့် သဘောတူညီခြင်း သို့မဟုတ်

- သင်နှင့် ပညာရေးအေဂျင်စီသည် ညှိနှိုင်းဖြေရှင်းရေးကို ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ရက်ပေါင်း 30 ကျော်သည့် ဖြေရှင်းရေးကာလကို ကျော်လွန်သွားရန် စာဖြင့် သဘောတူညီပြီးနောက် သင် သို့မဟုတ် ပညာရေးအေဂျင်စီသည် ညှိနှိုင်းဖြေရှင်းရေး (mediation) လုပ်ငန်းစဉ်မှ နုတ်ထွက်ခြင်း။

ရက်ပေါင်း 45 ရက်ကြာ ကြားနာခြင်းကာလအတွင်း အဖွဲ့တစ်ခုခုမှ တောင်းဆိုသောကြောင့် သမာသမတ်ကျသော ကြားနာရေးအရာရှိမှ ထပ်ဆောင်းအချိန်ပေးရန် သဘောတူညီခြင်း (သို့မဟုတ် တစ်နည်းအားဖြင့် အချိန်တိုးချဲ့ခြင်းအား ခွင့်ပြုပေးခြင်း) မှလွဲ၍ အောက်ပါအချက်များ ဖြစ်ပေါ်လာမည် -

- ကြားနာခြင်း ပြုလုပ်ရမည်
- ကြားနာခြင်း ဆုံးဖြတ်ချက်ချမှတ်ရမည် နှင့်
- ဆုံးဖြတ်ချက်၏ မိတ္တူတစ်စောင်ကို သင့်ထံနှင့် ပညာရေးအေဂျင်စီထံသို့သာမက Ohio ပြည်နယ် ပညာရေးနှင့် အလုပ်သမားအင်အားရေးရာဌာနသို့ပါ အတည်ပြုစာတိုက် (certified mail) ဖြင့် ပေးပို့ရမည်။

တရားဝင်လုပ်ထုံးလုပ်နည်းအရ ကြားနာခြင်းမတိုင်မီ အနည်းဆုံးငါးရက်အလိုတွင် သင်နှင့် ပညာရေးအေဂျင်စီသည် ထုတ်ဖော်ပြောဆိုခြင်း (disclosure) အစည်းအဝေးတစ်ခုတွင် ပါဝင်ရမည်။ ဤသည်မှာ သင်နှင့် ပညာရေးအေဂျင်စီ နှစ်ဖက်စလုံးတွင် ကြားနာခြင်း၌ တင်ပြမည့် အချက်အလက်များ ရှိနေကြောင်း သေချာစေရန် ဆွေးနွေးခြင်းဖြစ်သည်။

### ကြားနာခြင်း အခွင့်အရေးများ (HEARING RIGHTS)

တရားဝင်လုပ်ထုံးလုပ်နည်းအရ ကြားနာခြင်းတွင် သင့်ထံ၌ အောက်ပါ အခွင့်အရေးများ ရှိပါသည် -

- ကြားနာခြင်း၏ အဓိကအကြောင်းအရာဖြစ်သော သင့်ကလေးအား တက်ရောက်စေခွင့်ရှိသည်
- ကြားနာခြင်းကို အများပြည်သူ ကြည့်ရှုခွင့်ပြုရန် တောင်းဆိုခွင့်ရှိသည်
- မသန်စွမ်းကလေးများနှင့်ပတ်သက်သည့် အထူးအသိပညာရှိသူ ရှေ့နေ သို့မဟုတ် ပုဂ္ဂိုလ်များကို သင်နှင့်အတူခေါ်ယူ၍ အကြံဉာဏ်ရယူခွင့်ရှိသည်
- သက်သေထူပစ္စည်း (သက်သေခံ) များကိုတင်ပြခွင့်၊ သက်သေများနှင့် ရင်ဆိုင်မေးမြန်းခွင့်၊ ပြန်လှန်စစ်ဆေးမေးမြန်းခွင့်နှင့် သက်သေများကို အစည်းအဝေးသို့ တက်ရောက်လာစေရန် ခေါ်ယူခွင့် ရှိသည် (နောက်တစ်ကြိမ်အဖြစ်ဆိုရလျှင် ပညာရေးအေဂျင်စီမှ သင့်အား ကိစ္စရပ်အသစ်များတင်ပြရန် သဘောတူညီခြင်းမရှိပါက ကြားနာခြင်းသည် သင်၏တရားဝင်လုပ်ထုံးလုပ်နည်းအရ တိုင်ကြားချက်တွင် ဖော်ပြထားသော ကိစ္စရပ်များကိုသာ ကိုင်တွယ်ဖြေရှင်းမည်ဖြစ်သည်)
- ကြားနာခြင်းမတိုင်မီ အနည်းဆုံး ရုံးဖွင့်ရက်ငါးရက်အလိုကတည်းက သင့်ထံမပြသရသေးသော သက်သေခံပစ္စည်းများ မိတ်ဆက်တင်သွင်းခြင်းကို တားမြစ်ပိုင်ခွင့်ရှိသည်။
- သင့်အနေဖြင့် ကြားနာခြင်း၏ စကားလုံးတစ်လုံးချင်းအလိုက် ရေးမှတ်ထားသော (သို့မဟုတ် အီလက်ထရွန်းနစ်အား သင်ပိုနှစ်သက်ပါက) မှတ်တမ်း၊ ရှာဖွေတွေ့ရှိချက်များနှင့် ဆုံးဖြတ်ချက်များ၏ မှတ်တမ်းများကို ကုန်ကျစရိတ်မရှိဘဲ လက်ခံရရှိပိုင်ခွင့်ရှိသည်။

**ရှေ့နေမဟုတ်သော မည်သည့် ကူညီထောက်ခံသူ (advocates) မဆို သင်နှင့်အတူ လိုက်ပါလျှင်**

ရှေ့နေမဟုတ်သော မည်သည့် ကူညီထောက်ခံသူ (advocates) မဆို သင်နှင့်အတူ လိုက်ပါလျှင် ထိုပုဂ္ဂိုလ်များသည် တစ်ဖက်အဖွဲ့ထံမှ အကျိုးဆောင်ကိုယ်စားလှယ်ရှေ့နေ၏ (ရှေ့နေ၏) ဝန်ဆောင်ခ (သို့မဟုတ် ၎င်းတို့၏ ဝန်ဆောင်မှုများအတွက် မည်သည့်အခကြေးငွေများမဆို) ရရှိပိုင်ခွင့်မရှိပါ။ ကူညီထောက်ခံသူသည် ကြားနာခြင်းတွင် ဥပဒေဆိုင်ရာ ကျင့်သုံးမှု မပြုလုပ်နိုင်သကဲ့သို့ လုပ်ငန်းစဉ်အတွင်း ၎င်း၏ ပါဝင်မှုကို ကန့်သတ်ထားနိုင်သည်။

## အရှိန်မြှင့် တရားဝင်လုပ်ထုံးလုပ်နည်းအရ တိုင်ကြားချက်များနှင့် အချိန်ကာလ (Expedited Due Process Complaints And Timeline)

အရှိန်မြှင့် တရားဝင်လုပ်ထုံးလုပ်နည်းအရ ကြားနာခြင်းဆိုသည်မှာ အထူးပညာရေး အငြင်းပွားမှု အချို့၏ ဖြေရှင်းချက်အား ပိုမိုမြန်ဆန်စေရန် လမ်းညွှန်ညှိနှိုင်းပေးသော ပိုမိုမြန်ဆန်သည့် အချိန်ကာလဖြင့် ကြားနာခြင်းတစ်မျိုးဖြစ်သည်။ သင် သို့မဟုတ် ပညာရေးအေဂျင်စီသည် အောက်ဖော်ပြပါ အခြေအနေများတွင်သာ အရှိန်မြှင့် တရားဝင်လုပ်ထုံးလုပ်နည်းအရ ကြားနာခြင်း တောင်းဆိုချက်ကို တင်သွင်းနိုင်သည် -

1. သင့်ကလေး၏ ပညာရေးဆိုင်ရာနေရာချထားမှု (အစီအစဉ် သို့မဟုတ် ဝန်ဆောင်မှုများ) အပေါ် ပညာရေးအေဂျင်စီ၏ ဆုံးဖြတ်ချက်နှင့် သင်သဘောမတူပါက နှင့် ထိုဆုံးဖြတ်ချက်သည် သင့်ကလေးအား ကျောင်းမှ စည်းကမ်းပိုင်းဆိုင်ရာ အရေးယူမှုပြုလုပ်ခဲ့ခြင်း၏ အကျိုးဆက်ဖြစ်ပါက သို့မဟုတ်
2. အပြုအမူ ဖော်ထုတ်ဆုံးဖြတ်ခြင်း၏ ရလဒ်ကို သင်သဘောမတူပါက သို့မဟုတ်

3. ပညာရေးအေဂျင်စီမှ သင့်ကလေး၏ လက်ရှိပညာရေးဆိုင်ရာနေရာချထားမှု (အစီအစဉ် သို့မဟုတ် ဝန်ဆောင်မှုများ) သည် သင့်ကလေး သို့မဟုတ် အခြားသူများအား ထိခိုက်ဒဏ်ရာရစေရန် သိသာထင်ရှားသော ဖြစ်နိုင်ခြေရှိသည်ဟု ယုံကြည်ပါက။

အရှိန်မြှင့် တရားဝင်လုပ်ထုံးလုပ်နည်းအရ တိုင်ကြားချက်အချိန်ကာလတွင် ပြက္ခဒိန်ရက်ပေါင်း 15 ရက်ကြာသော ဖြေရှင်းရေးကာလနှင့် ကျောင်းဖွင့်ရက်ပေါင်း 20 ရက်ကြာသော ကြားနာခြင်းအချိန်ကာလတို့ ပါဝင်သည်။ ပညာရေးအေဂျင်စီသည် တရားဝင်လုပ်ထုံးလုပ်နည်းအရ တိုင်ကြားချက်ကို လက်ခံရရှိသည့်နေ့မှ ပြက္ခဒိန်ရက်ပေါင်း ခုနှစ်ရက်အတွင်း ဖြေရှင်းရေးအစည်းအဝေးကို စီစဉ်ရမည်။ အရှိန်မြှင့် တရားဝင်လုပ်ထုံးလုပ်နည်းအရ ကြားနာခြင်းပြီးဆုံးပါက ဆုံးဖြတ်ချက်တစ်ခုကို ရေးသားပြီး သင့်ထံနှင့် ပညာရေးအေဂျင်စီထံသို့ ပေးအပ်ရန် ကြားနာရေးအရာရှိတွင် ကျောင်းဖွင့်ရက် 10 ရက်အချိန်ရှိသည်။ အရှိန်မြှင့် တရားဝင်လုပ်ထုံးလုပ်နည်းအရ တိုင်ကြားချက်ကာလအတွင်း အပိုအချိန် ထပ်မံပေါင်းထည့်ခြင်း မရှိပါ။

## ဆုံးဖြတ်ချက်ကို အယူခံဝင်ခြင်း

ကြားနာရေးအရာရှိ၏ဆုံးဖြတ်ချက်ကို ရရှိသည့်နေ့မှ 45 ရက်အတွင်း နစ်နာသူအဖွဲ့မှ Ohio ပြည်နယ် ပညာရေးနှင့် အလုပ်သမားအင်အားရေးရာဌာနသို့ တိုက်ရိုက်အယူခံတင်သွင်းခြင်းမပြုပါက တရားဝင်လုပ်ထုံးလုပ်နည်းအရ ကြားနာခြင်းအပြီးတွင် သမာသမတ်ကျသော ကြားနာရေးအရာရှိမှ ချမှတ်သော ဆုံးဖြတ်ချက်သည် အတည်ဖြစ်သည်။ ကြားနာရေးအရာရှိ၏ ဆုံးဖြတ်ချက်သည် အဖွဲ့တစ်ခုအတွက် နှစ်သက်စရာမဖြစ်ပါက (ဆိုလိုသည်မှာ ထိုအဖွဲ့သည် အနိုင်မရခဲ့ပါက) နစ်နာသူအဖွဲ့သည် မိဘ သို့မဟုတ် ပညာရေးအေဂျင်စီ ဖြစ်နိုင်သည်။

### ကြားနာရေးအရာရှိ၏ဆုံးဖြတ်ချက်ကို မည်သို့အယူခံရမည်နည်း။

ကြားနာရေးအရာရှိ၏ ဆုံးဖြတ်ချက်ကို အယူခံဝင်ရန် စာဖြင့်ရေးသားထားသော သင့်အယူခံလွှာ၏မိတ္တူကို ဌာနသို့ ကိုယ်တိုင်ပေးပို့ သို့မဟုတ် အီးမေးလ်ဖြင့် ပေးပို့ရမည်ဖြစ်ပြီး သင့်ပညာရေးဌာန၏ ကြီးကြပ်အုပ်ချုပ်သူ (superintendent) ထံသို့လည်း အယူခံစာ မိတ္တူတစ်စောင်ပေးပို့ရမည်။ ဌာနသည် တရားဝင်လုပ်ထုံးလုပ်နည်းအရ ဆုံးဖြတ်ချက်အား သမာသမတ်ကျသော သုံးသပ်မှုတစ်ခု ပြုလုပ်စေရန် ပြည်နယ်အဆင့် ပြန်လည်သုံးသပ်ရေးအရာရှိ (သို့မဟုတ် "ပြန်လည်သုံးသပ်ရေးအရာရှိ") တစ်ဦးကို ခန့်အပ်ပါမည်။ Ohio ပြည်နယ် ပညာရေးနှင့် အလုပ်သမားအင်အားရေးရာဌာနမှ ပြန်လည်သုံးသပ်ရေးအရာရှိ၏ ကုန်ကျစရိတ်ကို ပေးချေမည်။

ပြန်လည်သုံးသပ်ရေးအရာရှိသည် တရားဝင်လုပ်ထုံးလုပ်နည်းအရ ကြားနာခြင်းတစ်ခုလုံး၏ မှတ်တမ်းများကို စစ်ဆေးသုံးသပ်မည်။ ထို့အပြင် ပြန်လည်သုံးသပ်ရေးအရာရှိအနေဖြင့် ကြားနာခြင်းသည် တရားဝင်လုပ်ထုံးလုပ်နည်းအရ လိုအပ်ချက်များကို လိုက်နာမှုရှိကြောင်း သေချာအောင်ပြုလုပ်ပြီးနှင့် လိုအပ်သည်ဟု ယူဆရသော ထပ်ဆောင်း သက်သေခံအထောက်အထားများကို ရှာဖွေရယူမည်ဖြစ်သည်။ ပြန်လည်သုံးသပ်ရေးအရာရှိသည် သင်နှင့် ပညာရေးအေဂျင်စီထံမှ နှုတ်ဖြင့် သို့မဟုတ် စာဖြင့် ချေပချက်များ (arguments) ကို တောင်းဆိုနိုင်သည်။ ပြန်လည်သုံးသပ်ရေးအရာရှိသည် နှုတ်ဖြင့် ချေပချက်များကို ထည့်သွင်းစဉ်းစားရန် ကြားနာခြင်းတစ်ခု ပြုလုပ်ပါက တရားဝင်လုပ်ထုံးလုပ်နည်းအရ ကြားနာခြင်းတွင် သင့်အားပေးအပ်ခဲ့သော ကြားနာခြင်း အခွင့်အရေးအားလုံး (စာမျက်နှာ 25 ကိုကြည့်ပါ) သည် ပြန်လည်သုံးသပ်ရေးအရာရှိမတိုင်မီ ကြားနာခြင်းအတွင်း သင့်ကို ပေးအပ်ခဲ့သည်များနှင့် အတူတူပင်ဖြစ်သည်။

### အချိန်ကာလ/တိုးချဲ့ခြင်းများ

ဌာနမှ သင်၏ ပြည်နယ်အဆင့်ပြန်လည်သုံးသပ်ချက်အတွက် တောင်းဆိုချက်ကို လက်ခံရရှိသည့်နေ့မှ 30 ရက်အတွင်း မိဘ သို့မဟုတ် ပညာရေးဌာနတစ်ဖက်ဖက်မှ တောင်းဆိုနိုင်သော အချိန်ကာလတိုးချဲ့ခြင်းကို သူ သို့မဟုတ် သူမမှ ခွင့်ပြုပေးခြင်းမရှိပါက ပြန်လည်သုံးသပ်ရေးအရာရှိမှ ဆုံးဖြတ်ချက်တစ်ခုကို ထုတ်ပြန်မည်ဖြစ်သည် (သို့ရာတွင် အရှိန်မြှင့် တရားဝင်လုပ်ထုံးလုပ်နည်းအရ ကြားနာခြင်းမှ အယူခံခြင်းအတွင်း အချိန်ကာလတိုးချဲ့ခြင်းများ ခွင့်မပြုနိုင်ကြောင်း သတိပြုပါ)။ ပြန်လည်သုံးသပ်ရေးအရာရှိ၏ တွေ့ရှိချက်များနှင့် ဆုံးဖြတ်ချက်များနှစ်ခုစလုံး၏ စာဖြင့်ရေးသားထားသော မိတ္တူများ သို့မဟုတ် စကားလုံးတစ်လုံးချင်းစီအလိုက် အီလက်ထရွန်းနစ်မှတ်တမ်းများကိုလည်း သင်တောင်းဆိုနိုင်ပါသည်။

### ဖက်ဒရယ် သို့မဟုတ် ပြည်နယ် တရားရုံးသို့ အယူခံဝင်ခြင်း

ဖက်ဒရယ် သို့မဟုတ် ပြည်နယ် တရားရုံးသို့ အယူခံမတင်သွင်းခဲ့ပါက ပြည်နယ်အဆင့် ပြန်လည်သုံးသပ်ရေး ဆုံးဖြတ်ချက်သည် အတည်ဖြစ်သည်။ ပြန်လည်သုံးသပ်ရေးအရာရှိ၏ဆုံးဖြတ်ချက်ကြောင့် နစ်နာသော (အနိုင်မရခဲ့သော) အဖွဲ့သည် ပြန်လည်သုံးသပ်ရေးအရာရှိ၏ဆုံးဖြတ်ချက်ရက်စွဲမှ ရက်ပေါင်း 90 အတွင်း ဖက်ဒရယ်ခရိုင် တရားရုံး၌ သို့မဟုတ် ပြန်လည်သုံးသပ်ရေးအရာရှိ၏ဆုံးဖြတ်ချက်အကြောင်း အကြောင်းကြားချက်ရရှိသည့်နေ့မှ ရက်ပေါင်း 45 အတွင်း သင့်ကလေး၏ပညာရေးအေဂျင်စီ တည်ရှိရာခရိုင်ရှိ ကော်မတီတက်တရားရုံး (court of common pleas) ၌ တရားစွဲဆိုခွင့်ရှိသည်။ တရားရုံးသည် မှတ်တမ်းများကို ပြန်လည်သုံးသပ်ပြီး အဖွဲ့များ၏ တောင်းဆိုချက်အရ အခြားသက်သေခံအထောက်အထားများကို ကြားနာကာ၊ ထို့နောက် မှတ်တမ်းများနှင့် တင်ပြထားသော သက်သေခံအထောက်အထားများအပေါ် အခြေခံ၍ နောက်ဆုံး ဆုံးဖြတ်ချက်ချမှတ်မည်။ တရားရုံးတွင် သင်တင်သွင်းသော အယူခံဝင်ခြင်းအတွက် တရားရုံးစရိတ်ကို သင်ပေးချေရမည်ဖြစ်သော်လည်း သင်အနိုင်ရရှိပါက တရားရုံး၏ ဆုံးဖြတ်ချက်အရ တရားရုံးစရိတ်များနှင့် အကျိုးဆောင်ကိုယ်စားလှယ်ရှေ့နေ၏ ဝန်ဆောင်ခများကို ရပိုင်ခွင့်ရှိနိုင်ပါသည်။

## တရားဝင်လုပ်ထုံးလုပ်နည်းအရ လုပ်ငန်းစဉ်အတွင်း ကလေး၏ အခြေအနေ

- သင်နှင့် ပညာရေးအေဂျင်စီတို့မှ သင့်ကလေး၏ ပညာရေးဆိုင်ရာ နေရာချထားမှု ပြောင်းလဲနိုင်ကြောင်း သဘောတူညီမှုမရှိပါက တရားဝင်လုပ်ထုံးလုပ်နည်းအရ တိုင်ကြားချက် အချိန်အတွင်း သင့်ကလေးသည် လက်ရှိပညာရေးဆိုင်ရာနေရာချထားမှုတွင်ပင် ဆက်လက်ရှိနေရမည်။
- သင့်ကလေး၏ လက်ရှိပညာရေးဆိုင်ရာနေရာချထားမှုသည် မကြာသေးမီက အကောင်အထည်ဖော်ဆောင်ခဲ့သော သူ သို့မဟုတ် သူမ၏ IEP တွင် ဖော်ပြထားသည့်အတိုင်း ဖြစ်သည်။
- ပညာရေးအေဂျင်စီ၏ စည်းကမ်းချမှတ်မှုကြောင့် သင့်ကလေးအား IAES (ယာယီအစားထိုးပညာရေး ပတ်ဝန်းကျင် သို့မဟုတ် ကျောင်းပြင်ပ ယာယီသင်ယူမှုဆိုင်ရာ ပတ်ဝန်းကျင်) တွင်ထားရှိပါက ကြားနာရေးအရာရှိ ဆုံးဖြတ်ချက်ချသည်အထိ သို့မဟုတ် ပညာရေးအေဂျင်စီ၏ သင့်ကလေးအား စည်းကမ်းချမှတ်မှု ပြီးဆုံးသည်အထိ၊ မည်သည့်အရာဖြစ်စေ ဦးစွာဖြစ်ပေါ်သည်ဖြစ်စေ၊ သင့်ကလေးသည် ထိုပညာရေးဆိုင်ရာပတ်ဝန်းကျင် (educational setting) တွင်ပင် ဆက်လက်ရှိနေရမည်။
- တရားဝင်လုပ်ထုံးလုပ်နည်းအရ တိုင်ကြားချက်တွင် ပညာရေးအေဂျင်စီသို့ ကနဦးအပ်နှံခြင်း (initial admission) ပါဝင်ပါက သင့်ကလေးအား သင့်ခွင့်ပြုချက်ဖြင့် တရားဝင်လုပ်ထုံးလုပ်နည်းအရ လုပ်ငန်းစဉ် ပြီးဆုံးသည်အထိ ပညာရေးအေဂျင်စီတွင် နေရာချထားရမည်။
- တရားဝင်လုပ်ထုံးလုပ်နည်းအရ တိုင်ကြားချက်တွင် သင့်ကလေးအသက် သုံးနှစ်ပြည့်သွားသောကြောင့် ဥပဒေ၏ စောစီးစွာလေ့ကျင့်သင်ကြားခြင်း (early intervention) အပိုင်းအောက်ရှိ ဝန်ဆောင်မှုများ လက်ခံရရှိခွင့် မရှိတော့သဖြင့် ဥပဒေ၏ ကျောင်းနေအရွယ်အပိုင်းအောက်ရှိ ဝန်ဆောင်မှုများ စတင်ရန် လျှောက်ထားခြင်းပါဝင်ပါက ပညာရေးအေဂျင်စီသည် သင့်ကလေး မရရှိနေခဲ့သော စောစီးစွာလေ့ကျင့်သင်ကြားခြင်း ဝန်ဆောင်မှုများကို ပေးအပ်ရန် မလိုအပ်ပါ။
- သင့်ကလေးသည် အထူးပညာရေး ဝန်ဆောင်မှုများအတွက် အရည်အချင်းပြည့်မီကြောင်း တွေ့ရှိပြီး မိဘမှ ဝန်ဆောင်မှုများ ကနဦးပေးအပ်ရန် သဘောတူညီလျှင် ပညာရေးအေဂျင်စီသည် မိဘနှင့် ပညာရေးအေဂျင်စီကြား အငြင်းပွါးနေခြင်းမရှိသော ထိုဝန်ဆောင်မှုများကို ပေးဆောင်ရမည်။
- ပြန်လည်သုံးသပ်ရေးအရာရှိမှ နေရာချထားမှုပြောင်းရွှေ့ခြင်းသည် သင့်တော်သည်ဟု သင်နှင့်သဘောတူလျှင် ထိုနေရာချထားမှုကို ရှိမြဲအတိုင်းရှိစေရန် (stay put) ရည်ရွယ်ချက်ဖြင့် ပြည်နယ်နှင့် မိဘများကြားသဘောတူညီချက်အဖြစ် သတ်မှတ်ရမည်။

**သမာသမတ်ကျသော ကြားနာရေးအရာရှိ၏ ဆုံးဖြတ်ချက်ကို အယူခံတင်သွင်းရန် တောင်းဆိုခြင်း**

ဆုံးဖြတ်ချက်ကို ရရှိသည့်နေ့မှ ပြက္ခဒိန်ရက်ပေါင်း 45 ရက်အတွင်း သမာသမတ်ကျသော ကြားနာရေးအရာရှိ၏ ဆုံးဖြတ်ချက်ကို စာဖြင့် ကန့်ကွက်နိုင်သည် (အယူခံတင်သွင်းနိုင်သည်)။ သင်၏အယူခံလွှာကို အောက်ပါလိပ်စာသို့ ပေးပို့ပါ -

Ohio ပြည်နယ် ပညာရေးနှင့် အလုပ်သမားအင်အားရေးရာဌာန
(Ohio Department of Education and Workforce)
အထူးလိုအပ်ချက်ရှိသောကလေးများ ငြင်းခုံမှုအတွက်ရုံး
(Office for Exceptional Children Dispute)
ဖြေရှင်းရေးဌာနခွဲ (Resolution Section)
25 South Front Street Mail Stop 409 Columbus, Ohio 43215
OECdueprocess@education.ohio.gov

ထပ်ဆောင်း အကူအညီရယူရန်
အထူးလိုအပ်ချက်ရှိသောကလေးများအတွက် Ohio ပြည်နယ် ပညာရေးနှင့် အလုပ်သမားအင်အားရေးရာဌာနရုံးသို့ ဖုန်းနံပါတ် (614) 466-2650 သို့မဟုတ် အခမဲ့ဖုန်း (877) 644-6338 တွင် ဖုန်းခေါ်ဆိုနိုင်ပါသည်။

## အကျိုးဆောင်ကိုယ်စားလှယ်ရှေ့နေ၏ ဝန်ဆောင်ခ (Attorney's Fees)

တရားဝင်လုပ်ထုံးလုပ်နည်းအရ လုပ်ငန်းစဉ် (သို့မဟုတ် တရားဝင်လုပ်ထုံးလုပ်နည်းအရ ဆုံးဖြတ်ချက်ကို အယူခံဝင်သည့် လုပ်ငန်းစဉ်) အတွင်း သင့်အား ကိုယ်စားပြုရန် မည်သည့်အချိန်တွင်မဆို အကျိုးဆောင်ကိုယ်စားလှယ်ရှေ့နေ (ရှေ့နေ)တစ်ဦးကို ငှားရမ်းရန် သင်ရွေးချယ်နိုင်သော်လည်း သင့်ကိုယ်ပိုင်တရားရေးစရိတ်ကို သင်ပေးချေရမည်။ သင်သည် အကျိုးဆောင်ကိုယ်စားလှယ်ရှေ့နေ ငှားရမ်းရန် ရွေးချယ်ပြီး တရားဝင်လုပ်ထုံးလုပ်နည်းအရ လုပ်ငန်းစဉ် နှင့်ပတ်သက်၍ ဖက်ဒရယ် သို့မဟုတ် ပြည်နယ် တရားရုံးရှိ လုပ်ငန်းစဉ်တစ်ခု သို့မဟုတ် လုပ်ဆောင်ချက်တစ်ခုတွင် သင်အနိုင်ရရှိပါက (သင့်အတွက် အကျိုးရှိသော ဆုံးဖြတ်ချက်ကို ရရှိပါက) (သင့်အနေဖြင့် အနိုင်ရအဖွဲ့ဖြစ်လာပါက) တရားရုံးသည် ပညာရေးအေဂျင်စီအား သင့်အတွက် သင့်တင့်လျောက်ပတ်သော အကျိုးဆောင်ကိုယ်စားလှယ်ရှေ့နေ၏ ဝန်ဆောင်ခကို ပေးချေရန် အမိန့်ချမှတ်နိုင်သည်။

### ပညာရေးအေဂျင်စီ အနိုင်ရရှိပါက

ပညာရေးအေဂျင်စီ အနိုင်ရရှိပါက တရားရုံးသည် ပညာရေးအေဂျင်စီ၏ သင့်တင့်လျောက်ပတ်သော အကျိုးဆောင်ကိုယ်စားလှယ်ရှေ့နေ၏ ဝန်ဆောင်ခကို သင်ပေးချေရန် အမိန့်ချမှတ်နိုင်သည်။ Ohio ပြည်နယ် ပညာရေးနှင့် အလုပ်သမားအင်အားရေးရာဌာန သို့မဟုတ် သင့်ပညာရေးအေဂျင်စီသည် အနိုင်ရရှိပြီး တရားရုံးမှ အောက်ပါအချက်များထဲမှ တစ်ခုခုကို ဆုံးဖြတ်ပါက တရားရုံးသည် သင့်အား သို့မဟုတ် သင့်အကျိုးဆောင်ကိုယ်စားလှယ်ရှေ့နေအား ထိုရှေ့နေဝန်ဆောင်ခများကို ပေးချေရန် အမိန့်ချမှတ်နိုင်သည် -

- ထိုလုပ်ရပ်သည် တာဝန်မဲ့သော၊ သင့်လျော်မှုမရှိသော သို့မဟုတ် အခြေအမြစ်မရှိသော လုပ်ဆောင်မှုဖြစ်ကြောင်း
- ထိုလုပ်ရပ်သည် တာဝန်မဲ့သော၊ သင့်လျော်မှုမရှိသော သို့မဟုတ် အခြေအမြစ်မရှိသော လုပ်ဆောင်မှုဖြစ်ကြောင်းရှင်းလင်းစွာ ဖြစ်ပေါ်လာပြီးနောက်ပိုင်း သင့်အနေဖြင့် တရားရေးဆိုင်ရာလုပ်ဆောင်မှုကို ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း
- ထိုလုပ်ရပ်ကို အနှောင့်အယှက်ပေးရန်၊ မလိုအပ်သော နှောင့်နှေးမှုဖြစ်စေရန် သို့မဟုတ် တရားရေးဝန်ဆောင်မှု ကုန်ကျစရိတ်များကို မလိုအပ်ဘဲ မြင့်တက်စေရန် စသည့် မသင့်လျော်သော ရည်ရွယ်ချက်ဖြင့် ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း

**တရားရုံးမှ သင့်အား သို့မဟုတ် ပညာရေးအေဂျင်စီအား တရားရေးဆိုင်ရာ ဝန်ဆောင်စရိတ်များ ပြန်လည်ပေးချေရန် အမိန့်ချမှတ်ပါက**

တရားရုံးမှ သင့်အား သို့မဟုတ် ပညာရေးအေဂျင်စီအား တရားရေးဆိုင်ရာ ဝန်ဆောင်စရိတ်များ ပြန်လည်ပေးချေရန် အမိန့်ချမှတ်ပါက ထိုတရားရုံးသည် သင့်တင့်လျောက်ပတ်သော ပမာဏကို ဆုံးဖြတ်မည်ဖြစ်သည်။ အကျိုးဆောင်ကိုယ်စားလှယ်ရှေ့နေ၏ ဝန်ဆောင်ခများသည် လုပ်ဆောင်မှု သို့မဟုတ် လုပ်ငန်းစဉ် ဆောင်ရွက်ခဲ့သော လူထုအသိုင်းအဝိုင်းအတွင်းရှိ ပုံမှန်နှုန်းထားများနှင့် ပေးအပ်ခဲ့သော ဝန်ဆောင်မှုများ၏ အမျိုးအစားနှင့် အရည်အသွေးပေါ် အခြေခံရမည်။ တရားရုံး၏ အကျိုးဆောင်ကိုယ်စားလှယ်ရှေ့နေ ဝန်ဆောင်ခ ချီးမြှင့်နိုင်စွမ်းအပေါ် ကန့်သတ်ချက်အချို့ရှိပါသည်။

တရားရုံးသည် အောက်ပါအခြေအနေများတွင် အကျိုးဆောင်ကိုယ်စားလှယ်ရှေ့နေ၏ ဝန်ဆောင်ခ ချီးမြှင့်နိုင်မည် မဟုတ်ပါ -

- ပညာရေးအေဂျင်စီသည် လုပ်ငန်းစဉ်စတင်သည့်နေ့မှ 10 ရက်အတွင်း အငြင်းပွါးမှုကို ဖြေရှင်းရန် စာဖြင့်ရေးသားထားသော ကမ်းလှမ်းမှုတစ်ခုပြုလုပ်ခဲ့ပြီး သင့်အနေဖြင့် ကမ်းလှမ်းချက်ကို 10 ရက်အတွင်း လက်မခံပါက၊ ထို့နောက် အမှုဆုံးဖြတ်ချက်သည် ပညာရေးအေဂျင်စီ ကမ်းလှမ်းခဲ့သော အဆိုပြုဖြေရှင်းချက်ထက် သင့်အတွက် နှစ်သက်စရာမကောင်းသော အခြေအနေဖြစ်လာပါက
  - သို့ရာတွင် သင်သည် လုပ်ဆောင်မှုတွင် အနိုင်ရခဲ့ပြီး ပညာရေးအေဂျင်စီ၏ ဖြေရှင်းချက် ကမ်းလှမ်းမှုကို လက်မခံရန် သင့်တင့်လျောက်ပတ်စွာ ရှင်းပြနိုင်ခဲ့သည် (အကြောင်းပြချက်ကောင်းရှိခဲ့သည်) ဟု တရားရုံးမှ ဆုံးဖြတ်ပါက တရားရုံးသည် သင့်အား ဝန်ဆောင်ခများ ချီးမြှင့်နိုင်သည်။
- တရားရုံး၏လုပ်ဆောင်ချက် သို့မဟုတ် အုပ်ချုပ်ရေးဆိုင်ရာ ကြားနာခြင်းတစ်ခု၏ ရလဒ်အနေဖြင့် ခေါ်ဆိုသော အစည်းအဝေးမဟုတ်ပါက IEP အစည်းအဝေးတွင် သင့်ရှေ့နေ၏ ပါဝင်ဆောင်ရွက်မှုအတွက်
- ဖြေရှင်းရေးအစည်းအဝေးတွင် သင့်ရှေ့နေ၏ ပါဝင်ဆောင်ရွက်မှုအတွက်

**အကျိုးဆောင်ကိုယ်စားလှယ်ရှေ့နေ၏ ဝန်ဆောင်ခ လျှော့ချခြင်း**

အောက်ပါအခြေအနေများတွင်လည်း တရားရုံးသည် အကျိုးဆောင်ကိုယ်စားလှယ်ရှေ့နေ၏ ဝန်ဆောင်ခ ချီးမြှင့်ငွေကို လျှော့ချနိုင်သည် -

- လုပ်ငန်းစဉ်တစ်လျှောက်လုံးအတွင်း သင် သို့မဟုတ် သင့်ရှေ့နေသည် အငြင်းပွားမှုအား နောက်ဆုံးဖြေရှင်းခြင်းကို သင့်လျော်မှုမရှိစွာဖြင့် နှောင့်နှေးစေခဲ့ပါက
- သင့်အကျိုးဆောင်ကိုယ်စားလှယ်ရှေ့နေ၏ ဝန်ဆောင်ခပမာဏသည် လူထုအသိုင်းအဝိုင်းအတွင်း သင့်လျော်စွာနှိုင်းယှဉ်နိုင်သော စွမ်းရည်၊ ဂုဏ်သိက္ခာနှင့် အတွေ့အကြုံရှိသည့် အကျိုးဆောင်ကိုယ်စားလှယ်ရှေ့နေများမှ အလားတူ ဝန်ဆောင်မှုများအတွက် သတ်မှတ်ထားရှိသော လက်ရှိပုံမှန်နှုန်းထားထက် အလွန်အမင်း မြင့်မားနေပါက
- ဆောင်ရွက်ခဲ့သော လုပ်ဆောင်မှု သို့မဟုတ် လုပ်ငန်းစဉ်၏ သဘောသဘာဝအရ သင်သုံးစွဲခဲ့သည့် အချိန်နှင့် ရရှိခဲ့သော တရားရေးရာဝန်ဆောင်မှုများသည် လိုအပ်သည်ထက် (အလွန်) များပြားနေပါက

- သင့်ရှေ့နေသည် သင့်တိုင်ကြားချက် အသိပေးစာတွင် ပညာရေးအေဂျင်စီထံသို့ သင့်လျော်သော အချက်အလက်ကို မပေးခဲ့ပါက

ပြည်နယ် သို့မဟုတ် ပညာရေးအေဂျင်စီသည် လုပ်ဆောင်မှု သို့မဟုတ် လုပ်ငန်းစဉ်၏ နောက်ဆုံးဖြေရှင်းခြင်းကို သင့်လျော်မှုမရှိစွာဖြင့် နှောင့်နှေးစေခဲ့ကြောင်း သို့မဟုတ် IDEA ၏ လုပ်ထုံးလုပ်နည်းဆိုင်ရာ အကာအကွယ်များကို ချိုးဖောက်ခဲ့ကြောင်း တရားရုံးမှ တွေ့ရှိပါက ဤအထက်ပါအချက်များမှ မည်သည့်အချက်မျှ သက်ဆိုင်မည် မဟုတ်ပါ။

# စည်းကမ်းချမှတ်ခြင်း (Discipline)

## မသန်စွမ်းကလေးများအတွက် စည်းကမ်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

အချို့သော အခြေအနေများတွင် ပညာရေးအေဂျင်စီသည် သင့်ကလေးအား သူ သို့မဟုတ် သူမ၏ လက်ရှိပညာရေးဆိုင်ရာ နေရာချထားမှုမှ ဆိုင်းငံ့ထား၊ ထုတ်ပယ်ထား သို့မဟုတ် အခြားနည်းဖြင့် ဖယ်ရှားပြီးသည့်နောက်ပိုင်းတွင်ပင်လျှင် သင့်ပညာရေးအေဂျင်စီသည် သင့်မသန်စွမ်းကလေးအား အထူးပညာရေး ဝန်ဆောင်မှုများ ဆက်လက်ပေးဆောင်ရန် လိုအပ်နိုင်သည် (သူ သို့မဟုတ် သူမ၏ လက်ရှိပညာရေး နေရာချထားမှုဆိုင်ရာ နောက်ထပ်အချက်အလက်များအတွက် သင့်ကလေး၏ IEP ကိုကြည့်ပါ)။

### ပညာရေးဆိုင်ရာ နေရာချထားမှုနှင့် အစားထိုးနည်းလမ်းများ (EDUCATIONAL PLACEMENT AND ALTERNATIVES)

သင့်ကလေးသည် ပညာရေးအေဂျင်စီ စည်းမျဉ်းများကို ချိုးဖောက်မှုအတွက် သူ သို့မဟုတ် သူမ၏လက်ရှိ ပညာရေးဆိုင်ရာနေရာချထားမှုမှ ကျောင်းဖွင့်ရက် 10 ရက်အောက် ဆက်တိုက် ဖယ်ရှားခံရပါက ပညာရေးအေဂျင်စီသည် ထိုကာလအတွင်း သင့်ကလေးအား အထူးပညာရေး ဝန်ဆောင်မှုများ ပေးဆောင်ရန် မလိုအပ်ပါ။ သင့်ကလေးသည် ကျောင်းမှ *ကျောင်းဖွင့်ရက် 10 ရက်ထက်ပိုပြီး* ဆက်တိုက် ဖယ်ရှားခံရပါက ၎င်းသည် အခြားပညာရေးဆိုင်ရာ ပတ်ဝန်းကျင်တစ်ခု (ဥပမာအားဖြင့်၊ အခြားစာသင်ခန်း၊ အဆောက်အဦ သို့မဟုတ် ကျောင်းသား၏ အိမ်) တွင်ရှိနေလျှင်ပင် ကျောင်းသည် သင့်ကလေးအား အထူးပညာရေး ဝန်ဆောင်မှုများ ဆက်လက်ပေးဆောင်ရမည်။

တူညီသောစာသင်နှစ်တစ်ခုတည်းတွင် ပညာရေးအေဂျင်စီမှ သင့်ကလေးအား သူ သို့မဟုတ် သူမ၏ လက်ရှိနေရာချထားမှုမှ ကျောင်းဖွင့်ရက် 10 ရက်ထက်ပို၍ ဆက်တိုက် ဖယ်ရှားပါက ၎င်းသည် သင့်ကလေး၏ ပညာရေးဆိုင်ရာနေရာချထားမှု ပြောင်းလဲခြင်းအဖြစ် သတ်မှတ်သည်။

ပညာရေးအေဂျင်စီသည် သင့်ကလေးအား လက်ရှိပညာရေးဆိုင်ရာ နေရာချထားမှုမှ သီးခြားဖြစ်သော ကာလများတွင် (ဖယ်ရှားမှုဖြစ်စဉ်များ) ဖယ်ရှားပြီး ယင်းဖယ်ရှားမှုများပေါင်းခြင်းသည် စာသင်နှစ်တစ်ခုတွင် 10 ရက်ထက်ပိုနေပါက ကျောင်းအနေဖြင့် ထိုဖယ်ရှားမှုများသည် သင့်ကလေး၏ ပညာရေးဆိုင်ရာနေရာချထားမှု ပြောင်းလဲမှုအဖြစ် အကျုံးဝင်ကြောင်း သတ်မှတ်ရမည်။

ဤသို့ဆုံးဖြတ်ရာတွင် ကျောင်းသည် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရမည် -

- သင့်ကလေးဖယ်ရှားခံရသော အကြိမ်တစ်ကြိမ်စီ၏ ကာလအပိုင်းအခြား
- သင့်ကလေးဖယ်ရှားခံရသော စုစုပေါင်းအချိန်
- ဖယ်ရှားမှုများသည် တစ်ခုနှင့်တစ်ခု မည်မျှနီးကပ်စွာရှိခဲ့သနည်း
- သင့်ကလေး ဖယ်ရှားခံခဲ့ရသော ယခင်အဖြစ်အပျက်များမှ သူ သို့မဟုတ် သူမ၏ ပြုမူပုံနှင့် (ယခု)သင့်ကလေး၏ ပြုမူပုံ ဆင်တူမှု

သင့်ကလေးသည် ကျောင်းစည်းကမ်းများကို မလိုက်နာသောကြောင့် ကလေး၏ ပညာရေးဆိုင်ရာနေရာချထားမှုကို ပြောင်းလဲသည့်အခါ ပညာရေးအေဂျင်စီ၊ မိဘနှင့် မိဘနှင့် ပညာရေးအေဂျင်စီတို့မှ သတ်မှတ်ထားသည့် IEP အဖွဲ့၏ သက်ဆိုင်ရာ အဖွဲ့ဝင်များသည် အပြုအမူဖော်ထုတ်ဆုံးဖြတ်ခြင်း ပြန်လည်သုံးသပ်မှု (manifestation determination review) ပြုလုပ်ရန် တွေ့ဆုံရမည်။ အပြုအမူဖော်ထုတ်ဆုံးဖြတ်ခြင်း ပြန်လည်သုံးသပ်မှု (manifestation determination review) ၏ ရည်ရွယ်ချက်မှာ သင့်ကလေး၏ အပြုအမူသည် သင့်ကလေး၏ မသန်စွမ်းမှုကြောင့် ဖြစ်ပေါ်ခြင်း ဟုတ်၊ မဟုတ် သို့မဟုတ် သင့်ကလေး၏ မသန်စွမ်းမှုနှင့် တိုက်ရိုက်နှင့် သိသာထင်ရှားသော ဆက်နွယ်မှုရှိ၊ မရှိ ဆုံးဖြတ်ရန်ဖြစ်သည်။



## အပြုအမူဖော်ထုတ်ဆုံးဖြတ်ခြင်း (Manifestation Determination)

သင့်ကလေး၏ ပညာရေးဆိုင်ရာနေရာချထားမှုကို စည်းကမ်းဆိုင်ရာ အကြောင်းပြချက်ဖြင့် ပြောင်းလဲမည့်အချိန်မတိုင်မီ ပညာရေးအေဂျင်စီသည် သင့်ကလေး၏ အခွင့်အရေးများကို ကာကွယ်ရန် အချို့သော ကိစ္စရပ်များကို လုပ်ဆောင်ရမည်။ ကိစ္စရပ်တစ်ခုမှာ အပြုအမူဖော်ထုတ်ဆုံးဖြတ်ခြင်း ပြန်လည်သုံးသပ်မှု အစည်းအဝေးကို ကျင်းပရန်ဖြစ်သည်။ ဤအစည်းအဝေးသည် သင့်ကလေး၏ အပြုအမူသည် သင့်ကလေး၏ မသန်စွမ်းမှုကြောင့် ဖြစ်ပေါ် ခြင်း ဟုတ်၊ မဟုတ် သို့မဟုတ် သင့်ကလေး၏ မသန်စွမ်းမှုနှင့် တိုက်ရိုက်နှင့် သိသာထင်ရှားသော ဆက်နွယ်မှုရှိ၊ မရှိ ဆုံးဖြတ်ရန်ဖြစ်သည်။ တစ်နည်းအားဖြင့် သင့်ကလေး၏ အပြုအမူသည် ၎င်း၏ မသန်စွမ်းမှုကြောင့် ဖြစ်ပေါ်လာခြင်းဟုတ်ပါသလား။ ကျောင်းသား၏ IEP အဖွဲ့သည် ပညာရေးဆိုင်ရာနေရာချထားမှု ပြောင်းလဲရန် မည်သည့်ဆုံးဖြတ်ချက်မဆို ချမှတ်သည့်နေ့မှ ကျောင်းဖွင့်ရက် 10 ရက်အတွင်း သင့်ကလေး၏ အပြုအမူသည် မသန်စွမ်းမှုကြောင့် ဖြစ်ပေါ်လာခြင်းဟုတ်၊ မဟုတ် ဆုံးဖြတ်မည်ဖြစ်သည်။

### အပြုအမူဖော်ထုတ်ဆုံးဖြတ်ခြင်း ပြန်လည်သုံးသပ်မှု အစည်းအဝေး (THE MANIFESTATION DETERMINATION REVIEW MEETING)

အပြုအမူဖော်ထုတ်ဆုံးဖြတ်ခြင်း ပြန်လည်သုံးသပ်မှု အစည်းအဝေးတွင် သင်နှင့် IEP အဖွဲ့၏ အခြားအဖွဲ့ဝင်များသည် သင့်ကလေး၏ IEP၊ ဆရာများ၏ လေ့လာတွေ့ရှိချက်များနှင့် သင်ပေးထားသည့် သက်ဆိုင်သော မည်သည့်အချက်အလက်မဆို အပါအဝင် သက်ဆိုင်ရာ အချက်အလက်များကို ပြန်လည်သုံးသပ်ကြသည်။

အပြုအမူသည် သင့်ကလေး၏ မသန်စွမ်းမှု၏ ဖော်ထုတ်ပြသခြင်း (manifestation) တစ်ခုဖြစ်ပါက IEP အဖွဲ့မှ နေရာချထားမှု ပြောင်းရွှေ့ရန် သဘောတူညီခြင်းမရှိပါက သင့်ကလေးအား ဖယ်ရှားခံခဲ့ရသော နေရာသို့ ပြန်လည်ပို့ဆောင်ပေးမည်ဖြစ်သည်။

သင့်ကလေး၏ အပြုအမူသည် မသန်စွမ်းမှု၏ ဖော်ထုတ်ပြသခြင်း (manifestation) တစ်ခုဖြစ်ကြောင်း တွေ့ရှိပါက IEP အဖွဲ့သည် အောက်ပါတို့ကို ဆောင်ရွက်ရမည် -

1. ရက်ပေါင်း 10 ရက် အတွင်း လုပ်ဆောင်ချက်ဆိုင်ရာ အပြုအမူ အကဲဖြတ်မှုတစ်ခုကို စတင်ပြီး အမြန်ဆုံး ပြီးစီးအောင်ဆောင်ရွက်ရမည်။ လုပ်ဆောင်ချက်ဆိုင်ရာ အပြုအမူ အကဲဖြတ်မှုသည် သင့်ကလေး၏ အပြုအမူကို ပြန်လည်သုံးသပ်ခြင်းဖြစ်ပြီး သင့်ကလေး၏ ပတ်ဝန်းကျင်တွင် မသင့်လျော်သော အပြုအမူကို မည်သည့်အရာက လှုံ့ဆော်ပေးသည်ကို ဆုံးဖြတ်ရန်အတွက် အသုံးပြုသည့်အပြင် သင့်ကလေးအား အပြုသဘောဆောင်သော ရလဒ်များနှင့် တုံ့ပြန်ချက်များ ရရှိစေရန် မည်သည့်အစားထိုး အပြုအမူများ သင်ကြားပေးရန် လိုအပ်မည်ကိုလည်း ဆုံးဖြတ်ရန်ဖြစ်သည်၊ နှင့်
2. လုပ်ဆောင်ချက်ဆိုင်ရာ အပြုအမူ အကဲဖြတ်မှု ပြီးစီးပြီးဖြစ်ပြီး လက်ရှိစည်းကမ်းချမှတ်ခြင်းနှင့် ဆက်စပ်နေပါက သင့်ကလေးအတွက် အပြုအမူဆိုင်ရာ လေ့ကျင့်သင်ကြားခြင်း (intervention) အစီအစဉ်တစ်ခုကို စတင်ရမည် (အပြုအမူဆိုင်ရာ လေ့ကျင့်သင်ကြားခြင်း အစီအစဉ်သည် ကျောင်းအတွက် မသင့်လျော်သော အပြုအမူများနှင့် ကျောင်းအနေဖြင့် ၎င်းတို့ကို လျှော့ချရန် ကြိုးပမ်းမည့် သီးခြားနည်းလမ်းများကို ကိုင်တွယ်ဖြေရှင်းပေးသည်)၊ သို့မဟုတ်

3. အပြုအမူဆိုင်ရာ လေ့ကျင့်သင်ကြားခြင်း အစီအစဉ်တစ်ခု ရှိပြီးသားဖြစ်ပါက ထိုအစီအစဉ်ကို ပြန်လည်သုံးသပ်ပြီး လိုအပ်သော မည်သည့်ပြောင်းလဲမှုများကိုမဆို ရက်ပေါင်း 10 အတွင်း ပြုလုပ်ရမည်။

## ယာယီအစားထိုး (ယာယီ နှင့် ကွဲပြားသော) ပညာရေးဆိုင်ရာပတ်ဝန်းကျင်

သင့်ကလေးအား ယာယီအစားထိုးပညာရေးပတ်ဝန်းကျင် (IAES) တွင် နေရာချရန် ဆုံးဖြတ်ချက်ကို သင့်ကလေး၏ IEP အဖွဲ့မှ ချမှတ်သည်။ IAES သည် သင့်ကလေးအား အထူးပညာရေးရရှိရန် ကွဲပြားပြီး ယာယီဖြစ်သော နေရာချထားမှုတစ်ခုဖြစ်သည်။ IEP အဖွဲ့မှ သင့်ကလေးအနေဖြင့် ကျောင်းစည်းမျဉ်းတစ်ခုကို ချိုးဖောက်ခဲ့သောကြောင့် သင့်ကလေး၏ နေရာချထားမှုကို IAES သို့ ပြောင်းရန် ဆုံးဖြတ်ချက်ချသည့်နေ့တွင် ပညာရေးအေဂျင်စီသည် ထိုဆုံးဖြတ်ချက်ကို သင့်အား အကြောင်းကြားရမည်ဖြစ်ပြီး အထူးပညာရေးတွင် မိဘများ၏ အခွင့်အရေးလမ်းညွှန်ကို သင့်အား ပေးအပ်ရမည်။

သင့်ကလေး၏ အပြုအမူသည် သင့်ကလေး၏ မသန်စွမ်းမှုကြောင့် ဖြစ်ပေါ်ခဲ့သည်ဆိုလျှင်ပင် သင့်ကလေးတွင် အောက်ပါအချက်များရှိပါက ပညာရေးအေဂျင်စီသည် သင့်ကလေးအား IAES သို့ ကျောင်းဖွင့်ရက် 45 ရက်အထိ ဖယ်ရှားနိုင်သည် -

- လက်နက်တစ်ခုခု သယ်ဆောင်ခြင်း
- သိလျက်နှင့် တရားမဝင် မူးယစ်ဆေးဝါးများ ပိုင်ဆိုင်ခြင်း သို့မဟုတ် အသုံးပြုခြင်း၊ သို့မဟုတ် ထိန်းချုပ်ထားသော ပစ္စည်း (ဥပမာ၊ စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါး) ရောင်းချခြင်း သို့မဟုတ် ဝယ်ယူရန် သို့မဟုတ် ရောင်းချရန် ကြိုးစားခြင်း
- အခြား တစ်စုံတစ်ယောက်အား ပြင်းထန်သော ကိုယ်ခန္ဓာဒဏ်ရာ ရစေခဲ့ခြင်း

ဤအချက်သည် ယေဘုယျအားဖြင့် သင့်ကလေးသည် ထိုအပြုအမူကို ကျောင်းသွားလမ်းတွင်၊ ကျောင်းတွင်၊ ကျောင်း၏လုပ်ငန်းဆောင်တာ တစ်ခုခုတွင် ပြုမူခဲ့ခြင်း ရှိ၊ မရှိနှင့် သက်ဆိုင်ပါသည်။

သင့်ကလေး၏ အပြုအမူသည် *သင့်ကလေး၏ မသန်စွမ်းမှုကြောင့် တိုက်ရိုက်ဖြစ်ပေါ်ခဲ့ခြင်းမရှိပါက*မသန်စွမ်းမှု မရှိသော ကလေးတစ်ဦးအား စည်းကမ်းချမှတ်မည့် တူညီသော ကာလအတိုင်းအတာအတိုင်း သင့်ကလေးအား IAES တွင် နေရာချထားနိုင်သည်။

သင့်ကလေး၏ အပြုအမူသည် *သင့်ကလေး၏ မသန်စွမ်းမှုနှင့် တိုက်ရိုက်ဆက်စပ်နေပြီး သို့မဟုတ် တိုက်ရိုက်ဖြစ်ပေါ်စေခဲ့ပြီး* သင့်ကလေးသည် ကျောင်းစည်းမျဉ်းများကို ချိုးဖောက်ခဲ့ပါက အပြုအမူဆိုင်ရာ လေ့ကျင့်သင်ကြားခြင်း အစီအစဉ် သို့မဟုတ် IEP ပြောင်းလဲမှု၏ အစိတ်အပိုင်းအဖြစ် နေရာချထားမှု ပြောင်းရွှေ့ရန် သင်နှင့် ပညာရေးအေဂျင်စီတို့ သဘောတူညီမှုမရခဲ့ပါက သင့်ကလေးအား ဖယ်ရှားခံခဲ့ရသော ပညာရေးနေရာပတ်ဝန်းကျင်သို့ ပြန်လည်ပို့ဆောင်ရမည်။

သို့ရာတွင် ပညာရေးအေဂျင်စီမှ သင့်ကလေးအား သူ သို့မဟုတ် သူမ၏ လက်ရှိပညာရေးဆိုင်ရာနေရာချထားမှုတွင် (သင့်ကလေး၏ IEP အတိုင်း) ဆက်လက်ထားရှိခြင်းသည် သင့်ကလေး သို့မဟုတ် အခြားသူများအား ထိခိုက်ဒဏ်ရာရစေရန် အလွန်ဖြစ်နိုင်ခြေရှိသည်ဟု ယုံကြည်ပါက ဤစိုးရိမ်ပူပန်မှုကို ဆွေးနွေးရန် ပညာရေးအေဂျင်စီအနေဖြင့် IEP အစည်းအဝေးတစ်ခု ခေါ်ယူနိုင်သည်။ သင်နှင့် ပညာရေးအေဂျင်စီတို့သည် နေရာချထားမှုပြောင်းရွှေ့ခြင်းနှင့် ပတ်သက်၍ သဘောမတူညီပါက ပညာရေးအေဂျင်စီသည် အရှိန်မြှင့် တရားဝင်လုပ်ထုံးလုပ်နည်းအရ ကြားနာခြင်းတစ်ခုကို တောင်းဆိုနိုင်သည် — တစ်နည်းအားဖြင့် ပိုမိုမြန်ဆန်သော ဖြေရှင်းချက်တစ်ခုအတွက် အရှိန်မြှင့်ဆောင်ရွက်မည့် တရားဝင်လုပ်ထုံးလုပ်နည်းအရ ကြားနာခြင်းတစ်ခုကို တောင်းဆိုနိုင်သည် (စာမျက်နှာ 25 တွင် အရှိန်မြှင့် တရားဝင်လုပ်ထုံးလုပ်နည်းအရ လုပ်ငန်းစဉ်ကို ကြည့်ပါ)။

### သင့်ကလေး၏ အပြုအမူသည် သံသယဖြစ်ဖွယ် မသန်စွမ်းမှုကြောင့် ဖြစ်သောအခါ

သင့်ကလေးတွင် IEP မရှိပါက သင့်ကလေးသည် ကျောင်းစည်းမျဉ်းကို ချိုးဖောက်မှုမပြုမီ အောက်ပါအချက်များထဲမှ တစ်ခုခု ဖြစ်ပွားခဲ့ပါက သင်သည် သင့်ကလေးအား မသန်စွမ်းကလေးအဖြစ် သဘောထားပေးရန် ကျောင်းအား တောင်းဆိုနိုင်သည် -

- သင်သည် ကျောင်း၏ စီမံခန့်ခွဲရေးဆိုင်ရာဝန်ထမ်းများ သို့မဟုတ် သင့်ကလေး၏ဆရာထံ သင့်ကလေးသည် အထူးပညာရေးဝန်ဆောင်မှုများ လိုအပ်နိုင်သည်ဟု ထင်မြင်ကြောင်း စာဖြင့် ပြောကြားခဲ့ပါက သို့မဟုတ်
- သင်သည် သင့်ကလေးအတွက် အကဲဖြတ်မှုတစ်ခု တောင်းဆိုခဲ့ပါက သို့မဟုတ်
- သင့်ကလေး၏ ဆရာ သို့မဟုတ် အခြားကျောင်းဝန်ထမ်းတစ်ဦးသည် သင့်ကလေး၏ အပြုအမူပုံစံနှင့် ပတ်သက်၍ သီးခြားစိုးရိမ်ပူပန်မှုများကို အထူးပညာရေး ဒါရိုက်တာ သို့မဟုတ် အခြားကြီးကြပ်ရေးဝန်ထမ်းများထံ တိုက်ရိုက်ပြောကြားခဲ့ပါက။
- သင့်ကလေးအား အထူးပညာရေးအတွက် အကဲဖြတ်ရန် သင့်ပညာရေးအေဂျင်စီအား ခွင့်ပြုချက်ပေးရန်အတွက် သင်ငြင်းဆန်ထားပါက သင့်ပညာရေးအေဂျင်စီအနေဖြင့် သင့်ကလေးအား မသန်စွမ်းကလေးအဖြစ် သဘောထားပေးရန် မျှော်လင့်ထားခြင်း မရှိပါ။ သင့်ကလေးအတွက် အထူးပညာရေးနှင့် သက်ဆိုင်ရာဝန်ဆောင်မှုများကို သင်ငြင်းဆန်ခဲ့သည်ဖြစ်ကြောင်း သို့မဟုတ် သင့်ကလေးအား အကဲဖြတ်ခံပြီး အဖွဲ့မှ သင့်ကလေးတွင် မသန်စွမ်းမှု မရှိဟု ဆုံးဖြတ်ခဲ့သည်ဖြစ်ကြောင်း မှန်ကန်ပါက။ ပညာရေးအေဂျင်စီသည် တူညီသောပုံစံအတိုင်းပြုမူသည့် မသန်စွမ်းမှုမရှိသော ကျောင်းသားများအား စည်းကမ်းချမှတ်သည့် နည်းလမ်းအတိုင်း သင့်ကလေးအား စည်းကမ်းချမှတ်နိုင်သည်။



Ohio Department of Education & Workforce

## ပညာရေးဆိုင်ရာနေရာချထားမှု ပြောင်းလဲခြင်း သို့မဟုတ် အပြုအမူဖော်ထုတ်ဆုံးဖြတ်ခြင်း ပြန်လည်သုံးသပ်မှု ကြားနာခြင်း၏ တွေ့ရှိချက်များကို သင် သဘောမတူပါက

သင့်ကလေး၏ စည်းကမ်းဆိုင်ရာ အကြောင်းပြချက်ဖြင့် လက်ရှိပညာရေးဆိုင်ရာနေရာချထားမှုကို ပြောင်းလဲရန် ဆုံးဖြတ်ချက်အား သို့မဟုတ် အပြုအမူဖော်ထုတ်ဆုံးဖြတ်ခြင်း ပြန်လည်သုံးသပ်မှု၏ တွေ့ရှိချက်များအား စောဒကတက်ရန် (challenge) အရှိန်မြှင့် တရားဝင်လုပ်ထုံးလုပ်နည်းအရ ကြားနာခြင်းတစ်ခုကို သင်တောင်းဆိုနိုင်သည် (စာမျက်နှာ 25 ရှိ တရားဝင်လုပ်ထုံးလုပ်နည်းအရ လုပ်ငန်းစဉ် အချက်အလက်များကို ကြည့်ပါ)။ သမာသမတ်ကျသော ကြားနာရေးအရာရှိသည် ပညာရေးအေဂျင်စီအနေဖြင့် သင့်ကလေး၏ နေရာချထားမှုကို ပြောင်းလဲသည့်အခါ လိုအပ်ချက်များကို လိုက်နာခဲ့ခြင်း ရှိ၊ မရှိ သို့မဟုတ် သင့်ကလေး၏ အပြုအမူသည် သင့်ကလေး၏ မသန်စွမ်းမှု၏ ဖော်ထုတ်ပြသခြင်းတစ်ခု ဖြစ်၊ မဖြစ်အား ပညာရေးအေဂျင်စီမှ သက်သေပြခဲ့ခြင်း ရှိ၊ မရှိကို အရှိန်မြှင့် တရားဝင်လုပ်ထုံးလုပ်နည်းအရ ကြားနာခြင်းတစ်ခုအတွင်း ဆုံးဖြတ်မည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း သင့်ကလေး၏ နေရာချထားမှုကို ဆက်လက်ထားရှိခြင်းသည် သင့်ကလေး သို့မဟုတ် အခြားသူများအား ထိခိုက်ဒဏ်ရာရစေရန် အလွန်ဖြစ်နိုင်ခြေရှိသည်ဟု ပညာရေးအေဂျင်စီမှ ယုံကြည်ပါက ပညာရေးအေဂျင်စီသည် အရှိန်မြှင့် တရားဝင်လုပ်ထုံးလုပ်နည်းအရ ကြားနာခြင်းတစ်ခုကို တောင်းဆိုနိုင်သည် (စာမျက်နှာ 25 တွင် အရှိန်မြှင့် တရားဝင်လုပ်ထုံးလုပ်နည်းအရ လုပ်ငန်းစဉ်ကို ကြည့်ပါ)။

# အများပြည်သူငွေကြေးထောက်ပံ့သော ပုဂ္ဂလိကကျောင်းတွင် မသန်စွမ်းကလေးများအား မိဘများမှ ပုဂ္ဂိုလ်ရေးဆန္ဒအလျောက် နေရာချထားခြင်း (Unilateral Placement of Children with Disabilities by Parents in a Private School at Public Expense)

## ငွေပြန်ထုတ်ပေးခြင်း ဆုံးဖြတ်ရေး လုပ်ငန်းစဉ် (Reimbursement Determination Process)

သင့်အနေဖြင့် သင့်ကလေးအား ပုဂ္ဂလိကကျောင်းတွင် နေရာချထားရန် ရွေးချယ်ပါက ပညာရေးအေဂျင်စီသည် သင့်ကလေးအား သင့်လျော်သော အခမဲ့ အများပြည်သူဆိုင်ရာပညာရေး (FAPE) ကို ပညာရေးအေဂျင်စီတွင် ကမ်းလှမ်းထားသရွေ့ ပုဂ္ဂလိကကျောင်းရှိ ပညာရေး သို့မဟုတ် အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများ၏ ကုန်ကျစရိတ်ကို သင့်ပညာရေးအေဂျင်စီမှ ပေးချေရန် မလိုအပ်ပါ။ သင့်ပညာရေးအေဂျင်စီသည် သင့်ကလေးအား FAPE ပေးအပ်ရန် ပျက်ကွက်ခဲ့သည်ဟု သင် ယုံကြည်ပါက ကြားနာခြင်းတစ်ခုကျင်းပပြီး သမာသမတ်ကျသော ကြားနာရေးအရာရှိမှ ပညာရေးအေဂျင်စီသည် သင့်ကလေးအား FAPE ကမ်းလှမ်းခဲ့ခြင်း ရှိ၊ မရှိ ဆုံးဖြတ်ချက်ချမည့် တရားဝင်လုပ်ထုံးလုပ်နည်းအရ တိုင်ကြားချက်တင်သွင်းရန် သင် ရွေးချယ်နိုင်ပါသည် (စာမျက်နှာ 24 ရှိ တရားဝင်လုပ်ထုံးလုပ်နည်းအရ လုပ်ငန်းစဉ် အချက်အလက်များကို ကြည့်ပါ)။ တရားဝင်လုပ်ထုံးလုပ်နည်းအရ လုပ်ငန်းစဉ်အတွင်း သင့်ပညာရေးအေဂျင်စီသည် FAPE မပေးအပ်ခဲ့ဟု သမာသမတ်ကျသော ကြားနာရေးအရာရှိမှ ဆုံးဖြတ်ပါက ပုဂ္ဂလိကကျောင်းတွင် သင့်ကလေးအား စာရင်းသွင်းရန် ကုန်ကျငွေအတွက် သင့်တွင် ပြန်လည်ထုတ်ပေးခံရရန် (ပြန်လည်ပေးချေခြင်းခံရရန်) အခွင့်အရေး ရှိသည်ဟု ကြားနာရေးအရာရှိက ဆုံးဖြတ်နိုင်သည်။

### ငွေပြန်ထုတ်ပေးမှု လျှော့ချခြင်း သို့မဟုတ် ဆုံးရှုံးခြင်း (REDUCTION OR FORFEITURE OF REIMBURSEMENT)

အောက်ပါအချက်တစ်ခုခု ဖြစ်ပွားပါက ပညာရေးအေဂျင်စီသည် သင့်အား ငွေမည်မျှပြန်လည်ထုတ်ပေးရန် လိုအပ်သည်ကို လျှော့ချနိုင်သည် သို့မဟုတ် သင်သည် ငွေပြန်ထုတ်ပေးမှုအား လုံးဝဆုံးရှုံးနိုင်သည် -

- သင့်အနေဖြင့် သင့်ကလေးအား ကျောင်းမှ မဖယ်ရှားမီ ကျင်းပခဲ့သော IEP အစည်းအဝေးတွင် IEP အဖွဲ့မှ အဆိုပြုထားသော ပညာရေးဆိုင်ရာ နေရာချထားမှုကို သင်လက်ခံမည်မဟုတ်ကြောင်းနှင့် သင့်စိုးရိမ်ချက်များနှင့် သင့်ကလေးအား ပုဂ္ဂလိကကျောင်းတစ်ခုတွင် စာရင်းသွင်းရန် စီစဉ်ထားကြောင်းကို ကျောင်းအား အသိပေးမထားခဲ့ပါက
- သင်သည် IEP ကို လက်ခံတော့မည်မဟုတ်ကြောင်းနှင့် သင့်ကလေးအား ပုဂ္ဂလိကကျောင်းတစ်ခုတွင် စာရင်းသွင်းရန် စီစဉ်ထားကြောင်းကို သင့်ကလေးအား ပညာရေးအေဂျင်စီမှ မရုပ်သိမ်းမီ အနည်းဆုံး ရုံးဖွင့်ရက် 10 ရက်ကြိုတင်၍ ကျောင်းသို့ စာဖြင့် အသိပေးခြင်း မပြုခဲ့ပါက (ဤရုံးဖွင့်ရက် 10 ရက်သည် စနေ၊ တနင်္ဂနွေမှအပ ကြားရက်များတွင်ကျရောက်သော အားလပ်ရက်များလည်း ပါဝင်ကြောင်း သတိပြုပါ)
- သင့်ကလေးအား ကျောင်းမှ ဖယ်ရှားမည့်အချိန်မတိုင်မီ ပညာရေးအေဂျင်စီမှ သင့်ကလေးအား အကဲဖြတ်ရန် စီစဉ်ထားကြောင်း သင့်အား သင့်လျော်သော စာဖြင့်အသိပေးချက် ပေးပို့ခဲ့ပြီး သင့်အနေဖြင့် သင့်ကလေးအား အကဲဖြတ်မှုအတွက် တက်ရောက်စေရန် မလုပ်ဆောင်ခဲ့ပါက
- တရားရုံးမှ သင်သည် သင့်တင်လျောက်ပတ်မှုမရှိစွာ လုပ်ဆောင်ခဲ့သည်ဟု ဆုံးဖြတ်ပါက

### ငွေပြန်ထုတ်ပေးခြင်းအား အကာအကွယ်ပေးခြင်း

အောက်ပါအချက်တစ်ခုခု ဖြစ်ပွားပါက ငွေပြန်ထုတ်ပေးခြင်း (သင့်အား ပြန်လည်ပေးချေရမည့် ပမာဏ) ကို လျှော့ချ၍ မရပါ သို့မဟုတ် သင့်အား ပြန်လည်ပေးချေမှုကို ငြင်းပယ်၍ မရပါ -

- ပညာရေးအေဂျင်စီသည် သင့်အား အသိပေးချက် ပြုလုပ်ရန် တားဆီးခဲ့ပါက
- ပညာရေးအေဂျင်စီသည် သင့်အနေဖြင့် အသိပေးချက် ပြုလုပ်ရန် လိုအပ်ကြောင်း မပြောကြားခဲ့ပါက
- အသိပေးချက် ပြုလုပ်ခြင်းသည် သင့်ကလေးအား ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုဖြစ်စေနိုင်ပါက

ထို့အပြင် အောက်ပါအချက်များကြောင့် ဤအသိပေးချက် ပြုလုပ်ရန် ပျက်ကွက်ခြင်းအတွက် ငွေပြန်လည်ထုတ်ပေးမှု ကုန်ကျစရိတ်ကို သင့်အား လျှော့ချ၍ မရနိုင်ကြောင်း သို့မဟုတ် ငြင်းပယ်၍ မရနိုင်ကြောင်း တရားရုံး သို့မဟုတ် ကြားနာရေးအရာရှိမှ တွေ့ရှိပါက -

- သင်သည်  အင်္ဂလိပ်စာဖြင့် မဖတ်နိုင် သို့မဟုတ် မရေးနိုင်ပါက သို့မဟုတ်
- အသိပေးချက် ပြုလုပ်ခြင်းသည် သင့်ကလေးအား ပြင်းထန်သော စိတ်ခံစားမှုဆိုင်ရာ ထိခိုက်မှုဖြစ်စေနိုင်ပါက

# မသန်စွမ်းကျောင်းသားများအတွက် ပညာသင်ဆုအစီအစဉ်များအကြောင်း မိဘများအား အသိပေးခြင်း (Parent Notification of Scholarship Programs for Students with Disabilities)

## မည်သည့်အချိန်တွင် အသိပေးချက်ထုတ်ပြန်သနည်း (When Notification Happens)

ပညာရေးအေဂျင်စီသည် မသန်စွမ်းကလေး တစ်ဦးအတွက် အကဲဖြတ်မှု ပြီးစီးသည့်အခါတိုင်း သို့မဟုတ် ကလေး၏ IEP အား စတင်ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း စတင်သည့်အခါတိုင်း ပညာရေးအေဂျင်စီသည် Autism ပညာသင်ဆုအစီအစဉ်နှင့် Jon Peterson ပညာသင်ဆုအစီအစဉ်အကြောင်း သင့်အားပြောပြရမည်။

### Autism ပညာသင်ဆု အစီအစဉ် (AUTISM SCHOLARSHIP PROGRAM)

Autism ပညာသင်ဆု အစီအစဉ်ဆိုင်ရာ အချက်အလက်များအတွက် Ohio ပြည်နယ် ပညာရေးနှင့် အလုပ်သမားအင်အားရေးရာဌာန၏ ဝက်ဘ်ဆိုဒ် education.ohio.gov သို့ သွားရောက်ကာ ရှာဖွေရေးနေရာ (search box) တွင် ***Autism Scholarship Program*** ဟု ရိုက်ထည့်ပါ သို့မဟုတ် autismscholarship@education.ohio.govသို့ အီးမေးလ်ပို့ပါ။

### Jon Peterson အထူးလိုအပ်ချက်ရှိသူများ ပညာသင်ဆု အစီအစဉ် (JON PETERSON SPECIAL NEEDS SCHOLARSHIP PROGRAM)

သင့်ကလေးသည် အထူးပညာရေး ဝန်ဆောင်မှုများ ရရှိနေပါက Jon Peterson အထူးလိုအပ်ချက်ရှိသူများ အစီအစဉ်အတွက် သင်အရည်အချင်းပြည့်မီနိုင်သည်။

Jon Peterson အထူးလိုအပ်ချက်ရှိသူများ ပညာသင်ဆု အစီအစဉ်ဆိုင်ရာ အချက်အလက်များအတွက်, Ohio ပြည်နယ် ပညာရေးနှင့် အလုပ်သမားအင်အားရေးရာဌာန၏ ဝက်ဘ်ဆိုဒ် education.ohio.gov သို့ သွားရောက်ကာ ရှာဖွေရေးနေရာ (search box) တွင် ***Jon Peterson Scholarship*** ဟု ရိုက်ထည့်ပါ သို့မဟုတ် peterson.scholarship@education.ohio.govသို့ အီးမေးလ်ပို့ပါ။

**ထပ်ဆောင်းအချက်အလက်များ**

ပညာသင်ဆုအစီအစဉ်များဆိုင်ရာ အချက်အလက်များကို Ohio ပြည်နယ် ပညာရေးနှင့် အလုပ်သမားအင်အားရေးရာဌာန၏ ဝက်ဘ်ဆိုဒ် education.ohio.govတွင် ရရှိနိုင်ပါသည်။

ဤပညာသင်ဆုအစီအစဉ်များဆိုင်ရာ နောက်ထပ်အချက်အလက်များ သို့မဟုတ် မေးခွန်းများအတွက် အများပြည်သူဆိုင်ရာမဟုတ်သောရုံး (Office of Nonpublic) သို့ ဆက်သွယ်ပါ။
ဖုန်းနံပါတ် (614) 466-5743 သို့မဟုတ် အခမဲ့ဖုန်း (877) 644-6338 တွင်ခေါ်ဆိုနိုင်သော ပညာရေးဆိုင်ရာ ရွေးချယ်စရာများ။